
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူ
င်မောင်မြင့်အေး (မြဲ–၀၄၁၀၀)
လာဘ်မိုးစွေစာပေ

ပုံနှိပ်သူ
ဦးစည်သူကိုကို (မြဲ–၁၀၉၈၁)
တော်ဝင်ထွန်းပုံနှိပ်တိုက်

| | |
|---|---|
| အုပ်ရေ | ၁၀၀၀ အုပ် |
| တန်ဖိုး | ၁၃၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | ယမုံစိုး |
| ကွန်ပျူတာစာစီ | ဇာနည်မော် |
| မျက်နှာဖုံးသေး | EAGLE |
| အတွင်းသေး | ရာဇာမျိုးဝင်း |
| စာအုပ်ချုပ် | ဇာနည် |



ဖြန့်ချိရေး
အရှေ့ဘက်ကောင်းကင်စာပေ
အမှတ်(၂၈၄)၊ ပထမထပ်၊ လမ်း–၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–[illegible]

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ ဆံမိရဲ့ ဗူးကြီး........................စာမျက်နှာ – ၅
၂။ ကလေးမျိုးရဲ့ အချစ်........................စာမျက်နှာ – ၃၂
၃။ ကြိုးနှံ့ကကတဲ့ပွဲ........................စာမျက်နှာ – ၆၃
၄။ ဋိဌဲ........................စာမျက်နှာ – ၉၆
၅။ အင်းသရဲ့........................စာမျက်နှာ – ၁၂၅

www.burmeseclassic.com

www.burmeseclassic.com




ကျုပ်က တာတေပါ။

ကျုပ်က အထက်လမ်းဆရာလည်း မဟုတ်ဘူး။ အောက်လမ်းဆရာလည်း မဟုတ်ဘူး။ အဲ အလယ်အလတ်ဆရာလည်း မဟုတ်ဘူး။ အမှန်အတိုင်း ပြောရရင်တော့ တာတေ ဆိုတဲ့ ကျုပ်က အားကြီးစပ်စုချင်တဲ့ကောင်ဗျ။ ထူးထူးဆန်းဆန်းကိစ္စလေးတွေ့ဆိုရင် ကျုပ်က လွှတ်သိချင်တာ။ ကျုပ်မျက်စိနဲ့ကို တတ်အောင်မြင်ချင်တာဗျ။

www.burmeseclassic.com

www.burmeseclassic.com



တာတေ မကြောက်ဘူးလားလို့ မေးရင် ကြောက်တာပေါ့လို့ပဲ ဖြေရမှာပေါ့။ လူဆိုတာ ကြောက်တတ်တဲ့ အမျိုးလေဗျာ။ ဒီတော့ ကျုပ်လည်း ကြောက်တာပေါ့ဗျ။ ဒါပေမဲ့ ကျုပ်က ထူးထူးဆန်းဆန်းကိစ္စတွေဆိုရင် အရမ်းသိချင်၊ အရမ်းမြင်ချင်၊ အရမ်းစပ်စုချင်တော့ ကြောက်ရမှန်းလန့်ရမှန်းကို မသိတဲ့ကောင် ဖြစ်နေရောပေါ့ဗျာ။

အဲဒီဇီဇကြောင့်ပဲ မဖဲဝါရဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ ခွေးကြီးကို ကျုပ် မြင်ခဲ့ဖူးတာပေါ့ဗျာ။ အမှန်အတိုင်းပြောရရင်တော့ အဲဒီညက ကိစ္စကို လှုံ့ဆော်သူကတော့ ဘထစ်ပါပဲဗျ။ ဘထစ်ကိုတော့ ခင်ဗျားတို့ ကောင်းကောင်းသိနေကြရောပေါ့။ 'သူထာန်ကျောင်းက မောင်ဘထစ်'၊ 'သံလက်ဝါး မဖဲဝါ'၊ 'မရဏဆုံမှတ်' တွေမှာ ဘထစ်အကြောင်းကို ကျုပ် ရေးခဲ့ဖူးတယ်လေဗျာ။

ဘထစ်ရဲ့နာမည်ရင်းက ဘချစ်လေ။ ဒီကောင်က စကားအရမ်းထစ်လို့ ကျုပ်တို့က သူ့ကို ဘချစ်လို့ ခေါ်ကြတာပါ။

ဘထစ်က ငယ်ငယ်ကတည်းက မိဘတွေ မရှိကြတော့ ဘုန်းကြီးမွေးစားခဲ့တဲ့ ကောင်ဗျ။ သူ့ကို မွေးစားတဲ့ ဘဘုန်းက ဆေးထိုးပေးခဲ့တာ။ မျက်ခမ်းမှာပတ်ပြီးထိုးတဲ့ မျက်ကွင်းဆေးအောင်သွားပြီး ဒီကောင် တော်တော်ငယ်ငယ်ကတည်းက သရဲတစ္ဆေတွေကို မြင်ရတာဗျ။

သူ့ဆေးစောင့်ကိုပင့်ပြီး ကျုပ်ကိုတောင် အမြင်ဖွင့်ပေးလို့ မဖဲဝါကို ကျုပ် ကောင်းကောင်းမြင်ခဲ့ရတာလေဗျာ။ ဒီအကြောင်းတွေကို ခုနကပြောတဲ့ ဝတ္ထုတွေမှာ ကျုပ် ပြောခဲ့ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ပွေလီတော့မယ်ဆိုရင် ဒီကောင်က ကျုပ်ကို ကျောင်းရှေ့က ထနောင်းပင်အောက်မှာ စောင့်နေတော့တာဗျ။ အခုလည်း ညနေ ကျောင်းဆင်းချိန်မှာ လွယ်အိတ်ကလေး စလွယ်သိုင်းပြီး ကျုပ်ကို စောင့်နေတာဗျို့။ ဘထစ်က ပိန်ပိန်အကောင်ဗျ။ ခါးကလည်း နည်းနည်းကိုင်းတယ်။ သွားကလည်း ခပ်ခေါခေါနဲ့။ စကားပြောရင်လည်း ထစ်ချက်ကတော့ လွန်ရောဗျာ။

"ဟော့ကောင် ဘထစ်၊ မင်း ဘယ်သူ့ကို စောင့်နေတာတုံး"

"ငါ-ငါ-က ဘယ်-ဘယ်သူ့ကို စောင့်-စောင့်-ရ-ရမှာတုံး ကွ၊ မင်း-မင်း-ကို စောင့်-စောင့်-နေတာ-တာပေါ့"

ဒီကောင်က အ,ထစ် အ,ထစ်နဲ့ ပြန်ပြောတယ်ဗျ။(ဒါပေမဲ့ ရှေ့မှာတော့ ရိုးရိုးပဲ ကျုပ်ရေးပြမှာပါ။ ဘထစ်ရဲ့ ထစ်တဲ့ပုံစံနဲ့ရေးရင် ခင်ဗျားတို့ ဖတ်ရတာ အရသာပျက်မှာစိုးလို့လေ)

"အင်း ဘထစ်၊ မင်း တစ်ခုခု ပွေလီတော့မယ်ဆိုတာ ငါ သိနေပြီးသားပါကွာ"

"ဟော့ကောင် တာတေ၊ ငါ ဘာမှမပွေလီဘူး၊ မင်းကို သတင်းကောင်းပေးမလို့ကွ"

"ဟ သတင်းကောင်း ဟုတ်လား၊ ဒါဆိုရင် ပြောကွာ"

ဘထစ်က ဘေးဘီကို တစ်ချက်ကြည့်ပြီး အကဲခတ်လိုက်သေးတယ်ဗျ။ ကျောင်းသားတွေကတော့ လွယ်အိတ်ကလေးတွေ လွယ်ပြီး သူတို့ဟာသူတို့ ကျောင်းဆင်းသွားကြတာပါဗျာ။ ကျုပ်နဲ့ ဘထစ်ကို လှည့်တောင်မကြည့်ကြပါဘူး။

ဘထစ်က လူတွေကို အကဲခတ်ပြီး ကျော့ပ်တော့မှ-

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ၊ ငါတို့ သူသာန်ထဲကို အောက်လမ်းဆရာ တစ်ယောက် မနေ့က ရောက်လာတယ်ကွ"

"ဟေ အောက်လမ်းဆရာ ဟုတ်လား"

"အေး ဟုတ်တယ်၊ သုသာန်ဇရပ်ပေါ်မှာပဲနေတယ်၊ အဲဒီမှာပဲ စားသောက်ပြီး ညအိပ်တာကွ"

"ဟင် ဒီအောက်လမ်းဆရာက ဘာလာလုပ်တာတုံးကွ"

"တိုက်နွား လာလုပ်တာကွ"

"ဘာကွ၊ ဘာထစ် တိုက်နွား ဟုတ်လား"

"အေး ဟုတ်တယ်၊ သချိုင်းထဲကရှဲ့ကို တူးပြီးတော့ သူမှာ ပါလာတဲ့ အမှုန့်တွေနဲ့ ရောနယ်ပြီး တိုက်နွားအရုပ်ကလေး လုပ်တာကွ"

"နေပါဦး ဘာထစ်ရဲ့၊ တိုက်နွားဆိုတာက ဘာတုံးကွ"

"ဟာ တာတေရာ၊ မင်းမလည်း လည်ပုံလည်ပန်းနဲ့ တော်တော်အ,သေးတဲ့ကောင်ပဲ"

"အေးပါကွာ၊ ငါမှမသိတာ ပြောစမ်းပါဦး"

"တိုက်နွားဆိုတာ အောက်လမ်းဆရာတွေလုပ်တဲ့ အစီအရင်တစ်ခုပေါ့ကွ၊ သချိုင်းရှဲ့ရယ်၊ လူသေကို မီးသဂြိုဟ်တဲ့ပြာရယ်၊ နောက်ပြီးတော့ ဘီလူးမတံတွေးလို့ခေါ်တဲ့ မနက်အစောကြီး မြက်ပင်တွေ၊ သစ်ရွက်တွေမှာ ကပ်နေတဲ့ အမြှုပ်ဖြူဖြူတွေလေကွာ မင်း သိပါတယ်"

"အေး အေး ငါသိတယ်၊ ဩော် အဲဒါကို ဘီလူးမတံတွေးလို့ ခေါ်တာလား၊ အေး ဟုတ်တော့ ဟုတ်တယ်ကွ၊ ဒါတွေနဲ့ တော်

www.burmeseclassic.com

www.burmeseclassic.com



တော်တူတာ”

“အေး ဟုတ်ပြီ၊ ပြီးတော့ နီနီအမှုန့်တွေကွ”

“ဘာတုံးကွ၊ နီနီအမှုန့်က”

“အဲဒါကတော့ တော်တော်ကြောက်စရာကောင်းသားကွ”

“ဟေ ဘာဖြစ်လို့တုံး”

“အဲဒီနီနီမှုန့်တွေက ဘုရားပျက်တွေ မင်းမြင်ဖူးမှာပေါ့၊ အုတ်ခဲတွေ ပေါ်နေတာလေ”

“အေး မြင်ဖူးတာပေါ့ဟ”

“အဲဒီဘုရားပျက်ထဲက ပေါ်နေတဲ့ အုတ်ခဲကို ဖွဲ့ယူပြီး အမှုန့်ထောင်းထားတာမဟုတ်၊ အဲဒါကို အောက်လမ်းဆရာက ဘုရားချေးလို့ ခေါ်တယ်ကွ”

“ဟေ ဘုရားချေး၊ ဟုတ်လား၊ ကြုံကြုံဖန်ဖန်ကွာ”

“အေး သချိုင်းထဲက ရွှံ့ရယ်၊ လူသေပြာရယ်၊ ဘုရားချေးရယ်၊ ဘီလူးမတံတွေးရယ် ရောနယ်ပြီး နွားရုပ်ကလေး လုပ်တာကွ၊ အောင်မာ ဒီလူက နွားရုပ်လုပ်တာတော့ လွတ်လက်ရာမြောက်တာကွ၊ နှစ်လက်မလောက်ပဲမြင့်တဲ့ နွားရုပ်ကလေးမှာ ဂျိုရော၊ မျက်စိရော၊ နှာခေါင်းပေါက်ရော၊ ခွာကလေးတွေရော၊ ပြီးတော့ နွားထီးတစ်ကောင်ရဲ့ အင်္ဂါရော၊ အားလုံး အစုံပါအောင် လုပ်တာကွ။ ပြီးတော့မှ တစ်နေကုန် နေလှမ်းရတာ၊ နွားရုပ်ကလေး ခြောက်လာတော့ အက်ကြောင်းကလေးတွေ ထလာရင် သူဖော်ထားတဲ့ရွှံ့နဲ့ အသာကလေး ပွတ်ပွတ်ပေးတာ။ ညနေကျတော့ နွားရုပ်ကလေးက ခြောက်ပြီး အသားကလေးကို ကျစ်သွားတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ မင်းက ဘယ်လိုသိတာတုံး ဘထစ်ရ"

"မနေ့က ကျောင်းပိတ်တော့ ငါ ဘယ်မှမသွားဘဲ တစ်နေကုန် စောင့်ကြည့်နေတာလေကွာ၊ ဒီနေ့ ငါ ကျောင်းလာကာနီးတော့ သူ နွားကို ဆေးတောင်သုတ်နေပြီကွ"

"ဟေ ဟုတ်လား၊ ဘာရောင်သုတ်တာတုံးကွ"

"အနက်ရောင်ကွ၊ တစ်ကောင်လုံး နက်ပြောင်နေတာကွ၊ အဲဒါကို နေပြန်လှမ်းထားတယ်"

"ဩော် အဲဒီအောက်လမ်းဆရာရဲ့ နွားရုပ်ကလေးကို သိုက်ကြည့်ဖို့ ခေါ်မလို့လား၊ ဘထစ် တာတေဆိုတဲ့ကောင်က ရွာမှာ နွားမှုလုပ်တဲ့နေရာမှာ နံပါတ်တစ်ကွ၊ မင်းအောက်လမ်းဆရာလုပ်တဲ့ နွားထက် အများကြီးသာအောင် လုပ်ပြလိုက်ချင်သေးရော့ကွာ"

"ဟာ ဒီကောင်ဟာလေ၊ စကားကို ဆုံးအောင်ဖြင့် နားမထောင်ဘဲ စွတ်ပြောဖို့ပဲသိတယ်"

"ဟင် နွားရုပ်လိုက်ကြည့်စို့ ခေါ်တာမဟုတ်ဘူးလား"

"မင်းကို နွားရုပ်ကြည့်ဖို့တော့ ငါက ခေါ်မလားကွ တာတေရ၊ နွားရုပ်ဆိုတာ လူတိုင်း မြင်ဖူးတာပဲ၊ မင်း သေသေချာချာ နားထောင်၊ ဒီည အောက်လမ်းဆရာက သူ့နွားရုပ်ကို အသက်သွင်းတော့မှာတဲ့ကွ"

"ဟေ ဒီအရုပ်ကို အသက်သွင်းလို့ ရလို့လား"

"အေး အဲဒါကြောင့် မင်းကို ပြောတာပေါ့ကွ၊ အင်တာနက် ကြုံခဲ့တဲ့ကိစ္စကွ၊ မင်း စိတ်ဝင်စားရင် ဒီည ငါ့ဆီလာခဲ့လို့ ပြောမလို့"

"ဟာ စိတ်ဝင်စားတာပေါ့ကွ ဘထစ်ရ၊ ဒီနွားရုပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တို့ အသက်သွင်းလို့ရတယ်ဆိုရင်တော့ ဒီလူ တော်တော်ကို စွမ်းတာ ပဲနော် ဘထစ်"

"အေးပေါ့ကွ၊ ငါလည်း အဲဒါကို သိချင်နေတာပေါ့၊ ကဲ ဘယ်လိုလဲ မင်း လာမှာလား"

"တာတေဆိုတဲ့ကောင်က အဲဒါမျိုးကို လက်လွှတ်မတဲ့လား ဘထစ်ရ"

"ငါသိတယ် တာတေ၊ ဒါကြောင့် မင်းကို ငါ စောင့်ပြီးပြော တာပေါ့ကွ"

"စိတ်ချ ဘထစ်၊ စိတ်ချ၊ ဒီည ငါ လာဖြစ်အောင် လာခဲ့ မယ်"

"မင်း ဘကြီးက လွှတ်ပါ့မလားလို့ ငါတွေးနေတာကွ"

"ဟာ ငါ ဘကြီးကို ရအောင်ပြောပြီး လာမယ်ကွာ၊ မင်း သာ ငါ့ကို ကျောင်းရှေ့က ထွက်စောင့်နေ ဘထစ်"

"အေးပါ၊ ငါ ဆက်ဆက်စောင့်နေပါ့မယ်"

ဩော် ပြောရဦးမယ်ဗျ၊ ဘထစ်တို့ သုသာန်ကျောင်းရှိတဲ့ သချိုင်းကုန်းကို မြို့စွန်ဘက်ကို ပြောင်းလိုက်တာ ကျုပ်ရေးခဲ့ဖူး ဘယ်မို့လား။ အခု ကျုပ်ပြောမယ့်အကြောင်းက ဘထစ်တို့ ဘုန်းကြီး ကျောင်းရှိတဲ့ သချိုင်းမရွှေ့ခင်က ကိစ္စဗျ။ ဒီတုန်းက အဲဒီသချိုင်း ဘုန်း မရွှေ့ရသေးဘူး။

အဲဒီညနေ ကျောင်းဆင်းတော့ ကျုပ် အိမ်ပြန်လာတယ်။ ရေမိုးချိုးပြီး စာလေးဘာလေး ကျက်တယ်။ ဆရာထွန်း ပေးလိုက်တဲ့ သင်္ချာတွေကို တွက်တယ်။ ညနေ ခြောက်နာရီလောက်ကျတော့

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးနဲ့ ကျုပ်နဲ့ ထမင်းစားကြတယ်။ ထမင်းစားရင်းနဲ့ သူငယ်ချင်းအိမ်မှာ စာအတူတူ သွားလုပ်ချင်တယ်လို့ ဘကြီးကို ခွင့်တောင်းတော့ ဘကြီးက ကျုပ်ကို မေးတယ်။

"စာအတူတူလုပ်တာတော့ ဟုတ်ပါပြီ၊ မင်းက ဘယ်အချိန်ပြန်လာမှာတုံး"

"မပြန်တော့ဘူး ဘကြီး၊ မနက်စောစောမှပဲထပြီး ပြန်ခဲ့မယ်"

"အေး အေး သွားလေ၊ စာမေးပွဲနီးလာပြီဆိုတော့ စာတော့ စာရွတ်ကျက်လုပ်နော် တာတေ"

"ဟုတ်တဲ့ပါ ဘကြီး"

လို့ ကျုပ်က ပြောလိုက်တယ်။ ဟုတ်တယ်ဗျ။ အခု တပို့တွဲလဆန်းပြီဆိုတော့ ကျုပ်တို့စာမေးပွဲကြီးဖြေဖို့ တစ်လလောက်ပဲလိုတော့တာပေါ့ဗျာ။

သုသာန်ကျောင်းကို ကျုပ်ရောက်တော့ မှောင်စပြုပြီဗျ။

"ဟော့ကောင် တာတေ လာ၊ ငါ မင်းကို ထွက်စောင့်နေတာကွ၊ မင်း လာမှလာပါ့မလားလို့"

"ခြေဘ် ဘထစ်ရာ၊ လာမယ်ဆို လာမှာပေါ့ကွာ"

ကျုပ်က ပြောပြောဆိုဆိုနဲ့ ကျုပ်စီးလာတဲ့စက်ဘီးကို တွန်းသွားပြီး ကျောင်းကြီးပေါ်ကိုတက်တဲ့ အုတ်လှေကားမှာမှီပြီး သော့ခတ်ထားလိုက်တယ်။ ကျုပ် စီးလာတာက ကျုပ်ဘကြီးရဲ့ ရလေး စက်ဘီးဗျ။ ဇက်သော့ပါတယ်။

ကျုပ်နောက်က ကပ်ပြီးပါလာတဲ့ ဘထစ်ကို ကျုပ်က မေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"အခြေအနေ ဘယ်လိုတုံးကွ ဘထစ်ရ"

ဘထစ်က သုသာန်ဇရပ်ဘက်ကို တစ်ချက်လှမ်းကြည့်တယ်ဗျ။

"မင်း လှမ်းကြည့်လိုက် တာတော၊ ဇရပ်ပေါ်မှာတင် ပလ္လင်ခွေပြီး ထိုင်ကြည့်နေတဲ့လူကို တွေ့လား"

"ကျုပ်က ဇရပ်ကို လှမ်းကြည့်လိုက်တယ်။

"အေး တွေ့တယ်၊ အဲဒါလား မင်းပြောတဲ့ အောက်လမ်းဆရာဆိုတာ၊ အသက်သိပ်မကြီးသေးပါလား၊ ငါက အောက်လမ်းဆရာဆိုရင် အသက်ကြီးကြီးပဲ ထင်နေတာ"

"မကြီးသေးပါဘူးကွ၊ ဒီဆရာ ရှိလှမှ လေးဆယ်ကျော်ပေါ့ကွာ"

"မင်းပြောတဲ့ကိစ္စကကော ဒီညလုပ်ဖြစ်ပါ့မလား"

"လုပ်မှာ လုပ်မှာ၊ ငါ ကျောင်းက ပြန်လာတော့ တစ်ခေါက်သွားသေးတယ်"

"ဟေ ဟုတ်လား၊ မင်းကို ဘာပြောတုံး"

"ကျောင်းဆင်းလာပြီလားကွ မောင်ဘချစ်လို့ ငါ့ကို မေးတယ်ကွ၊ ပြီးတော့ ဒီည နက္ခတ်အဝင်အထွက် ကောင်းတယ်တဲ့ကွ၊ ဒါကြောင့် သူ့နွား မိုးမှောင်ကို အသက်သွင်းရမယ်လို့ ပြောတယ်"

"ဘာကွ၊ သူ့နွားက မိုးမှောင်တဲ့ ဟုတ်လား"

"အေးကွ တာတေရ၊ သူ့နွားကို ဒီနေ့ပဲ နာမည်ပေးလိုက်တာတဲ့၊ နွားရုပ်ကလေးက တကယ်လှတာကွ၊ နက်မှောင်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



သူက သူ့နွားကို ဒီညတော့ ငါ့သားကြီး မိုးမှောင်ကို အသက်သွင်းပေးရမှာပေါ့ကွာ၊ မနက်ဖြန်ကျတော့ ကျုပ်နဲ့ ဟောဒီက ကျုပ်သားကြီး ခရီးထွက်ကြတာပေါ့၊ နွားပွဲရှိတဲ့နေရာတွေ သွားကြတာပေါ့ကွာ"

လို့ သူ့နွားရုပ်ကလေးကို လူနဲ့ စကားပြောသလို ပြောနေတာကွ"

"ဟာ ဒီလူက နွားပွဲတွေကို ဘာလိုက်လုပ်တာတုံးကွ ဘာထစ်ရ"

"ဒီလိုကွ တာတေရ၊ ငါလည်း အစကတော့ မသိဘူးပေါ့ကွာ၊ ဦးပဥ္စင်းထွန်းပေါ် ပြောပြတော့မှ သိတာကွ"

"ဦးပဥ္စင်းထွန်းပေါ် ဆိုတာ ဘယ်ကတုံးကွ"

"ဒီကျောင်းကလေ တာတေရာ၊ မင်း ဟိုတစ်ခါလာတုန်းကတောင် မင်းနဲ့ စကားပြောကြပါသေးတယ်"

"ဪ အဲဒီဦးပဥ္စင်းလား၊ သိပြီ၊ သိပြီ"

"အေး အဲဒီဦးပဥ္စင်းထွန်းပေါ်က ဒီဆရာကို သိတယ်တဲ့ကွ၊ ဦးပဥ္စင်းက ငယ်ဖြူ မဟုတ်ဘူးလေကွာ၊ တောထွက်ကြီးဆိုတော့ လူ့ဘဝမှာနေတုန်းက ဒေသအစုံရောက်ပြီး အလုပ်အစုံ လုပ်ခဲ့ဖူးတာကွ၊ ဒါကြောင့် ဦးပဥ္စင်းထွန်းပေါ်က ဒီဆရာအကြောင်းကို ကောင်းကောင်းသိနေတာ"

"ဟေ ဟုတ်လား ဘာထစ်၊ ဒီဆရာက ဒီနွားရုပ်နဲ့ ဘာလုပ်တာတုံးကွ၊ မင်းဦးပဥ္စင်းများ သိသလား"

"ဟာ တာတေရာ၊ သိတာပေါ့ကွ၊ ဒီလိုတဲ့ဟေ့ ငါပြောတဲ့ နွားပွဲဆိုတာက နွားတွေရောင်းတာကို ပြောတာဟုတ်ဘူး၊ နွား

www.burmeseclassic.com

www.burmeseclassic.com



ထိုက်တာကို ပြောတာကွ၊ ချိန်းပြီးတိုက်တာ၊ ကြက်တိုက်သလိုပေါ့ ကွာ၊ ပြီးတော့ လောင်းကြတာပေါ့ကွာ၊ ထွက်ပြေးသွားတဲ့နွားက အရှုံးပေါ့ကွာ"

"ဩော် အဲဒါကို ပြောတာလား"

"အေး အဲဒီပွဲတွေမှာ ဒီအောက်လမ်းဆရာကို တိုးဖိုးတိတ် ထိထိခေါ်ပြီး ငွေတွေပေးကြတယ်။ သူတို့နွားနိုင်အောင် လုပ်ခိုင်း တာတဲ့ဟ၊ ဟိုတစ်ဖက်ကလည်း လုပ်တာပဲတဲ့ကွ၊ ဒါပေမဲ့ ဒီဆရာ က ပညာသာတော့ သူက နိုင်တာပေါ့ကွာ၊ သူတို့က နွားခပ်ထုံထုံကို မှာပြီး တိုက်တာတဲ့ဗျာ။ ဟိုဘက်ကနွားက ကြီးကြီးထွားထွား၊ သွက် သွက်လက်လက်ပေါ့ကွာ။ ယှဉ်ကြည့်လိုက်ရင် ဘယ်လိုကြည့်ကြည့် သူတို့နွား ရှုံးမယ်လို့ ထင်ကြတာပေါ့။ ဒီတော့ လောင်းကြေးကို ဟိုဘက်က ထပ်ကြတာပေါ့။ ဒီမှာတင် နွားပွဲစတာနဲ့ ဒီဆရာက သူမသိအောင် သူ့ရဲ့တိုက်နွားကို ဂါထာနဲ့ မန်းမှုတ်ပြီး လုပ်လိုက်ရင် နွားရုပ်ကလေးက ပျောက်သွားရောတဲ့ကွ"

"ဟင် ဘယ်ရောက်သွားလို့တုံး"

"ဟာ ဇာတေကလည်း ဘယ်ရောက်သွားရမှာတုံး၊ နွားပွဲ မှာ ဝင်ဝှေ့တော့တာပေါ့ကွ၊ သူတို့နွားဘက်က ဝင်ဝှေ့တာပေါ့"

"ဟာ နွားကြီးသုံးကောင်တောင် ဖြစ်နေတာ၊ လူတွေက မတွေ့ဘူးလားကွ"

"ဘယ်တွေ့လိမ့်မတုံးကွာ၊ အောက်လမ်းပညာပါဆိုမှ။ အဲဒီတော့ နှစ်ကောင်နဲ့ တစ်ကောင်ဝှေ့မှတော့ ဟိုတစ်ဘက်ကနွား ဘယ်ခံနိုင်မလဲကွာ၊ ပြေးတော့တာပေါ့။ မပြေးဘဲ ခံဝှေ့တဲ့နွားကျ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဝိုင်းထဲမှာတင် သေတာတဲ့ဗျာ"

"ဟော အသေဝှေတာ ဟုတ်လား"

"ဟာ နွားပွဲနိုင်တော့ လောင်းထားတဲ့ ပိုက်ဆံတွေ အကုန် ရမှာပေါ့နော်"

"အေးပေါ့ကွ၊ ဒါကြောင့်လည်း သူ့ကို ဟိုလူတွေက ငွေတွေ အများကြီး ပေးတာပေါ့၊ ဒီအောက်လမ်းဆရာက ငွေဝင်လမ်းဖြောင့် နေတာပေါ့ကွ"

"နို့ သူလုပ်စားတဲ့နွားက ဘာဖြစ်သွားလို့တုံးကွ"

"ဒါတော့ ဘယ်သိမလဲကွ၊ တစ်ခုခုကြောင့် သေသွားလို့ နေမှာပေါ့"

"ဒီညတော့ တိုက်နွားရုပ်ကလေးကို အသက်သွင်းတာ မြင် ရတော့မှာပေါ့ကွာ"

လို့ ကျုပ်က ဝမ်းသာအားရ ပြောလိုက်တယ်ဗျ။ ကျုပ်က ဘထစ်နဲ့ စကားပြောပြီး သုသာန်ဇရပ်ပေါ်ကို လှမ်းကြည့်လိုက် တော့ အောက်လမ်းဆရာကြီးက ဇရပ်ပေါ်မှာ ဖယောင်းတိုင်တွေ ထွန်းနေတယ်ဗျ။ ပြီးတော့ ပါးစပ်ကလည်း ဘာတွေရွတ်ဖတ်နေမှန်း မသိပါဘူးဗျာ။ ရွတ်သံဖတ်သံတွေကို ခပ်သဲ့သဲ့ ကြားနေရတယ်၊ ဘထစ်တို့ကျောင်းက ဝင်ဝင်ချင်းမှာ နတ်လမ်းရှိတယ်ဗျ။ အဲဒီနတ် လမ်းအတိုင်း လျှောက်သွားတော့မှ ကျောင်းလှေကားကို ရောက် တာ။ ကျုပ်နဲ့ ဘထစ်က နတ်လမ်းထဲမှာ လူထိုင်ဖို့ လုပ်ထားတဲ့ အုတ်ခုံကလေးမှာ မထိုင်ဘဲ ရပ်ပြီးစကားပြောနေတာဗျ။

"ဟော ကြားလား တာတေ၊ အဲဒါ မှော်ဂါထာတွေ ရွတ်နေ တာကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟုတ်လား၊ မင်းက ဘယ်လိုလုပ်ပြီး သိတာတုံး ဘထစ်"

"ဦးပဥ္စင်းကြီး ညကပြောတာကွ၊ အဲဒီဆရာ ညကလည်း အဲဒီလိုရွတ်နေတာ ငါက ဦးပဥ္စင်းကြီးကို လျှောက်ကြည့်တာ၊ ဒီလူ ဘုရားရှိခိုးနေတာလားဆိုတော့ ဦးပဥ္စင်းကြီးက ဘယ်ကလာ ဘုရားရှိခိုးရမှာတုံး၊ အောက်လမ်းပါဆိုမှ မြေဖဝါးမှာတောင် ဘုရားပုံထိုးတဲ့ကောင်တွေကွ၊ ဒါ မှော်မန္တန်တွေ ရွတ်နေတာလို့ ပြောတယ်"

"တော်တော်တော့ ယုတ်ညံ့တဲ့လူတွေပဲနော်"

လို့ ကျုပ်က ပြောလိုက်တယ်။ ဒီလိုနဲ့ ကျုပ်တို့နှစ်ယောက် စကားထိုင်ပြောနေကြတာပေါ့ဗျာ။ ကျုပ်တို့နှစ်ယောက် ပြောတယ်သာဆိုရတယ်။ တကယ်ပြောတာက ဘထစ်ဗျ။ ကျုပ်က အမေးသမား၊ ကျုပ် နားမလည်တာတွေကို မေးယူနေရတာပါ။ ဘထစ်ဆိုတဲ့ကောင်က ကြားဖူးနားဝ အားကြီးရှိတဲ့ကောင်ဗျ။

ကျုပ်နဲ့ ဘထစ် စကားပြောနေတုန်းမှာ ညဉ့်တော်တော်နက်လာပြီဗျ။ ဘထစ်က အသာထပြီး ဇရပ်ဘက်ကို ကြည့်တယ်ဗျ။

"ဟော အောက်လမ်းဆရာ သွားပြီဟေ့"

"ဟေ ဘယ်ကိုသွားတာတုံးကွ ဘထစ်"

"မသိဘူးကွ၊ ဇရပ်ပေါ်က ဆင်းသွားတာပဲ၊ ဟော ဇရပ်ရဲ့ အရှေ့ဘက်ကို သွားနေတာကွ၊ ဩော် ငါ သိပြီဟေ့ တာတေရေ၊ အဲဒီမှာက ကွင်းတစ်ကွင်း ရှိတယ်။ ဟိုဘက်က ဂျုံးဂျုံးရွာက နွားတွေတောင် အဲဒီထဲမှာ လာလာပြီး လွှတ်ထားကြတာ။ အဲဒီကွင်းက မြက်ပေါတယ်ကွ။ ကဲ လာ မင်းနဲ့ ငါ သူနောက်က အသာလိုက်ပြီး

www.burmeseclassic.com



ကြည့်ကြတာပေါ့ကွာ”

ဘထစ်က ပြောပြောဆိုဆို ကျောင်းဝင်းထဲက ထွက်တယ်။ ကျုပ်လည်း သူ့နောက်က ကပ်ပြီးလိုက်ရတာပေါ့ဗျာ။

ဘထစ်က ဇရပ်ဘက်ကို သွားတယ်။ ဇရပ်ပေါ်မှာတော့ ဖယောင်းတိုင်တွေ ထွန်းထားခဲ့တယ်ဗျ။ ဟာ အရိုးခေါင်းခွံကြီး တစ်ခုဗျ၊ ခေါင်းခွံဖြူဖြူကြီးပေါ်မှာလည်း ဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းလို့ဗျ။ ကျုပ်နဲ့ ဘထစ်လည်း ဇရပ်ရဲ့မြောက်ဘက်ကနေကွေ့ပြီး ရောက်ခဲ့ကြတယ်။ ဇရပ်မြောက်ဘက်မှာက ညောင်လမ်းပင်ကြီး တစ်ပင်ရှိတယ်ဗျ၊ ညောင်လမ်းပင်အလွန်မှာတော့ ငှက်ပျောပင် တွေဗျ။ အခိုင်တွေတောင် ကျနေပြီ။

“ဘထစ် ဒီငှက်ပျောပင်တွေက ဘယ်သူစိုက်ထားတာတုံး”

“ဒီသချိုင်းရဲ့ စန္ဒာလကြီး စိုက်ထားတာလေကွာ”

ကျုပ်တို့နှစ်ယောက် ငှက်ပျောပင်တွေကြားက ဖြတ်လျှောက် လိုက်ကြတယ်။ ငှက်ပျောတောကလေးကို ကျော်လိုက်တော့ အုတ်ဂူ တွေဘက်ကို ရောက်လာတယ်။ အုတ်ဂူတွေကို ကွေ့ပတ်ပြီး လျှောက် လိုက်တော့ မြယာပင်တွေဘက်ကို ရောက်လာတယ်ဗျ။ မြယာပင် တွေ လွန်တော့မှ ကွင်းပြင်ကြီးကို လှမ်းတွေ့နေရတာဗျို့။

“လာ တာတေ၊ ဟိုရှေ့က ညောင်ပင်ကြီးနောက်ကနေ မင်းနဲ့ငါ ပုန်းပြီးကြည့်မယ်”

ကျုပ်နဲ့ ဘထစ် ညောင်ပင်ကြီးအောက်ကို ဝင်လိုက်တယ်။ ကြီးလိုက်တဲ့ ညောင်ပင်ကြီးဗျာ။ လူသုံးယောက်ဖက်တာလောက် ရှိတယ်ဗျ။ ကျုပ်တို့နှစ်ယောက် ညောင်ပင်နောက်ကို ဝင်ကပ်ပြီး

www.burmeseclassic.com



ကြည့်လိုက်တော့ အောက်လမ်းဆရာက ကွင်းစပ်မှာ စည်းဝိုင်းချနေတယ်ဗျ။ ပါးစပ်ကလည်း ဘာထစ်ပြောတဲ့ မှော်မန္တန်တွေ ရွတ်လို့ဗျ။ လကလေးက ကောင်းကင်မှာ ခပ်မှုန်မှုန်ကလေး သာနေတယ်။ ကွင်းထဲမှာတော့ ဝိုးတိုးဝါးတားကလေးပဲ မြင်ရတာပေါ့ဗျာ။

အောက်လမ်းဆရာက ကွင်းပြင်ထဲမှာ စည်းဝိုင်းကို သေသေချာချာ တားနေတာဗျို့။ ပါးစပ်က မန္တန်တွေ မပြတ်ရွတ်ပြီး စည်းချနေတာ။

ဒီအချိန်မှာ ကျုပ်က ကောင်းကင်ကို အမှတ်တမဲ့ မော့ကြည့်မိတော့ ခုနစ်စင်ကြယ်တောင် အမြီးထောင်စပြုနေပြီဗျို့။ သောပြောရင်းဆိုရင်း အောက်လမ်းဆရာ အလုပ်စပြီဗျို့။

သူလုပ်ထားတဲ့ နွားနက်ရုပ်ကလေးကို လက်ဝါးပေါ်မှာတင်ထားပြီး. . .

"ကဲ ငါ့သားကြီး မိုးမှောင်၊ မင်းကို အသက်ဝိညာဉ် သွင်းပေးရတော့မယ့်အချိန် ရောက်ပြီဟေ့၊ အဝိညာဉ်ဏက အသက်မဲ့တဲ့ နွံရုပ်ကလေးတစ်ရုပ်ကို ဝိညာဉ်ဏက အသက်ရှိတဲ့ နွားနက်ကြီးတစ်ကောင် ဖြစ်လာလေအောင် ဆရာပန့်လို့ အမည်သညာခေါ်ဆိုကြပါတဲ့။ ကျွန်ုပ် ဆရာပန္နဝ,က ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာကတည်းက ဆရာ့အစဉ်အဆက် လျှို့ဝှက်ခဲ့သော နာနာရုပ်အတတ်၊ မှော်ပညတ်နဲ့ မှော်အစွမ်းပြချိန်ရောက်ပြီမို့ ကျွန်ုပ် ဆရာပန္နဝရဲ့ အမိန့်ပြန်တမ်းကို မြေထု၊ လေထု၊ ရေထုအတွင်း သွားလာသုပ်ရှားနေကြသမျှ နာနာဘာဝ၊ ဝိနာဘာဝ မှန်သမျှကို နားကြစေ၊ နာနာရုပ်(ခေါ်)နာနာရုပ်အတတ်ကို စီရင်နေတဲ့ အခိုက်အတန့်မှာ

www.burmeseclassic.com

www.burmeseclassic.com



သင်တို့ ဤနေရာမှ ဝေးရာသို့ ထွက်ခွာသွားကြစေ။ ကျွန်ုပ်ပန္နဝ အစီအရင် ကိစ္စမပြီးစီးမချင်း ဤနေရာဝန်းကျင်သို့ သင်တို့ ပြန်မလာကြရ။ တကယ်လို့ ကျွန်ုပ်အမိန့်ကို မနာခံပါက ကျွန်ုပ်၏ မှော်မန္တန်ကျိန်စာများအတိုင်း မဟာအဝီစိငရဲကိုဆင်းလာစေ၊ မှော်စက်ရောင်ဆရာကြီး ကျွန်ုပ်ဆရာပန္နဝရဲ့ အမိန့်တော်”

ပြောပြောဆိုဆိုနဲ့ ငအောက်လမ်းဆရာက မတ်တတ်ထရပ်လိုက်တယ်။

“ဟော့ကောင် တာတေ၊ ဒီဆရာက ပေါ့သေးသေးမှ မဟုတ်ဘာ၊ ပန္နဝ ဆိုတာ အောက်လမ်းလောကမှာ အင်မတန် နာမည်ကြီးတဲ့ ဆရာကွ”

ဘထစ်က လေသံတိုးတိုးကလေးနဲ့ ကျုပ်နားကို ကပ်ပြောတယ်၊ ကျုပ်ကလည်း တိုးတိုးကလေး ပြန်ပြောရတာပေါ့ဗျာ။

“မင်း သိလို့လားကွ ဘထစ်ရ”

“ငါ ကြားဖူးတာကွ၊ လူကြီးတွေ ပြောကြတာ အင်မတန် အစွမ်းထက်တယ်ဆိုပဲ”

“သတိထားနော်၊ ငါတို့ ချောင်းကြည့်နေတာသိရင် မလွယ်ဘူးနော် ဘထစ်”

“အေးပါကွ၊ ငါ့ကိုတော့ မလုပ်ပါဘူး၊ ငါနဲ့ တော်တော်ခင်နေကြပါပြီ”

ဘထစ်နဲ့ ကျုပ်နဲ့ ဆရာပန္နဝ ဆိုတဲ့လူကိုပဲ ကြည့်နေကြတာပေါ့ဗျာ။

“ဟာ သရဲတွေ ပြေးပြီဟေ့၊ သူ့အမိန့်က တော်တော်ပြင်းပါလားကွ”

www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်းမြင်ရတာပေါ့ ဟုတ်လား ဘထစ်"

"အေး မြင်ရတယ်ကွ၊ ဩော် မင်းကို ငါ အမြင်ဖွင့်ပေးဖို့ မေ့နေတာပဲဟ တာတေရေ ကဲ မင်းလက်ဝါးပေး၊ ခါတိုင်းလိုပဲ ငါ့လက်ဝါးကို ဆုပ်ထား၊ မလွှတ်လိုက်နဲ့။ ကဲ ဆေးတော်စောင့်ကြီး မှာ ကျုပ်သူငယ်ချင်း တာတေကို နာနာဘာဝတွေ မြင်လို့၊ တွေ့လို့ ရအောင် အမြင်ဖွင့်ပေးပါဗျာ၊ မင်းမျက်လုံးမှိတ်ထားတယ်မို့လား တာတေ၊ ဖြည်းဖြည်းဖွင့်လိုက်"

ကျုပ်က ဘထစ်ခိုင်းတဲ့အတိုင်း ဖြည်းဖြည်းလေး ဖွင့်လိုက် တယ်။ ဟာ မြင်ရပြီဗျို့။ ဘထစ်ပြောတဲ့အတိုင်းပဲဗျာ။ သရဲတွေ၊ သရဲတွေ ပြေးလွှားနေလိုက်ကြတာ ရှုန်းရှုန်း ရှုန်းရှုန်းကို ဖြစ်နေ တော့တာဗျို့။ ဆရာပန္နဝက တော်တော်ကို အာဏာစက်ပြင်းတာ ဗျ။ သူ့အစီအရင်လုပ်မလို့ ဒီနေရာက ထွက်သွားလို့ အမိန့်ပေးလိုက် တာနဲ့ အားလုံးထွက်ပေးကြရတော့တာဗျ။ သရဲတွေ ထွက်သွားပြီး တွင်းပြင်ထဲမှာ ဘာမှမရှိတော့တဲ့အချိန်ကျမှ ဆရာပန္နဝက နွားရုပ် တလေးကို ပါးစပ်နားတေ့ပြီး မန္တန်တွေ ရွတ်တော့တာပဲဗျို့။

"ဟာ တာတေရေ ဇာတ်လမ်းကတော့ ရှုပ်ပြီဟေ့၊ ဟိုမှာ ကြည့်စမ်း၊ မဖဲဝါ လာနေပြီဟေ့၊ ဘေးမှာ သူ့ခွေးကြီးလည်း ပါလာ တယ်ဟေ့"

"ဟင် ဘယ်မှာတုံးကွ၊ ဘယ်မှာတုံး"

ကျုပ်က ပြောပြောဆိုဆိုနဲ့ ဘထစ်ကြည့်တဲ့ဘက်ကိုလိုက် ကြည့်လိုက်တယ်။

"ဟာ ဟုတ်ပါ့ဗျာ၊ မဖဲဝါက ခြေထောက်နဲ့ မြကြီး ထိတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဗျို့၊ မြေပေါ်မှာ ရှပ်ပြီးလွင့်လာတာဗျ။ သူ့ဘေးက ခွေး နက်ကြီးကလည်း အကြီးကြီးဗျ။ မဖဲဝါကတော့ ကျုပ်စိတ်ထင် အရပ် ဆယ်ပေလောက်ရှိတယ်။ သူ့ဘေးက ပြေးလာတဲ့ ခွေးကြီးကတော့ ကျုပ်စိတ်ထင် နွားမတန်းတစ်ကောင်လောက် ရှိမယ်ထင်တယ်ဗျ"

ဘထစ်ကို ကြည့်လိုက်တော့ ကျုပ်လိုပဲဗျို့။ မျက်တောင် ခတ်ကို ကြည့်နေတာဗျ။ ဟော ရပ်သွားပြီဗျို့။ မဖဲဝါရော ခွေးကြီး ရော ရပ်သွားပြီဗျ။ ဆရာပန္နဝကို စိုက်ကြည့်နေကြတယ်ဗျို့။

"သချိုင်းထဲက သရဲတွေ ထွက်ပြေးလာတာတွေ့လို့ မဖဲဝါ ကြီး လိုက်ခဲ့လာတာကွ တာတေရ"

"အေး ဟုတ်မယ်ကွ၊ ငါ့စိတ်ထင်တော့ ဆရာပန္နဝ မှား သွားပြီထင်တယ် ဘထစ်ရ"

"ဟေ ဘာဖြစ်လို့တုံးကွ"

"ဟာ မင်း စဉ်းစားကြည့်လေ၊ သူပိုင်တဲ့ သချိုင်းထဲမှာ လာပြီး ဆရာပန္နဝက လုပ်ချင်တိုင်း လုပ်နေတာလေကွာ၊ သူ့ကို လည်း ခွင့်တောင်းပုံ မရဘူးကွ၊ ပြီးတော့ ဒီအထဲမှာနေတဲ့ သရဲတွေ ကို ငြိမ်သက်အောင် မဖဲဝါက ထိန်းထားတာ မဟုတ်လား။ အခုလို ရှန်းရင်းဆန်ခတ်ဖြစ်ပြီး ပြေးလွှားနေတော့ သူတော်တော် မကျေ မနပ် ဖြစ်နေပုံပဲကွ"

"အေး မင်းပြောတာ ဟုတ်တယ် တာတေ၊ မဖဲဝါကြီး မျက်လုံးကြီးတွေ နီရဲနေတာကွ၊ ဒေါသတွေတော်တော်ဖြစ်နေပုံပဲ"

ဟုတ်ပါ့ဗျာ၊ ဆံပင်ဖားလျားကြီးချပြီး ထမီငင်လျားကြီးနဲ့ ဗျ။ မျက်လုံးကြီးတွေက နီရဲပြီး ဒေါသအရမ်းထွက်နေတဲ့ပုံပဲဗျို့။

www.burmeseclassic.com

www.burmeseclassic.com



ဟော ဟော ဆရာပန္နဝကလည်း မန္တန်ကို ရွတ်နေတာ တိုးတိုးလေး မဟုတ်တော့ဘူးဗျို့။ မာန်နဲ့ ဠာန်နဲ့ကို အသံကျယ်ကျယ်နဲ့ ရွတ်နေတာ။ မဖဲဝါနဲ့ ခွေးကြီးကတော့ ဘာမှမလုပ်ဘဲ စိုက်ကြည့်ရုံပဲ ကြည့်နေကြတာဗျ။ မဖဲဝါနဲ့ခွေးကြီးက ကွင်းတစ်ဝက်လောက်က ရပ်နေတာဗျ။ ဆရာပန္နဝနဲ့ဆိုရင် နည်းနည်းတော့ လှမ်းတာပေါ့ဗျာ။ ဟော ဆရာပန္နဝ/မန္တန်ရွတ်တာ ရပ်သွားပြီဗျ။ ဟာ သူ့လက်ဝါးပေါ်မှာ တင်ထားတဲ့ နွားရုပ်ကလေးက အရောင်တွေ တဝင်းဝင်း ဖြစ်လာပြီဗျို့။ ဟာ နွားရုပ်ကလေး ဖြုတ်ခနဲ ပျောက်သွားပြီဗျ။

"ဝတ်ထရိန်း၊ ဝတ်ထရိန်း၊ ဝတ်ထရိန်း"

"ဟာ ဘထစ် နွားအော်သံကြီးပါလားကွ"

"အေးကွ၊ အကောင်တော့ မမြင်ရသေးဘူးကွ"

"ဟော ဟိုမှာကွ၊ ဟိုမှာ ရေမန်ကျည်းပင်ကြီးဘေးက မှောင်ရိပ်မှာ ရပ်နေတာကွ၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဟေ့၊ ဘိုကြီးကို ကောက်နေတာပဲကွ ဘထစ်ရေ"

"ဟာ ဟေ့ကောင် တာတေ၊ ဟိုမှာ ဆရာပန္နဝက လက်ကြီးနှစ်ဖက် ဘေးကိုဆန့်ထုတ်ပြီး တဟားဟားနဲ့ ရယ်နေပြီကွ"

"ဟား ဟား ဟား ဟား နတ်ပြည်မှာ မာဃ၊ လူ့ပြည်မှာ ပန္နဝတဲ့ဟေ့၊ ဟား ဟား ဟား ဟား"

"အေးကွ၊ သူ့ရဲ့အောင်မြင်မှုအတွက် အရမ်းကို ပီတိဖြစ်သွားတဲ့ပုံပဲဟေ့ ဘထစ်ရေ"

"ဟာ တာတေ မဖဲဝါရဲ့ ခွေးကြီးကို ကြည့်စမ်း၊ ပါးစပ်ကြီး

www.burmeseclassic.com



ဖြူပြီး မာန်ဖီနေပြီကွ"

"မာန်ဖီမှာပေါ့ ဘထစ်ရဲ့ ဟိုနွားကြီးက ကွင်းထဲကို ထွက်လာပြီလေကွာ"

"ဟော ဟုတ်သားပဲကွ၊ နွားကြီးကိုမြင်လို့ မဖဲ့ဝါရဲ့ ခွေးကြီး မာန်ဖီနေတာကိုး"

"ဖောင်း၊ ဟောင်း၊ ဟောင်း၊ အီး၊ အီး၊ ဟီး၊ ဟီး"

"ဝတ်ထရိန်း၊ ဝတ်ထရိန်း၊ ဝတ်ထရိန်း"

တိတ်ဆိတ်နေတဲ့ ကွင်းပြင်ကြီးထဲမှာ နွားတွန်သံကြီးရယ်၊ မဖဲ့ဝါရဲ့ ခွေးကြီး မာန်ဖီတဲ့အသံရယ် ကြောက်စရာကြီးပါဗျာ။ ထမီရင်လျားနဲ့ အရပ်ဆယ်ပေလောက်ရှိတဲ့ မဖဲ့ဝါကြီးကတော့ ခြေစုံရပ်ပြီးတော့ပဲ ကြည့်နေတာဗျို့။

ဟာ ဆရာပန္နဝရဲ့ တိုက်နွားကြီးက ခွာတွေယက်နေပြီဗျို့။

"ဖြောင်း ဖြောင်း ဖြောင်း"

ဟာ တိုက်နွားကြီးရဲ့ ခွာယက်တဲ့အသံက တဖြောင်းဖြောင်း ဖြစ်နေတော့တာဗျို့။

"ဟား ဟား ဟား ဟား ဖေ့သားကြီးက ခွာတွေယက်နေပါလား၊ ဘာဖြစ်လို့တုံး ဖေ့သားကြီး မိုးမှောင်"

"ဟီး၊ ဟီး၊ ဟီး၊ ဟောင်း၊ ဟောင်း"

ဆရာပန္နဝလည်း ခွေးကြီးမာန်ဖီတဲ့အသံကို ကြားသွားပြီဗျို့။ ကိုယ်ကို ဆတ်ခနဲဖြစ်ပြီး ငြိမ်သွားတယ်ဗျ။

"လက်စသတ်တော့ မဖဲ့ဝါ ရောက်နေတာကိုး ငါ့ဆရာ အမိန့်ပြန်ထားတာကိုတောင် ပမာမခန့်နဲ့ ရောက်လာသေးတာကိုး၊

www.burmeseclassic.com

www.burmeseclassic.com



ငါဟာ နင်တို့လို အဆင့်နိမ့်တဲ့ နာနာဘာဝတွေကို မနှိပ်စက်ချင်ဘူး၊ ဒါပေမဲ့ မှော်စက်ရောင် ဆရာပန္နဝရဲ့ အမိန့်ကိုတောင် မနာခံဘူး ဆိုရင်တော့ နှိပ်စက်ညှဉ်းပမ်းပြီး ဒဏ်ပေးရတော့မှာပေါ့လေ။ ကဲ ဖေ့သားကြီး မိုးမှောင်ရေ မင်း အစွမ်းပြရတော့မယ့်အချိန် ရောက်ပြီဟေ့။ အဲဒီသရဲမနဲ့ သူ့ခွေးသရဲကို တစ်ခါတည်းသာ ဝှေ့သတ်လိုက်ပေတော့ဟေ့"

ဒါအမိန့်ပဲဗျ။ သခင်ရဲ့ အမိန့်လည်းရရော တိုက်နွားကြီး မိုးမှောင် တစ်ရှိန်ထိုး ပြေးထွက်သွားတော့တာပဲဗျို့။ ဟာ မဖဲဝါနဲ့ သူ့ခွေးကြီးဆီကို တန်းပြေးတာဗျို့။ တိုက်နွားကြီး ခွာယက်လိုက်တိုင်း မြက်ပင်တွေ တဖွားဖွား ကျွတ်ထွက်ကုန်တာဗျို့။ မဖဲဝါက သူ့လက်ကြီးကို ရှေ့ဘက်ကို ဆန့်ထုတ်ပြီး . .

"အီး ဝါး အီး"

ဆိုတဲ့ အသံကြီးနဲ့ အော်လိုက်တာ ကျုပ်ဖြင့် ကျောထဲမှာတို စိမ့်သွားတာပါပဲဗျာ။

ဟာ ပြေးထွက်လာပြီဗျို့။ မဖဲဝါရဲ့ ခွေးနက်ကြီး ပြေးလာပြီ ဗျို့။ သူ့သခင်မရဲ့ အမိန့်ရတာနဲ့ မြားပစ်လိုက်သလိုကို ပြေးလာတာ ဗျို့။ တွေ့ပြီ၊ ကွင်းလယ်မှာ တွေ့ပြီဗျို့။ ဝှေ့ပြီ၊ တန်းဝှေ့တာပဲဗျာ။ မဖဲဝါရဲ့ ခွေးကြီးကလည်း တိုက်နွားကြီးကို ခုန်ပြီးကိုက်တာဗျို့။

ခွေးကြီးက နွားရဲ့လည်ဂုတ်ကို ကိုက်လိုက်တဲ့အချိန်မှာ နွားက ကြုံးအဝှေ့နဲ့ဆိုတော့ နွားပေါ်ကကျော်ပြီး မဖဲဝါရဲ့ခွေးကြီး ပြုတ်ကျသွားတယ်။ ဒါပေမဲ့ နွားရဲ့လည်ဂုတ်ကိုတော့ ကိုက်မိသွား တာဗျ။ နွားရော၊ ခွေးကြီးရော တော်တော်ဒေါသထွက်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ နွားကလည်း နောက်ကို ပြန်လှည့်၊ ခွေးကလည်း နောက်ကို ပြန်လှည့်။ တစ်ရှိန်ထိုးပြေးပြီး တိုက်ကြပြန်ရောဗျို့။ ဒီတစ်ခါတော့ မဖဲဝါရဲ့ခွေးကြီးက နွားကို မကိုက်ဘဲ နွားမဝှေ့ခင် ကြိုပြီး နွားကျောပေါ်ကို ခုန်တက်လိုက်တယ်။ နွားကတော့ ဒေါသတကြီး ကြုံးပြီး ဝှေ့ဆိုက်တာ မြေကြီးတွေရော မြက်တွေပါ ဖွားခနဲဖြစ်ပြီး မြောက်တက်သွားရောဗျာ။ နွားကျောပေါ်ကို ရောက်သွားတဲ့ မဖဲဝါရဲ့ခွေးကြီးက နွားရဲ့လည်ဂုတ်ကို ကြုံးလိုက်တော့တာပဲဗျာ။

"ဝတ်ထရိန်း၊ ဝတ်ထရိန်း၊ အိး"

ဆိုတဲ့ မချိမဆန့်အော်သံနဲ့အတူတူ ကျောပေါ်ရောက်နေတဲ့ခွေးကို ကွင်းထဲမှာ ကဆုန်ပေါက်ပြေးရင်း ခါချနေတယ်ဗျ။ ခွေးကလည်း လည်ဂုတ်ကို ခဲထားတာ တစ်ချက်မှကို မလွှတ်တော့ဘူးဗျို့။

"ဝတ်ထရိန်း၊ ဝတ်ထရိန်း"

ဆရာပန္နဝရဲ့ တိုက်နွားကြီးက အသံကုန်ဟစ်အော်ရင်း ကွင်းထဲမှာ ကဆုန်ပေါက်ပြေးနေတော့တာပဲဗျာ။

"ဖြောင်း ဖြောင်း ဖြောင်း"

ကဆုန်ပေါက်ပြေးနေတဲ့ ခွာသံ တဖြောင်းဖြောင်းကိုပဲ ကြားနေရတဲ့ ဆရာပန္နဝက စိုးရိမ်လာပြီး မန္တန်တွေ ရွတ်တော့တာပဲဗျာ။

ဆရာပန္နဝ မန္တန်တွေ ထရွတ်လိုက်တော့ နွားကျောပေါ်မှာ လည်ဂုတ်ကို မလွှတ်တမ်းခဲထားတဲ့ ခွေးနက်ကြီးဟာ ပြုတ်ကျသွားရောဗျို့။

"ဟာ ဆရာပန္နဝရဲ့ မန္တန်က တော်တော်ကိုစွမ်းတာပဲကွ"

www.burmeseclassic.com



"ဟာ မဖဲဝါကြီးတောင် နောက်ခြေနှစ်လုံးလောက် ဆုတ်ပေးလိုက်ရပါရောလား တာတေရ"

"ဟော နွားကြီးက ခွေးကို ပြေးဝှေ့ပြန်ပြီဟေ့"

ဒါပေမဲ့ မထိဘူးဗျို့။ ခွေးကြီးက ဘေးကို လိမ့်ရှောင်ပေးလိုက်ပြီး နွားကို ဘူကိုယ်လုံးနဲ့ ပြေးတိုက်လိုက်တာ နွားကြီး ဘုန်းခနဲ လဲသွားရောဗျာ။ ဟာ ကိုက်ပြီဗျို့၊ ကိုက်ပြီ။ ခွေးကြီးက လဲကျနေတဲ့ နွားပေါ်ကို လွှားခနဲ ခုန်တက်လိုက်ပြီး ကိုက်တော့တာပဲဗျာ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

မဖဲဝါရဲ့ခွေးကြီး မာန်ဖီတဲ့အသံကြီးက တကယ်ကို ကြောက်စရာကြီးပါဗျာ။

"အီး၊ အီး၊ အီး"

နွားကြီး မချိမဆန့်အော်တဲ့ အသံကြီးကလည်း တော်တော်ကို ချောက်ချားစရာပါဗျာ။

"ဟင် ဖေ့သားကြီး မိုးမှောင်၊ သား မင်းဘာဖြစ်သွားတာလဲ"

သွားပြီဗျို့။ နွားကြီး ငြိမ်ကျသွားပြီ။ အော်လည်း မအော်တော့ဘူး။ ဆန့်ငင် ဆန့်ငင်နဲ့ ငြိမ်သွားပြီဗျ။

"ဟာ နွားကြီး ပျောက်သွားပြီကွ၊ ဟာ ဟိုမှာကြည့်စမ်း ဘာထစ်၊ မြက်ပင်တွေကြားမှာ လင်းနေတာ တွေ့လား"

"အေး အေး တွေ့တယ်၊ တိုက်နွားအရုပ်ကလေး ပြန်ဖြစ်သွားပြီထင်တယ်ကွ၊ ဟော ဆရာပန္နဝလည်း မြင်သွားပြီကွ၊ ဟာ အလင်းရောင်တွေ ပျောက်သွားပြီကွ၊ သူ့နွားတော့ လုံးဝသေသွားပြီ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ကျုပ်ရော ဘာထစ်ပါ တုန်သွားတာပဲဗျို့။ ဆရာပန္နဝ ထပြီး တောက်ခေါက်လိုက်တာ။

"တွေ့ကြသေးတာပေါ့ သရဲမရယ်၊ နင် ဘယ်မှထွက်မပြေးနဲ့၊ ငါ့အစွမ်းကို နင် အခုသိစေမယ်"

ဟော ဆရာပန္နဝ မန္တန်တွေ ရွတ်ပြန်ပြီဗျို့။ မဖဲဝါရဲ့ခွေးကြီးက မဖဲဝါရဲ့ဘေးမှာ သွားပြီးရပ်နေတယ်။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ပါးစပ်ကြီးဖြဲပြီး မာန်ဖီနေတယ်ဗျ။ ဆရာပန္နဝကို စိုက်ကြည့်ပြီး မာန်ဖီနေတာဗျို့။ မဖဲဝါက ခါးကြီးကုန်းပြီး သူ့ခွေးကြီးရဲ့ ကျောကုန်းကို ပွတ်ပေးနေတယ်ဗျ။

"အီး၊ ဟီး၊ ဟီး၊ ဟီး"

မဖဲဝါက အသံအကျယ်ကြီးနဲ့ ထအော်လိုက်တယ်ဗျို့။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ခွေးကြီးကလည်း အစွယ်ဖွေးဖွေးကြီးတွေပေါ်အောင် ပါးစပ်ကြီးဖြဲပြီး မာန်ဖီနေရောဗျို့။ ဆရာပန္နဝကလည်း မန္တန်ကို မနားတမ်း ရွတ်တော့တာဗျို့။ မဖဲဝါက ကိုယ်ကို မတ်မတ်ကြီးရပ်ပြီး ခေါင်းကြီး ကောင်းကင်ကို မော့ထားတယ်။ ပြီးတော့ သူ့လက်ကြီး နှစ်ဖက်ကို အပေါ်ကို မြှောက်လိုက်တယ်။

"ဟာ ဟော့ကောင် ဘာထစ်၊ ကောင်းကင်ကို ကြည့်လိုက်စမ်း ဘာကြီးလဲကွ၊ ငှက်ကြီးလား"

"ဟေ ဟာ ဟုတ်သားပဲကွ၊ အတောင်ပံပြီး အကြီးကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ဟာ ငှက်မဟုတ်ဘူး၊ သရဲကြီးကွ၊ အစွယ်ပြူးပြူးကြီးနဲ့ သရဲကြီးက အတောင်ပံကြီးတွေပါတဲ့ သရဲကွ၊ ငါ ဒီတစ်ခါပဲ မြင်ဖူးတယ်၊ မဖဲဝါ ခေါ်လိုက်တာထင်တယ်"

"အေး ဟုတ်မယ်ကွ၊ ဟော ဆရာပန္နဝရဲ့ ခေါင်းပေါ်မှာ ဝဲနေပြီဟေ့၊ ဆရာပန္နဝကတော့ မျက်စိစုံမှိတ်ပြီး မန္တန်ရွတ်နေတာကွ၊ ဒီကောင်ကြီး ရောက်လာတာကို မမြင်ဘူးထင်တယ်"

မဖဲဝါက ဆရာပန္နဝကို လက်ညှိုးကြီးနဲ့ထိုးပြီး . .

"ကံကျိုး ကံပေါက် ကာမေသု အောက်လမ်းကောင်ကို သုတ်သင်ပစ်လိုက်တော့ . . ."

ပီပီသသအသံတော့ မဟုတ်ဘူးဗျ၊ မပီမသအသံကြီးနဲ့ ပြောလိုက်တာ။ မဖဲဝါရဲ့စကားလည်းဆုံးရော အတောင်ပံနဲ့ သရဲကြီးက အပေါ်မှာ ဝဲနေရာကနေ အောက်ကို ထိုးဆင်းလာရောဗျို့။ မန္တန်ကို အကြိတ်အနယ် ရွတ်နေတဲ့ အောက်လမ်းဆရာကို ခေါင်းက နေ ဆွဲမ,ပြီး လိမ်ချိုးပစ်လိုက်တယ်ဗျ။ ပြီးတော့ အောက်ကို ပစ်ချလိုက်တယ်။ ချက်ချင်းမသေဘဲ မြက်တောထဲမှာ လူးလှိမ့်နေတဲ့ ဆရာပန္နဝရဲ့ အသံနက်ကြီးနဲ့ အော်တဲ့အသံဟာ သချိုင်းတစ်ခုလုံးကို လွှမ်းသွားရောဗျို့။

"အား၊ အား၊ အား"

ဆိုတဲ့ အော်သံကြီးလည်း ကြားရော မဖဲဝါရဲ့ ခွေးနက်ကြီးက လွှားခနဲ ပြေးထွက်လာပြီး ဆရာပန္နဝရဲ့ လည်မျိုကို ခဲတော့တာ ပဲဗျာ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ခွေးကြီးရဲ့ မာန်ဖီသံကြီးကလည်း တကယ်ကို ကြောက်စရာကြီးပါဗျာ။

"အား"

ဆရာပန္နဝရဲ့ မချိမဆန့် ခံစားပြီး အော်လိုက်တဲ့ အသံ နက်ကြီး တဖြည်းဖြည်းနဲ့ ငြိမ်သွားတော့မှ ခွေးကြီးက ကိုက်တာကို ရပ်လိုက်တယ်။

သွားပြီ။ မှော်စက်ရောင် ဆရာပန္နဝတော့ သွားလေပြီ။ မဖဲဝါရဲ့ ပိုင်နက်ကို ဝင်လာပြီး မဖဲဝါရဲ့တပည့်လက်သား နာ့နာ ဘာဝတွေကို ပညာစွမ်းနဲ့ နှင်ထုတ်ပစ်လိုက်တာ။ ဆရာပန္နဝရဲ့ အမှားလားတော့ မသိဘူးပေါ့ဗျာ။

မဖဲဝါရဲ့ သရဲခွေးကြီးက တိုက်နွားကြီးကို တိုက်ခိုက် သတ် ဖြတ်လိုက်တဲ့ မြင်ကွင်းနဲ့ ဆရာပန္နဝကို အတောင်ပံမည်းမည်းကြီးနဲ့ ပျံပြီးရောက်လာတဲ့ သရဲကြီးက အပေါ်ကို မသွားပြီး လည်ပင်းကို လိမ်ချိုးလိုက်တဲ့ မြင်ကွင်းတွေဟာ ကျုပ်တစ်သက်တော့ မေ့လို့ ရတော့မှာ မဟုတ်ပါဘူးဗျာ။

"အီး၊ ဟီး၊ ဟီး၊ အီး"

မဖဲဝါကြီးက နောက်ကိုလှည့်ပြီး အော်လိုက်တယ်ဗျ။ ဟော လာကြပြီဗျို့။ စောစောက ဆရာပန္နဝ မောင်းထုတ်လိုက်တဲ့ အကောင်တွေ ပြန်လာကြပြီဗျို့။ ပုံသဏ္ဌာန်မှ အစုံပါပဲဗျာ။ နားရွက် အကြီးကြီးတွေရော၊ မျက်လုံးပြူးပြူးကြီးတွေရော၊ ကုန်းကုန်းကွကွနဲ့ သွားနေတဲ့ကောင်တွေရော။ သူတို့နေရာကို သူတို့ ပြန်ရောက်လာလို့ ပျော်နေကြပုံပဲဗျ။

www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါနဲ့ သရဲခွေးကြီးကတော့ အဲဒီအကောင်တွေကို မျက်လုံးပြူးကြီးတွေနဲ့ လိုက်ကြည့်နေတယ်ဗျ။

နာနာဘာဝကောင်တွေက ဆန့်ဆန့်ကြီး သေနေတဲ့ ဆရာပန္နဝအပေါ်က ကျော်ဖြတ်ပြီး သွားနေကြတာဗျ။ ဆရာပန္နဝသာ အသက်ရှိသေးရင် ဒီကောင်တွေ ဘယ်လွယ်လိမ့်မလဲဗျာ။ ဒီလောက်များပြားတဲ့ နာနာဘာဝတွေကိုကြည့်ပြီး ကျုပ်ဖြင့် ကျောထဲမှာ တဖျန်းဖျန်းကို ဖြစ်သွားတာဗျို့။ ကြက်သီးတွေလည်း ထလိုက်တာ မပြောပါနဲ့တော့ဗျာ။ သရဲတွေ သူနေရာသူရောက်ပြီး ငြိမ်သက်သွားတော့မှ မဖဲဝါက နောက်ကို လှည့်ထွက်သွားတယ်ဗျ။ မဖဲဝါရဲ့ နှာမတန်းအရွယ်လောက်ရှိတဲ့ ခွေးနက်ကြီးလည်း လိုက်သွားတာပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဆွဲဆွဲငင်ငင် အူလိုက်တဲ့ မဖဲဝါရဲ့ခွေးကြီးအသံက သင်္ချိုင်းကုန်းကြီးတစ်ခုလုံးကို လွှမ်းသွားတော့တာပါပဲဗျာ။ ကျုပ်နဲ့ ဘထစ်လည်း အုတ်ဂူတွေကို ကွေ့ပတ်ပြီး ကျောင်းကို ပြန်ခဲ့ကြတယ်။ သင်္ချိုင်းဇရပ်ပေါ်မှာတော့ ဆရာပန္နဝရဲ့ ပစ္စည်းပစ္စတွေက ဒီအတိုင်း ကျန်ခဲ့တာပေါ့ဗျာ။ ကျုပ်လည်း အဲဒီညက ဘထစ်တို့ရဲ့ သုသာန်ကျောင်းမှာ အိပ်ခဲ့ရတာပေါ့ဗျာ။ အိပ်မက်ထဲမှာတော့ မဖဲဝါရဲ့ ခွေးနက်ကြီးလိုက်လို့ ပြေးလိုက်ရတာများ မပြောပါနဲ့တော့။

□□□

www.burmeseclassic.com

www.burmeseclassic.com




ဒီအကြောင်းကို ဘယ်တော့မှ မပြောဘူးလို့ ဆုံးဖြတ်ထားတာပါ။ အခုတော့ ကျုပ်ငယ်ငယ်က အကြောင်းတွေကို ပြန်ပြောလက်စနဲ့ ပြောပြလိုက်ပါတော့မယ်လေ။

ကျုပ်မှာ ချစ်သူ ရှိခဲ့ဖူးတယ်ဗျ။

အရှေ့ဘက်တောင်းတင်

www.burmeseclassic.com

www.burmeseclassic.com



အင်း. . ခင်ဗျားတို့ကတော့ အံ့ဩသွားမှာပေါ့။ ဆရာမျိုးစုံနဲ့တွဲပြီး သချိုင်းကြို သချိုင်းကြား လျှောက်သွားနေတဲ့ တာတေလိုကောင်က ချစ်သူရှိခဲ့ဖူးတယ်ဆိုတော့ အံ့ဩမှာပေါ့ဗျာ။

ကျုပ်တို့ရွာကတော့ မဟုတ်ပါဘူး။ ဟိုဘက်ရွာ ဘန့်ဘွေးဘုန်းကပါ။ သူ့နာမည်က လှယဉ်တဲ့ဗျ။ သူ့မိဘတွေနဲ့ ကျုပ်မိဘတွေက သူငယ်ချင်းတွေပေါ့ဗျာ။ လှယဉ်က လုံးကြီးပေါက်လှဗျ။ လှယဉ်ဆိုတဲ့အတိုင်း တကယ်ယဉ်ပြီး တကယ်လှတဲ့သူပါဗျာ။ ဘန့်ဘွေးကုန်းမှာတော့ ကျုပ်ရည်းစားက ကွမ်းတောင်ကိုင် နံပါတ်တစ်ဗျ။

ဒီလိုဗျို့။ တစ်နွေမှာ လှယဉ်မောင်တွေ ရှင်ပြုကြတယ်။ အဘတို့ အမေတို့ကလည်း သူတို့သူငယ်ချင်းတွေအလှူဆိုတော့ သွားရတာပေါ့ဗျာ။ ကျုပ်က အဘတို့ကို လှည်းမောင်းပြီး လိုက်ပို့ရတာလေ။ ဘန့်ဘွေးကုန်းမှာ ညအိပ်မှာဆိုတော့ ကျုပ်မှာ နွားကြီးနှစ်ကောင်အတွက် ပြောင်းရိုးစဉ်းပြီးသားတွေကို ဂုန်နီအိတ်ကြီးနဲ့ထည့်လို့ပေါ့ဗျာ။

ဘန့်ဘွေးကုန်းရောက်တော့ အဘသူငယ်ချင်း ဘိုးအောင်စိန်က သူတို့အိမ်မှာ ညအိပ်ရမယ်ဆိုလို့ ကျုပ်တို့ အလှူအိမ်မှာပဲ ညအိပ်ရတာပေါ့ဗျာ။

အကျွေးအမွေးကတော့ ဘုန်းကြီးကျောင်းမှာဆိုတော့ ဟိုမှာပဲ ချက်ကြပြုတ်ကြတာလေ။ အိမ်မှာက လူရှင်းပါတယ်။

အဲဒီမှာ ကျုပ်နဲ့ လှယဉ် တွေ့ကြတာပေါ့ဗျာ။ ဖူးစာဆိုတာ ဒီလိုပဲ ထင်ပါတယ်လေ။ တွေ့တွေ့ချင်း လှယဉ်ကို ကျုပ်လွမ်းသွားတာဗျ။ လှယဉ်လည်း ကျုပ်လိုပဲ ထင်ပါတယ်။ ကျုပ်နဲ့ လှယဉ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက သူတို့ဝိုင်းထဲမှာ ထိုးထားတဲ့ ကနဖျင်းထဲမှာထိုင်ပြီး စကား ပြောကြတာ တော်တော်ကို ညဥ့်နက်တယ်ဗျ။

စပြောတုန်းကတော့ ဘန့်ဘွေးကုန်းက တခြားအပျိုတွေ၊ ကာလသားတွေလည်း ပါတာပေါ့ဗျာ။ ဘန့်ဘွေးကုန်းက ကာလ သားတွေကလည်း ကျုပ်ကို မသိတဲ့သူ ရှိတာမှ မဟုတ်တာ။

အားလုံးဝိုင်းထိုင်ပြီး လက်ဖက်သုတ်တွေ၊ ဂျင်းသုတ်တွေ စားကြ၊ ရေနွေးကြမ်းသောက်ကြ၊ ရယ်စရာတွေ ပြောကြဆိုကြနဲ့ တောဝလေ့ကလေးနဲ့ ပျော်နေကြတာပေါ့လေ။

ဒီမှာတင် ကျုပ်ရဲ့ မျက်လုံးအကြည့်တွေက လှယဉ်ရဲ့ မျက်နှာအလှပေါ်ကနေ မခွာနိုင်အောင် ဖြစ်ခဲ့ရတာပေါ့ဗျာ။ တခြား သူတွေအလစ်မှာ ကျုပ်က လှယဉ်မျက်နှာကလေးကို ခိုးကြည့်ရတာ ပေါ့။ လှယဉ်ကလည်း ကျုပ်လိုပဲဗျ။ လူအလစ်မှာ ကျုပ်ကို မသိ သော ခိုးကြည့်တယ်။ တိုတိုပြောကြပါစို့ဗျာ။ ဘိုးအောင်စိန်ရဲ့ အလှူ အပြီးမှာ သူ့သမီးလှယဉ်နဲ့ ကျုပ်နဲ့ သမီးရည်းစားတွေ ဖြစ်ကြတာ ပေါ့ဗျာ။

လူသတင်း လူချင်းဆောင် ဆိုတဲ့အတိုင်းပေါ့ဗျာ။ လှယဉ်နဲ့ ကျုပ်နဲ့ ကြိုက်နေကြတဲ့သတင်းကို လူချင်းဆောင်ကြရင်းနဲ့ ဘန့်ဘွေး ကုန်းရွာ၊ ထနောင်းကုန်းရွာ သိကုန်ကြတာပေါ့။

ကျုပ်တို့ရွာဦးဘုရားလေးမှာ လှယဉ်နဲ့ ကျုပ်နဲ့ တစ်ခါ တလေ ချိန်းတွေ့ကြတယ်။ ထူးတော့ ထူးသားဗျ။ အဲဒီလိုတွေ့တဲ့ အခါတိုင်း လှယဉ်က ကျုပ်ကိုမေးတယ်။

"ကိုတာတေ လှယဉ်တို့အကြောင်းတွေ အသိတုံး" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြောင်းတွေတုံး လှယဉ်ရဲ့၊ ကျုပ်သိတာက လှယဉ်တာ အဘာသူငယ်ချင်း ဘိုးအောင်စိန်ရဲ့သမီး၊ ဘန့်ဘွေးကုန်းရဲ့ ထွမ်းတောင်ကိုင် အချောအလှတစ်ယောက်၊ တစ်ရွာလုံးက ကာလသားတွေ ဘယ်သူမှ ပိုးလို့မရဘဲ ကျုပ်ကျမှ ရည်းစားဖြစ်ခဲ့တာလေ၊ ကျုပ် စွံလို့ပေါ့ လှယဉ်ရဲ့၊ တခြား ဘာများသိရဦးမှာတုံး"

ကျုပ်စကားကို ကြားတော့ လှယဉ်က ရယ်တယ်ဗျ။ သူ ဘာရယ်မှန်း ကျုပ် မသိဘူးဗျ။ ကျုပ် သိတာက တစ်ခုတည်းပဲ ရှိတာ။ ကျုပ် လှယဉ်ကို အရမ်းချစ်တယ်။ လှယဉ်ကလည်း ကျုပ်ကို ချစ်တယ်လို့ ယုံတယ်။

တစ်နေ့တော့ အဘခိုင်းလို့ ငွေတွင်းကုန်းကိုသွားပြီး နှမ်းမျိုးတွေ ယူရတယ်။ နှမ်းအိတ်တွေ သယ်ရမှာဆိုတော့ လှည်းနဲ့ သွားရတာပေါ့ဗျာ။ ကျုပ် နှမ်းအိတ်တွေယူပြီး ပြန်လာတော့ ငွေတွင်းကုန်းရွာလယ်လမ်းမှာ ကိုကြီးစိန်မောင်နဲ့ တွေ့တယ်ဗျ၊

"ဟ တာတေပါလား၊ ငွေတွင်းကုန်းကို ဘာလုပ်လာတုံး"

ကိုကြီးစိန်မောင်ဆိုတာ ကျုပ်နဲ့ လွှတ်ခင်တဲ့လူဗျ။ ရိုးလည်း အားကြီးရိုးတာ။ ခုထိ အိမ်ထောင်မကျဘဲ လူပျိုကြီးဘဝနဲ့ နေတာ။ အလုပ်လည်း လွှတ်လုပ်တဲ့လူဗျ။

"ဟာ ကိုကြီးစိန်မောင်၊ အဘ လွှတ်လိုက်လို့ လာတာဗျ။ နှမ်းမျိုးတွေ လာသယ်တာ"

"ဩော် ဘိုးကံလှကြီးဆီကထင်တယ်"

"ဟုတ်တယ်ဗျ၊ ကိုကြီးစိန်မောင်ရဲ့"

"အေး ဟိုနေ့ကတင် ဘိုးကံလှ ပြောသေးတယ် ထနောင်း

www.burmeseclassic.com

www.burmeseclassic.com

ကုန်းက ဘိုးတော်ကို နှမ်းမျိုးပေးရမယ်တဲ့ စိန်မောင်ရတဲ့။ ငါက ဘယ်ဘိုးတော်တုံးဆိုတော့ ဘိုးတော်ထွန်းလှလေ၊ တာတေရဲ့အဖေ လေကွာ” တဲ့။

“ဪ ဟုတ်တယ် ကိုကြီးစိန်မောင်ရေ အဘက ဘိုးကံလှ ကြီးရဲ့ နှမ်းရင်မျိုးကို သိပ်သဘောကျတာဗျ။ သူတို့ချင်း မြို့မှာတွေ့ တော့ အဘက တစ်ခါတည်း ပိုက်ဆံပေးပြီး မှာလိုက်တာ။ အခုမှ လာသယ်ဖြစ်တာဗျို့”

“နို့ တာတေ ဘယ်တော့ပြန်မှာတုံး”

“နှမ်းအိတ်တင်ပြီးရင် တအောင့်နေပြီး ပြန်မှာပေါ့ ကိုကြီး စိန်မောင်ရ”

“အေး ဒါဆို ငါ မင်းလှည်းကြုံနဲ့ လိုက်ခဲ့မယ်”

“ဟာ လိုက်လေဗျာ၊ ကိုကြီးစိန်မောင်ကလည်း ဒါ ပြောရ မယ့်လူမှ မဟုတ်တာ”

“ငါ ထံနောင်းကုန်းကို သွားမလို့ကွ”

“ဘယ်သူ့အိမ်တုံးဗျ၊ ကိုကြီးစိန်မောင်ရ”

“အိမ်မဟုတ်ဘူးကွ၊ ပုဗ္ဗာရုံဆရာတော်ဆီကို သွားမှာကွ ဆရာတော် ဆေးဖော်ဖို့ ပျားရည်စစ်စစ် သွားလှူမလို့”

“ဪ လာလေ၊ နို့ ပျားရည်ပုလင်းကော”

“မပါသေးဘူးလေကွာ၊ အခု အိမ်ပြန်ယူလိုက်မယ်လေ”

“ပြန်ယူ ပြန်ယူ၊ ကျုပ် စောင့်နေမယ်၊ အေးအေးဆေးဆေး လုပ်၊ ကျုပ် အချိန်ရတယ်ဗျ”

“အေးပါ၊ ငါ အခုချက်ချင်း ပြန်လာခဲ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



အဆင်တော့ ပြေသားဗျ။ ကျုပ် လာတုန်းက တစ်ယောက်တည်း ပျင်းဖို့တောင် ကောင်းသေးဗျာ။ အခု အပြန်ကျတော့ ကိုကြီးစိန်မောင်နဲ့ စကားပြောဖော် ရတာပေါ့ဗျာ။

ငွေတွင်းကုန်းအထွက်က လှည်းလမ်းက လွတ်ကြမ်းတာဗျ။ ကျုပ်ဖြင့် နှမ်းအိတ်တွေနဲ့ဆိုတော့ လှည်းကို မနည်းထိန်းမောင်းနေရတာဗျို့။ ချိုင့်ထဲ ဘီးစောင်းကျသွားရင် အဆင်မသင့် ဝင်ရိုးကျိုးတာတို့ လှည်းပဒေါင်းကွဲတာတို့ ဖြစ်တတ်တာဗျ။ ကျုပ်ကတော့ ဒီနေရာမှာ၊ ဒီနေရာကြီးလာတဲ့ကောင်ဆိုတော့ ဘယ်နား ဘာရှိတယ်ဆိုတာ အတတ်ကို သိနေတာပေါ့ဗျာ။

ဒီလမ်းတွေပေါ်မှာ ညဘက်ကြီး စွတ်ပြေးခဲ့ရတာတွေ ကျုပ် ကြုံဖူးပါတယ်။ ဒါပေမဲ့ လှည်းမောင်းရင်တော့ ကျုပ်က ကျုပ်လှည်းနဲ့ ကျုပ်နွားကြီးတွေကို အားကြီးညှာတဲ့ကောင်ဗျ။

"ဒါကြောင့်လည်း လူကြီးတွေက မင်းကို လွတ်ချီးမွမ်းကြတာကွ"

လှည်းကျန်တိုင်ကို ကိုင်ရင်းလိုက်လာတဲ့ ကိုကြီးစိန်မောင်က ကျုပ်ကို ပြောတယ်ဗျာ။

"ဘာတုံး ကိုကြီးစိန်မောင်ရ"

"လှည်းမောင်းတာလေကွာ၊ တာတေတို့များ လှည်းမောင်းရင် သူ့လှည်းနဲ့ သူ့နွားတွေ မနာအောင် လွတ်ဂရုစိုက်တာတဲ့။ ဘာတေမောင်းတဲ့ လှည်းများစီးရရင် အားကြီးစည်းစိမ်ရှိတယ် ဆိုပတွ။ အခု ငါကိုယ်တိုင် မင်းမောင်းတဲ့လှည်းကို စီးကြည့်တော့မှ သတ်သားပဲလို့ တွေးမိလို့ပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ကိုကြီးစိန်မောင် ပြောတာကို သဘောကျပြီး ပြုံးလိုက်တယ်။

"ကျုပ်က အဘနွားကြီးနှစ်ကောင်ကို အားကြီးချစ်တာဗျ၊ ကိုကြီးစိန်မောင်ရ၊ ဒါကြောင့် နွားတွေကို ညာပြီးအမြဲမောင်းတာ။ လှည်းလမ်းဆိုတာက မြေဖြန့်ကြီး သွားရတာမျိုးမှ မဟုတ်တာဗျာ။ လျှိုထဲ နိမ့်ဆင်းသွားလိုက်၊ ကုန်းပေါ် မော့တက်လိုက်ရနဲ့ နွားတွေ ခမျာ အားကြီးပင်ပန်းကြတာ"

"အင်း မင်းပြောတာ ဟုတ်တာပေါ့ တာတေရာ၊ တို့ အညာနွားဆိုတာ အားကြီးပင်ပန်းတာကွ၊ ပဲတိုက်ရ၊ နှမ်းတိုက်ရ၊ ရေစည်တိုက်ရ။ ဒီကြားထဲ ဟိုရွာ ဒီရွာ သွားကြ၊ ဘုရားပွဲသွားကြ၊ အလှူသွားကြနဲ့ ထမ်းပိုးချွတ်ရတယ်လို့ သိပ်ရှိတာ မဟုတ်ဘူးလေ"

"အဲဒါကြောင့် ကျုပ်က နွားတွေကို သနားလည်း သနား၊ ချစ်လည်း ချစ်တာပေါ့ ကိုကြီးစိန်မောင်ရ"

"အင်း နွားတွေကို ချစ်တာကတော့ ကောင်းပါတယ်ကွာ၊ ဘာအန္တရာယ်မှ မရှိပါဘူး၊ အေး လူတွေကို ချစ်ရင်တော့ ကြည့်ပြီး ချစ်ပေါ့ကွာ"

ကျုပ် ကိုကြီးစိန်မောင်ကို လှည့်ကြည့်လိုက်တယ်။ သူ့စကား က ဘာကိုရည်ရွယ်တာတုံးဆိုတာ ကျုပ် အကဲခတ်တာပေါ့ဗျာ။

"မင်းက ငါ့ကို အကဲခတ်တာလားကွ တာတေရ၊ ဟား ဟား ဟား"

ကိုကြီးစိန်မောင်ဆိုတာ ကျုပ်တို့ငယ်ငယ်ကတည်းက ချိုပြီး ပြီးလာတဲ့ အစ်ကိုတွေပဲဗျာ။ ကျုပ်တို့ကို မတော်တာတွေ့ရင် ရိုက်

www.burmeseclassic.com



ဖွတ်ပြီးတော့ ဆုံးမလို့ရတဲ့သူတွေပါ။

"ကိုကြီးစိန်မောင်စကားက ဘယ်လိုကြီးတုံးဗျာ"

"အေး မင်းနဲ့ အေးအေးဆေးဆေး ခုလိုကြုံတုန်း မင်းကို ပြောစရာကလေးတွေ ရှိနေလို့ကွ တာတေရ"

"ဟာ ကိုကြီးစိန်မောင်ကလည်းဗျာ၊ ကျုပ်ကို ပြောစရာရှိ ရင် ပြောပါဗျ၊ ကျုပ်တို့အရွယ်တွေက ကိုကြီးတို့ညီတွေ အရွယ်ပါဗျ"

"အေး အဲဒါကြောင့် ပြောတာပေါ့ကွာ"

ကိုကြီးစိန်မောင်က ကျုပ်ကို ပြောသင့် မပြောသင့် ချင့်ချိန် နေတဲ့ပုံဗျ။ ဒီတော့ လူ့သဘာဝအတိုင်း ကျုပ်က ပိုပြီးသိချင်လာတာ ပေါ့ဗျာ။

"ဘာများတုံး ကိုကြီးစိန်မောင်ရ"

လို့ ကျုပ်က ထပ်မေးလိုက်တော့မှ ကိုကြီးစိန်မောင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး ပြောတယ်ဗျ။

"ဒီလိုကွ၊ ခုတလောမှာ ဘယ်သွားသွား မင်းသတင်းပဲ ကြားနေရတာကွ တာတေရ"

"ဗျာ၊ ကျုပ်သတင်း ဟုတ်လား၊ ဘာများတုံးဗျ"

"မင်းနဲ့ လှယဉ်အကြောင်းပေါ့ကွာ"

"ဟာ ကိုကြီးစိန်မောင်ကလည်း ကျုပ်က ဘာများလဲလို့ ဒီကိစ္စက ဘာများ ဒီလောက်ထူးဆန်းနေလို့တုန်းဗျာ၊ လူပျိုနဲ့ အပျို သံးရည်းစား ဖြစ်တာပဲဟာ၊ ဘာများဆန်းနေလို့တုံး ကိုကြီးရ"

"ဆန်းနေတာပေါ့ကွ၊ မင်း စဉ်းစားကြည့်လေ၊ လှယဉ် ကလေး ဘယ်လောက်ချော၊ ဘယ်လှသလဲ၊ ဒါပေမဲ့ သူ့ကို ဆန့်ဘွေး

www.burmeseclassic.com

www.burmeseclassic.com



ကုန်းက ကာလသားတွေတစ်ယောက်မှ ပိုးတဲ့လူ မရှိဘူးကွ"

"ဟာ ကိုကြီးစိန်မောင်ကလည်း မပိုးဘဲ ရှိမလားဗျ၊ လှယဉ်က ပြန်မကြိုက်လို့ ရှိမှာပေါ့"

ကိုကြီးစိန်မောင်က ခေါင်းခါပြတယ်ဗျ။

"ဟဲ့ နွား၊ တည့်တည့်ဆွဲလေ၊ ဟိုဘက်က ညွှိကြီးက အဖြောင့်သွားလေကွာ၊ အို ဘယ်တုန်း ဟဲ့နွား"

ကျုပ်က နွားတစ်ချက်ငေါက်ပြီး ကိုကြီးစိန်မောင်ကို လှည့်ကြည့်တယ်။

"မဟုတ်ဘူး တာတေ၊ မင်း မသိလို့ကွ၊ လှယဉ်ကို ကာလသားတိုင်း ပိုးချင်ကြတာ၊ ဘန့်ဘွေးကုန်းတင်မကဘူးကွ၊ မင်းဆို့ ထနောင်းကုန်းရော၊ ငါတို့ ငွေတွင်းကုန်းရော ဟိုဘက်က မီးလောင်ကုန်းရော၊ အိုကွာ ဆရာမနိုင်ကရော၊ လှယဉ်ကို မြင်ဖူးတဲ့လူတိုင်း ပိုးချင်ကြတာကွ"

"ဒီ့ ဘာကြောင့် မပိုးကြတာတုံးဗျ"

"မပိုးဆို လှယဉ်အဘွား ဒေါ်ဆုံကြီးကို ကြောက်ကြလို့ပေါ့ ကွ"

"ဩော် ဒါလား၊ ကျုပ်က ဘာကြောင့်များတုံးလို့ဗျာ"

"မင်းလည်း ကြားဖူးတယ်မို့လား၊ လှယဉ်တို့အဘွား ဒေါ်ဆုံကြီးအကြောင်းကို"

"ဟာ ကြားဖူးပါတယ်ဗျာ၊ ဆယ့်နှစ်ကြိုးကဝေကြီး ဆို တာလေ"

"ဒါနဲ့များကွာ၊ မင်းမို့လို့ မကြောက်မရွံ့ လှယဉ်ကို ကြိုက်ရဲ

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်"

"ဟာ ကိုကြီးစိန်မောင်ကလည်း ဘွားဒေါ်ဆုံကြီးက ရှိမှ မရှိတော့တာ၊ ပြီးတော့ ဘွားဆုံကြီး ရှိတုန်းကရော ဘယ်သူ့ကို ပြုစားလိုက်တယ်လို့ ရှိခဲ့လို့လားဗျ၊ မီးဖွားမယ့်သူတွေ မီးမဖွားနိုင် ဖြစ်နေရင် ဘွားဆုံကြီးကို လှည်းနဲ့ ပြေးပင့်ကြရတာပဲမို့လား ကိုကြီး စိန်မောင်ရဲ့"

"အေးပေါ့ တာတေရ၊ အဲဒါကြောင့် လူတွေက ဘွားဆုံကြီး ကို ပိုကြောက်ကြတာပေါ့ကွ"

"အလိုဗျာ၊ မီးမဖွားနိုင်တဲ့သူကိုလည်း ကယ်ပေးရသေး တယ်၊ ဘာကို ပိုကြောက်ကြတာတုံးဗျ"

"ဟကောင် တာတေ၊ မင်း ဒီအကြောင်းတွေ မကြားဖူးဘူး ထင်တယ်"

"ဘာအကြောင်းတုန်း ကိုကြီးစိန်မောင်ရဲ့၊ ဟဲ့ ဟိုကောင် ကြီး ငနီ မှန်မှန်သွားလေ၊ ဘာဖြစ်လို့ အပြေးသွားနေတာတုံး ရှေ့က ကုန်းတက်ကျရင် ရုန်းရဦးမှာ၊ ဟင်း မှန်မှန်လျှောက်လေ၊ ဘယ်ကိုတုန်း ဟိုကောင် ညို တောက်၊ ဟင်း"

ကျုပ်က နွားငေါက်နေရတာနဲ့ စကားတောင် ရပ်သွား တယ်ဗျ။

"ဘွားဆုံကြီးက မီးမဖွားနိုင်လို့ အသက်ဘေးကြုံတော့မယ့် မီးနေသည်အိမ်ကို ရောက်တာနဲ့ အိမ်ပေါ်ကလူတွေကို အိမ်အောက် ကို ဆင်းခိုင်းတာပေါ့၊ ပြီးရင် ထွန်းထားသမျှ မီးတွေ အားလုံးလို ငြိမ်းသွားရောတဲ့ကွ၊ သူ့ပါးစပ်ကလည်း ဘာတွေရွတ်နေမှန်း မသိဘူးတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မီးနေသည်ရဲ့ဗိုက်ကို ပွတ်ပြီး ရွတ်တော့တာတဲ့ဟေ့။ မီးနေသည်က လှစ်ခနဲ အိပ်ပျော်သွားသလို ဖြစ်သွားရောတဲ့ဗျာ၊ အဲဒီမှာ ဘယ်လို လုပ်လိုက်တယ် မသိဘူးတဲ့ဟေ့၊ ကလေး အပြင်ရောက်နေရောဗျာ၊ ဒီတော့မှ မီးဖွားတဲ့သူက လန့်နိုးသလို ဖြစ်သွားပြီး နာတာ ကျဉ်တာ တွေ အားလုံးပျောက်သွားပြီး ဘာမှကို မသိလိုက်ဘဲ ကလေးမွေးပြီး သွားရောတဲ့ဟေ့။ ကလေးငိုသံကြားမှ အိမ်ကလူတွေလည်း အိမ် ပေါ်ပြန်တက်လာပြီး မီးတွေ ထွန်းကြရတာပေါ့ကွာ။ အဲ ဒါပေမဲ့ သူ့ကို ဘာကျွေးကျွေး မစားဘူးတဲ့၊ ရေတောင် တိုက်လို့ မရဘူးတဲ့ ဗျာ။ ကန်တော့ရင်လည်း လုံးဝလက်မခံဘူးတဲ့ဟေ့။ ပြီးတော့ သူက ပြောသေးသဗျ၊ ငါ့ကို မကန်တော့ကြနဲ့၊ ကန်တော့ချင်ရင် မဂျမ်း ကြီးကို ကန်တော့တဲ့ဗျာ"

"မဂျမ်းကြီး ဟုတ်လား ကိုကြီးစိန်မောင်၊ မဂျမ်းကြီး ဆိုတာ ဘယ်သူတုံးဗျ"

"မသိဘူးလေကွာ၊ မသိလို့ သူ့ကို မေးရင်လည်း ဘာမှ ပြန်မပြောဘူးတဲ့ဟာ၊ လူတွေကလည်း ဘွားဆုံကြီးကိုကြောက်လို့ သိပ်မမေးရဲဘူးပေါ့ကွာ"

"လူတွေက ဘွားဆုံကြီးကို ဘာဖြစ်လို့ ဒီလောက် ကြောက် ကြတာတုံးဗျ ကိုကြီးစိန်မောင်ရ"

"ဟကောင် တာတေရ၊ လပြည့် လကွယ်တိုင်း သူတို့ဝိုင်းထဲ က သပိတ်လုံးလောက်ရှိတဲ့ မီးလုံးကြီး ပျံထွက်သွားတာကို ဘန့်ဘွေးကုန်းတစ်ရွာလုံး ကလေးကစပြီး မြင်ဖူးနေတာကွ"

"ကိုကြီးစိန်မောင်ရာ ကျုပ်ကို ကပ်ဖဲ့လုပ်ပြီး မေးနေတယ်

www.burmeseclassic.com

www.burmeseclassic.com



လို့တော့ မထင်ပါနဲ့ဗျာ၊ ကျုပ် တကယ်မသိတာပါဗျာ၊ ဘွားဆုံကြီးက ဘယ်လိုလုပ်ပြီး မီးလုံးကြီး ဖြစ်သွားတာတုံးဗျ"

"ဟကောင် တာတေရ မီးလုံးဆိုပေမယ့် မီးရောင့်လို လင်းနေတဲ့ အလုံးကြီးကွ၊ မီးတောက်မီးလျှံကြီးကို ပြောတာ မဟုတ်ဘူးဟ၊ အဲဒီလို မီးလုံးကြီး ပျံသွားပြီဆိုရင် ဘွားဆုံကြီးက သူ့အိပ်ရာပေါ်မှာ တောင့်တောင့်ကြီး ဖြစ်နေရောတဲ့ဟေ့၊ အိပ်ပျော်နေတာတဲ့ကွ။ အဲဒီ မီးလုံးကြီး ပြန်ရောက်လာမှ ပြန်လှုပ်ပြီး နိုးလာတာတဲ့ဟေ့"

"ဟင်. ကိုကြီးစိန်မောင် ဒါတွေကို ဘယ်ကသိ. . ."

"ဟာ ဒီကောင်နှယ် လှယဉ်တို့အဖေ ဘိုးအောင်စိန်နဲ့ လှယဉ်အမေ အရီးမယ်မတို့ အိမ်ထောင်ကျတော့ ဘယ်သူမှ သဘောမတူကြဘူးလေ၊ ဆွေတွေမျိုးတွေအားလုံး ဝိုင်းဖျက်တဲ့ကြားကနေ ဘိုးအောင်စိန်က ခွတ်ယူတာတဲ့ဟေ့။ ငါ့အဖေနဲ့ ဘိုးအောင်စိန်နဲ့က သူငယ်ချင်းတွေလေကွာ၊ ငါ့အဖေ ပြောပြလို့ ဒါတွေကို ငါသိတာပေါ့ကွ၊ ဒီတုန်းက ဘိုးအောင်စိန်ကို တွေ့ရင် အဖေတို့က ဝိုင်းစကြတာတဲ့ကွ"

"ဟင် ဘယ်လိုစကြတာတုံး"

"ဟေ့ကောင် အောင်စိန်၊ မင်းဗိုက်ထဲမှာ အူတွေ၊ အသည်းတွေရော ရှိသေးရဲ့လား၊ မင်းယောက္ခမ ဒေါ်ဆုံ နှုတ်စားသွားပြီလား၊ မင်း ညဘက်အိပ်ရင် ဗိုက်ကို စောင်နဲ့ပတ်ပြီး အိပ်နေဦးဒါထက် နေပါဦး အောင်စိန်ရဲ့၊ မင်းယောက္ခမ ဒေါ်ဆုံကြီးက လပြည့် လကွယ် မီးလုံးကြီးလို ပျံတက်သွားရင် သူ့ကိုယ်ကြီးရော ကျန်ခဲ့သလား၊ ပါသွားသလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုပေါ့ကွာ၊ ဝိုင်းပြီး စကြ နောက်ကြ၊ ဝိုင်းပြီး မေးကြမြန်းကြပေါ့လကွာ"

"အဲဒီတော့ ဘိုးအောင်စိန်ကြီးက ဘာပြန်ပြောတုန်းဗျ၊ ဟဲ့နွား၊ တယ် ညည်း ပေကပ်ကပ်နဲ့ကွာ၊ တောက်၊ ဟဲ့ ဆွဲလေ၊ ဟဲ့"

ကျုပ်ကလည်း လှည်းမောင်းရင်း စကားပြောရတာကိုးဗျ။ စကားက ပြတ်ပြတ်သွားတာပေါ့လေ။

"သူငယ်ချင်းတွေဆိုတော့ ပြောတာပေါ့ကွာ၊ ဘိုးအောင်စိန်ပြောတာက ဒီလိုကွ"

"ဟာကွာ၊ အောင်စိန်ပါဆိုမှ၊ ဘယ်မှာ ဖုံသိဖုံသာနေလိမ့်မတုံးကွာ၊ ငါ့ယောက္ခမ ဒေါ်ဆုံက စုန်းတွေ ကဝေတွေ တောက်စားတဲ့အချိန်ဆိုရင် မီးလုံးကြီး ပျံထွက်သွားရောကွ၊ ငါ သူ့အခန်းကို သွားဖွင့်ပြီး ကြည့်တာပေါ့ကွ၊ စန့်စန့်ကြီးဟေ့၊ ဒီတော့ အသက်မှ ရှူရဲ့လားဆိုပြီး ကြက်တောင်ကလေးယူပြီး အဘွားကြီးရဲ့နှာခေါင်းဝကို တေ့ကြည့်တာပေါ့။ ဟာ ရှူတယ်ဟေ့၊ အသက်မှန်မှန်ရှူပြီး အိပ်နေတာကွ၊ ကိုယ်ကြီးကတော့ အလောင်းကောင်ကြီးလိုတောင့်တောင့်ကြီး ဖြစ်နေတာကွ၊ ဝိုင်းထဲကို အဲဒီမီးလုံးကြီး ပြန်ဝင်လာမှ လှုပ်လာတာဟေ့"

"နေပါဦး အောင်စိန်ရဲ့၊ မင်း အဲဒီလို ထချောင်းတာကို ကဝေမကြီး မယ်ဆုံက မသိဘူးလားကွ"

"ဟာ ဘယ်သိလိမ့်မတုံးကွာ"

"သတိတော့ ထားနေပါကွာ၊ မတော် မင်းအူတွေ အသည်းတွေ နှိုက်စားသွားမှဖြင့်ကွာ၊ အင်း ကဝေမကြီးရဲ့ နာမ်းမှန်း သိလျက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မင်းကလည်း ဒွတ်ယူခဲ့သကိုး၊ ဒါထက် မင်းက ဘုရားတွေဘာတွေ တော မှန်မှန်ရှိခိုးရဲ့လား၊ ခိုးတော့ ခိုးတယ်ကွ၊ ဒါပေမဲ့ သူတို့အိမ်မှာ ရှိခိုးရင် မယ်ဆုံကြီးက မကြိုက်ဘူးကွ၊ တစ်ခါတလေ ငါ တိတ်တိတ် ကလေး ရှိခိုးရင်တောင် သူသိတယ်ကွ"

"ဟေ အဲဒါဆို ဘာပြောတုံး"

"ပြောတော့ မပြောဘူးကွ၊ ဟင်း၊ ဟင်း၊ ဟင်း၊ ဟင်းနဲ့ ညည်းသလိုကြီး လုပ်တယ်ကွ၊ ငါလည်း ကြောက်တော့ ဆက်ပြီး ရှိမခိုးရဲဘူးပေါ့ကွာ"

"ဟင် ဒါဆိုရင် မင်းဘဝက ဘုရားတောင် မရှိခိုးရဲတဲ့ ဘဝပေါ့ ဟုတ်လား အောင်စိန်၊ ဖြစ်မှဖြစ်ရလေကွာ"

"ဒီလိုတော့ မဟုတ်ပါဘူးကွာ၊ ငါ့ယောက္ခမကြီး မရှိတဲ့ အချိန်ဆို အိမ်မှာ ရှိခိုးလို့ ရပါတယ်။ ငါ ရွာဦးက စေတီမှာ ဘုရား ရှိခိုး၊ ပုတီးစိပ် အမြဲသွားလုပ်ပါတယ်ကွ"

"ဩော် အေး အေး၊ ဘုရားတော့ စိတ်ထဲမှာ အမြဲရှိခိုးနေ ပါ သူငယ်ချင်းရာ၊ မင်းမှာ အန္တရာယ်မကြီးနဲ့ တစ်အိမ်တည်း အတူ နေနေရတာကွ"

"ဟာ မင်းတို့ ထင်သလောက်လည်း မဆိုးပါဘူးကွ၊ ငါ့ ယောက္ခမ မယ်ဆုံကြီးက ကဝေမကြီးသာဆိုတယ်၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူးကွာ၊ မီးမဖွားနိုင်တဲ့သူတွေကိုတောင် လိုက်ကယ်ပေး နေတာ မင်းတို့လည်း သိတာပဲလေ"

"အေးဒါတော့ ဟုတ်ပါတယ် ပ"

"အဲဒီလိုပေါ့၊ တာတေရာ၊ အဖေတို့၊ ဘိုးအောင်စိန်တို့

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က တွေ့ကြရင် ဒါပဲ ပြောကြဆိုကြတာတဲ့ကွ"

"နေပါဦး ကိုကြီးစိန်မောင်ရဲ့၊ အခုဟာက ဘွားဆုံကြီး သေသွားတာလည်း ကြာနေမှပဲဗျာ"

"ဟကောင် တာတေ၊ မင်း အဲဒါတွေ ခက်တာပေါ့ကွ၊ ဘွားဆုံကြီး သေသွားပြီးတဲ့နောက်မှာကို အဲဒီဝိုင်းထဲက မီးလုံးကြီး ပျံတက်နေတုန်းပဲတဲ့ကွ"

"ဗျာ၊ ဟုတ်ရဲ့လား ကိုကြီးစိန်မောင်ရဲ့"

"သြော် ဟုတ်ပါတယ်ဆိုကွာ၊ ဒါကြောင့် မင်းကို ငါ သတိပေးချင်လို့ ဒီအကြောင်းတွေ ပြောနေတာပေါ့"

"ဗျာ"

ဒီတစ်ချက်တော့ ကျုပ် ငိုင်သွားပြီဗျို့။ ကျုပ် တော်တော်ခေါင်းရှုပ်သွားတယ်ဗျာ။ ကိုကြီးစိန်မောင် ပြောသလိုဆိုရင် ကျုပ် ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူးဗျာ။

"ဟာ ဒီနွား၊ ရုန်းလေ၊ ဖြန်း"

အို ကျုပ် ညီကို ကြိမ်နဲ့ ရိုက်လိုက်တယ်။ ရိုက်ပြီးမှ ကျုပ် သတိဝင်သွားတာဗျ။ ဘယ်တုန်းကမှ ကျုပ် ဒီကောင်ကြီးတွေကို မရိုက်ခဲ့ဘူး။ ကျုပ် ဘယ်လိုဖြစ်ပြီး ညီကို ရိုက်လိုက်မိပါလိမ့်။ ကျုပ်စိတ်တွေကို ကျုပ် ရအောင်ထိန်းလိုက်တယ်။

"ဒါဆိုရင် ဘွားဆုံကြီးက သူ့ပညာကို အမွေပေးခဲ့တာပေါ့ နော် ကိုကြီးအောင်စိန်"

"ဒါပေါ့ကွာ၊ သူ့သမီး အရီးမယ်မကို သူ ပေးခဲ့မှာပေါ့၊ ဒီတော့ အရီးမယ်မဆီကနေ ဒီပညာတွေကို အမွေခံရမှာ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မထုံး၊ မင်း စဉ်းစားလေ တာတေရာ”

“လှယဉ်ပဲ ရှိတာပေါ့ဗျာ”

“အဲဒါကြောင့် ငါ့ညီကို အစ်ကိုကြီးက သတိပေးတာပါကွာ၊ စိတ်တော့ မကောင်းစရာပေါ့ကွာ၊ ဒါပေမဲ့ ခုနေ နောက်ပြန်ဆုတ်ခင် မီသေးတာပဲ တာတေရာ”

ကျုပ် နောက်ပြန်မဆုတ်ဘူး။ ဘယ်တော့မှ မဆုတ်ဘူး။ ဘာတွေဆိုတဲ့ကောင်က နောက်ပြန်ဆုတ်မယ့်ကောင် မဟုတ်ဘူး။ ရှေ့ကိုပဲ တိုးမယ့်ကောင်ဗျ။ ကဝေမရဲ့သမီးဖြစ်ဖြစ်၊ ဆယ့်နှစ်ကြိုးမရဲ့သမီးဖြစ်ဖြစ် ကျုပ် လှယဉ်ကို ချစ်တယ်။ လှယဉ်ကို ရအောင် ကျုပ် ယူမယ်။ ဒီဘဝမှာ ကျုပ် လှယဉ်ကို ရအောင်ပေါင်းမယ်။ ကျုပ်ဘဝရဲ့ လက်တွဲဖော်ဟာ လှယဉ်ပဲ ဖြစ်ရမယ်။

ကျုပ်စိတ်ထဲမှာ တော်တော်ကို ကျယ်ကျယ်လောင်လောင် အော်ပြောပစ်လိုက်တယ်။ ဒါပေမဲ့ ပါးစပ်ကတော့ ဘာမှဖွင့်မပြောခဲ့ပါဘူး။ ကိုကြီးစိန်မောင်က ကျုပ်ကို ညီတစ်ယောက်လို သတိပေးနေတာမို့လား။ တာတေက စပ်စုထုတ်တာပဲ ရှိတာပါ။ မရိုင်းပါဘူးဘူး။

ထိပ်နောင်းကုန်းကိုရောက်တော့ ကျုပ် ကိုကြီးစိန်မောင်ကို ဘုန်းကြီးကျောင်းအထိ လိုက်ပို့ပေးလိုက်တယ်။ ဆရာတော်ဆီတော့ မဝင်တော့ဘူးဗျာ။ ကျုပ်မှာက နှမ်းအိတ်တွေ ပါလာတော့ အိမ်ကိုပဲ ပြောင်းလာခဲ့တယ်။

အဲဒီညက ကျုပ် အိပ်မပျော်ဘူးဗျာ။ ကျုပ်မျက်စိထဲမှာတော့ ကျုပ်ကို ပြုံးကြည့်နေတဲ့ လှယဉ်ရဲ့ မျက်နှာလေးကိုပဲ မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာဗျ။ လှယဉ်ကို ကျုပ် မခွဲနိုင်ဘူး။ ကျုပ် မခွဲပါရစေနဲ့ဗျာ။ ဆယ့်နှစ်ကြိုးကဝေမကြီးရဲ့မြေးဖြစ်လို့ ပြီးတော့ ပညာလက်ဆင့်ကမ်းခဲ့ရတဲ့ အရိုးမယ်မရဲ့သမီးဖြစ်လို့ ကျုပ်ချစ်သူကို ကျုပ် မုန်းလိုက်ရတော့မှာလား။ ဝေးပါသေးရဲ့ဗျာ။ ကျုပ်က တာတေပါဗျ။ လှယဉ်ကို ကျုပ်ရအောင် ယူမယ်ဗျ။

လှယဉ်နဲ့ ကျုပ်နဲ့ ဘန့်ဘွေးကုန်းမြောက်ဘက်က ခင်တန်းကလေးမှာ မကြာ မကြာ တွေ့ဖြစ်ကြတယ်။ ခင်တန်းမှာပွင့်နေတဲ့ တောရိုင်းပန်းကလေးတွေလိုပဲ လှယဉ်က တောခလေ့အတိုင်း လှနေတဲ့ ပန်းရိုင်းကလေးတစ်ပွင့်ပါဗျာ။ ကျုပ် လှယဉ့်စိတ်ဆင်းရဲမယ့်စကားတွေ လုံးဝမပြောခဲ့ပါဘူး။ လှယဉ်နဲ့ ကျုပ်နဲ့ အရိုးသားဆုံး၊ အသန့်စင်ဆုံး ချစ်ခဲ့ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အသည်းပေါက်မတတ် ချစ်ခဲ့ကြတာပါဗျာ။

တစ်ရက်ပေါ့ဗျာ။ ကျုပ် ထုံးစံအတိုင်း ဝိုင်းထဲက မန်ကျည်းပင်ကြီးအောက်မှာ နဂါးဆေးပေါ့လိပ်ကလေးဖွာပြီး အိပ်တော့မလို့လုပ်နေတာ။ ဝါးပိုးခြမ်း ခေါင်းအုံးကလေးကို အမေ့တဘက်ကလေး ခင်းလို့ပေါ့ဗျာ။

"ကိုကြီးတာတေ အိပ်နေလားဗျ"

ကျုပ် ဝိုင်းဝကို ခေါင်းထောင်ကြည့်လိုက်တယ်။ ဝိုင်းထဲကို ခြေလှမ်းကျဲကျဲလှမ်းပြီး ဝင်လာတဲ့ ကျောက်ဒိုးဗျ။ ကျုပ် ချက်ချင်း အိပ်နေရာက ထလိုက်တယ်။

"ဟေ့ကောင် ကျောက်ဒိုး လာ၊ မင်း ဘယ်သူ့ပဲ လာတာတုံး၊ ထနောင်းကုန်းမှာ မင်းသူငယ်ချင်း ရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကိုတောင် ကျုပ်ပြောမပြရသေးဘူး။ ကျောက်ဒိုးဆိုတာ လှယဉ်မောင် နှစ်ယောက်ထဲက အငယ်ကောင်ဗျ။ ဒီကောင့်မှာ နာမည်တော့ ရှိတယ်ဗျ။ ကျုပ် မေ့နေပြီ။ အိမ်မှာတော့ ကျောက်ဒိုးပဲ ခေါ်ကြတာ။ အကြီးကောင်က သံခဲတဲ့။ မနှစ်က ရှင်ပြုတာ ဒီကောင်တွေညီအစ်ကိုလေဗျာ။

"လာဟေ့ ကျောက်ဒိုး၊ ရှင်ပြုပြီးမှ မင်းလည်း ထွားလာလိုက်တာ၊ ငါ့အရပ်တောင် ကျော်သွားပြီထင်တယ်"

ကျောက်ဒိုးက ကျုပ်ထိုင်နေတဲ့ ကွပ်ပျစ်မှာပဲ ဝင်ထိုင်တယ်။

"ကျုပ်က သူငယ်ချင်းဆီလာတာ မဟုတ်ဘူးဗျ၊ ကိုကြီးတာတေဆီကို လာတာ"

"ဟေ ဟုတ်လား၊ ဒါဆိုရင် ပြောလေ"

"ကျုပ်အစ်မ လွှတ်လိုက်လို့လာတာဗျ၊ အစ်မလှယဉ်က ပြောတယ် မနက်ဖြန် ချိန်းထားတဲ့ ခင်ဇာန်းကို မလာနဲ့တော့တဲ့၊ သူ့မှာ အရေးကြီးတဲ့ကိစ္စ ရှိလို့တဲ့၊ အဲဒါ လာပြောတာဗျ"

ကျောက်ဒိုးကို ကြည့်ရတာ နည်းနည်းတော့ ရှက်ကိုးရှက်ကန်းဖြစ်နေပုံပဲဗျ။

"ဪ အေးအေး မင်း ထမင်းစားပြီးမှ ပြန်လေကွာ"

"မစားတော့ဘူး ကိုကြီးတာတေ၊ အစ်မလှယဉ်က ပြောပြီးရင် ချက်ချင်းပြန်ခဲ့လို့ မှာလိုက်တယ်ဗျ"

"ဒါထက် ကျောက်ဒိုး၊ ကြုံတုန်း မင်းကို မေးရဦးမယ် မင်းကကော မင်းအစ်မလှယဉ်နဲ့ ငါနဲ့ကို သဘောတူရဲ့လားကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ကျောက်ဒိုးကို သွေးတိုးစမ်းပြီး မေးကြည့်တာပေါ့ဗျာ။ ကျောက်ဒိုးက မျက်နှာကို တစ်ဖက်လှည့်ပြီး ပြောတယ်ဗျ။

"ကျုပ်အစ်မလှယဉ် သိပ်ချောတယ်၊ ဒါပေမဲ့ ခင်ဗျားမှ မယူရင် ကျုပ်အစ်မကို ယူတဲ့သူ ရှိမှာမှ မဟုတ်တာ၊ ကိုကြီးတာတေကို သဘောတူပါတယ်ဗျာ"

"ဟော လှယဉ်ကို ဘာဖြစ်လို့ ယူမယ့်သူ မရှိရမှာလဲကွ၊ မင်းအစ်မ ဒီလောက်ချောတာ"

"ကိုကြီးတာတေရာ၊ လူတွေက ကျုပ်တို့ကို ကဝေမျိုး၊ စုန်းမျိုးလို့ သတ်မှတ်ထားကြတာဗျ"

"ဪ ဒါကြောင့်လား"

"နေပါဦး ကိုကြီးတာတေရ၊ ကျုပ်ကလည်း ခင်ဗျားကို မေးရဦးမယ်၊ ခင်ဗျားကော ကျုပ်အစ်မကို တကယ်ယူရဲလို့လား၊ လူတွေက ခင်ဗျားကိုပါ ကဝေမျိုး၊ စုန်းမျိုးလို့ ပြောကြမှာ။ ကျုပ်တို့ကို လူတွေကြည့်တဲ့ အကြည့်တွေဟာ ဘယ်လောက်အခံရခက်တယ်ဆိုတာ ခင်ဗျား မသိပါဘူးဗျ"

"ငါ သိပါတယ် ကျောက်ဒိုးရာ၊ ဒါတွေကို ငါ မမှုပါဘူးကွာ၊ ငါ မင်းအစ်မလှယဉ်ကို ယူရဲပါတယ်၊ ဘယ်သူတွေ ဘာပဲပြောပြော ငါ ဂရုမစိုက်ဘူးကွာ၊ ငါ လှယဉ်ကို ယူမှာ"

"ဒါဆိုလည်း ပြီးရောဗျာ၊ ကျုပ် ပြန်မယ်"

"နေဦး ကျောက်ဒိုး၊ ငါ ရွာထိပ်အထိ လိုက်ပို့မယ်"

ကျုပ်က ကျောက်ဒိုးကို ရွာထိပ်အထိ လိုက်ပို့တယ်။ ဒါပေမဲ့ အိမ်ပေါ်ကနေ မသိမသာ ကြည့်နေတဲ့ ကျုပ်အဘကို ကျုပ် သတိ



www.burmeseclassic.com

www.burmeseclassic.com



မထားမိဘူးဗျ။

နောက်နေ့မနက် ဝေလီဝေလင်းထပြီး ကျုပ်နဲ့ အဘနဲ့ ယာထဲသွားတယ်။ ယာထွန်ဖို့ပေါ့ဗျာ။ ကျုပ်နဲ့ အဘနဲ့ ယာတွေ နေ့ဆက်ထွန်နေတာဗျ။ ဒီနေ့ ထွန်မယ့်အကွက်က ဆပ်သမြောင်လို ခေါ်တဲ့ အကွက်ပေါ့ဗျာ။ သိပ်မကျယ်ပါဘူး။ ဘုန်းကြီးကျောင်းက ဆွမ်းစားတဲ့ ကြေးမောင်းထုချိန်ဆိုရင် ပြီးသွားမှာပါ။ ဒါကြောင့် သားအဖနှစ်ယောက် နွားနှစ်ကောင်ဆွဲပြီး အစောကြီး ထလာကြ တာ။

ယာထဲရောက်တော့ အဘက မန်ကျည်းပင်ကြီးအောက် မှာ ထမင်းတောင်းကလေးချပြီး ရေနွေးခရား ထုတ်တယ်။ ကျုပ်က နွားတွေကို ထွန်မှာတပ်တာပေါ့ဗျာ။ ဒီတုန်းမှာပဲ-

"ဟဲ့ ဟာတော၊ ဟိုမှာကြည့်စမ်း ဟိုမှာ"

လို့ပြောပြီး အဘက လက်ညှိုးထိုးပြတယ်။ အဘပြတဲ့ဘက် ကို ကြည့်လိုက်တော့ ဘန့်ဘွေးကုန်းရွာဘက်ဗျ။

"ဟာ မီးလုံးကြီးပါလား"

ဘန့်ဘွေးကုန်းရွာအစွန်က တောတန်းကလေးပေါ်မှာ နီမှိန် ညှိုမြိုင်ချည် ဖျံနေတဲ့ မီးလုံးကြီးဗျ။ ဟော ကြည့်နေတုန်းမှာပဲ မီးလုံးကြီးက အောက်ကို ထိုးဆင်းသွားတယ်ဗျ။ ဟာ ပြန်ပြီးတက် လာပြန်ပြီ။ ဟော ထိုးဆင်းသွားပြန်ပြီဗျို့။ အဘကလည်း မန်ကျည်း ပင်အောက်ကနေ ရပ်ပြီးကြည့်နေတယ်ဗျ။

"စုန်းတွေ ကဝေတွေ တောက်စားနေတာ ဖြစ်မှာပေါ့ကွာ"

အဘက ဒါပဲပြောပြီး ရေနွေးကြမ်း ထိုင်သောက်နေတယ်

www.burmeseclassic.com

www.burmeseclassic.com



ဗျ။ ကျုပ်ကတော့ ဘာမှမပြောဘဲ ယာစထွက်တယ်။ ကျုပ် လှမ်းကြည့်လိုက်တော့ ဘန့်ဘွေးကုန်းက မီးလုံးကြီး မတွေ့တော့ဘူးဗျ။ အဲဒီနေ့က မွန်းတည့်ချိန်လောက်မှ အဘနဲ့ ကျုပ်နဲ့ အိမ်ပြန်ရောက်ကြတယ်။

နေ့ခင်းကျတော့ ကျုပ်က ကွပ်ပျစ်မှာ အိပ်နေတယ်။ တကယ်ဆိုရင် ဒီလိုနေ့မှာ လှယဉ်နဲ့ ကျုပ်နဲ့ ချိန်းတွေ့နေကြဗျာ။ မနေ့က ကျောက်ဒိုး လာပြောထားတော့ ကျုပ် မသွားဘူးလေ။ အိမ်မှာပဲ အိပ်နေရတာပေါ့ဗျာ။

"ဟေ့ကောင် တာတေ၊ ငါက မင်းကို တွေ့ပါ့မလားလို့ကွ"

ဝိုင်းပေါက်ဝက အသံကြားလို့ ကျုပ် ခေါင်းထောင်ကြည့်လိုက်တော့-

"ဟာ ကိုကြီးစိန်မောင်ပါလား၊ လာလေ ကိုကြီး၊ ပုဗ္ဗာရုံကျောင်းကို သွားမလို့လား"

"ဟာ ပုဗ္ဗာရုံကျောင်းကို သွားမှာမဟုတ်ဘူးကွ၊ မင်းဆီကို လာတာကွ တာတေရ"

ကိုကြီးစိန်မောင်က ပြောပြောဆိုဆိုနဲ့ ကျုပ်ကွပ်ပျစ်မှာ ဝင်ထိုင်လိုက်တယ်။ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးပေးပြီး မီးခတ်နဲ့ မီးညှိပေးလိုက်တယ်။ ကိုကြီးစိန်မောင်က ဆေးပေါ့လိပ်ကို နှစ်ဖွာ သုံးဖွာ ဖွာပြီး အမော်ဖြေနေတယ်ဗျ။ ပြီးတော့မှ-

"တာတေ၊ ငါ ညက ဘန့်ဘွေးကုန်းမှာ အိပ်တယ်၊ ငါတို့ အရီးလေး နေမကောင်းလို့ကွ"

"ကိုကြီးစိန်မောင်တို့ အဘွားလေးက ဘယ်သူကုံး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ တာတေကလည်း အရီးဝိုင်းစိန်လေ၊ အမေညီမ အရင်းပေါ့ကွ"

"ဪ ဟုတ်လား၊ အရီးဝိုင်းစိန်ကိုတော့ သိသားပေါ့၊ ကိုကြီးစိန်မောင်တို့အဖေနဲ့ မောင်နှမမှန်း သိကို မသိတာဗျ၊ ဪ ဒါထက် မနက်က ဝေလီဝေလင်းထပြီး အဘနဲ့ ကျုပ်နဲ့ ယာထဲဆင်းတော့ ဘန့်ဘွေးကုန်းဘက်မှာ မီးလုံးကြီးတစ်လုံး ပျံနေတာ တွေ့တယ်ဗျ၊ ကျုပ်က မြင်တာမဟုတ်ဘူး၊ အဘ ပြလို့မြင်တာဗျ"

"အေး အခု ငါလာတာ အဲဒီကိစ္စပဲကွ"

"ဗျာ ဘာကိစ္စတုံးဗျ"

"မနေ့က ညနေက ဘန့်ဘွေးကုန်းသုသာန်က ဇရပ်ပေါ်မှာ လွယ်အိတ်ကြီးတွေ လွယ်ထားတဲ့ လူနှစ်ယောက် ရောက်တာတွေ့တယ်လို့ ရွာထဲမှာ ပြောနေကြတယ်ကွ။ ဒါနဲ့ ငါ့ညီဝမ်းကွဲ ဘောကျော်နဲ့ ငါနဲ့ မသိမသာ သွားပြီးအကဲခတ်တော့ ဟုတ်တယ်ကွ၊ နှုတ်ခမ်းမွေးကြီးတွေနဲ့ တစ်ယောက်က သျှောင်ထုံးကြီးနဲ့ကွ၊ တစ်ယောက်ကတော့ ရိုးရိုးဆံပင်ပါပဲ။ ဇရပ်ပေါ်မှာ ဖယောင်းတိုင်တွေထွန်းပြီး တစ်ခုခုလုပ်နေတာကွ၊ ဘာလုပ်နေတာလဲတော့ မသိဘူးကွ။ ငါတို့ညီအစ်ကိုလည်း မသိမသာဘဲ ပြန်လာခဲ့တာပေါ့ကွာ။ ရွာထဲမှာတော့ တိုးတိုး တိုးတိုးနဲ့ ဒီအကြောင်း ပြောနေကြတာပေါ့ကွာ။ မနက်လေးနာရီလောက်ကျတော့ ဘိုးအောင်စိန်တို့ဝိုင်းထဲက မီးလုံးကြီးတစ်လုံး ပျံတက်သွားတယ်လို့ ကင်းစောင့်တဲ့ ကောင်လေးတွေ လာပြောလို့ ငါ လိုက်သွားပြီး ကြည့်တယ်ကွ"

"ဘယ်ကို သွားကြည့်တာတုံး ကိုကြီးစိန်မောင်ရ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်တွေက သချိုင်းကုန်းဘက်ကို ပျံထွက်သွားတယ်ဆိုလို့ သချိုင်းကုန်းဘက်ကို လိုက်ကြည့်တာကွ"

"ဘာတွေ့တုံးဗျ"

"ဟာ တွေ့တာပေါ့ကွာ၊ မီးလုံးကြီး သစ်ပင်တွေပေါ်မှာ ဝဲနေတာကွ၊ မနေ့က ငါတွေ့ခဲ့တဲ့ လူနှစ်ယောက်က ဇရပ်နဲ့ သချိုင်းကြားက ကွက်လပ်ကြီးမှာ တစ်ယောက်နဲ့တစ်ယောက် ဆယ်ပေလောက်ခွာပြီး ရပ်နေကြတာကွာ။ မီးလုံးကြီးက အပေါ်မှာ ဝဲနေရာကနေ ထိုးဆင်းလာပြီး ဝင်းဝင်း ဝင်းဝင်းနဲ့ အလင်းတန်းတွေ လွှတ်လိုက်တယ်ကွ။ ဟိုလူနှစ်ယောက်ကလည်း ဝင်းဝင်း ဝင်းဝင်းနဲ့ အလင်းတန်းတွေနဲ့ ပြန်ပစ်တာပဲဟေ့။ မီးလုံးကြီးက အပေါ်ကို ထိုးတက်သွားလိုက်၊ အောက်ကို စိုက်ဆင်းလာပြီး အလင်းတန်းတွေ တဝင်းဝင်းနဲ့ ပစ်လိုက်၊ အောက်က လူနှစ်ယောက်ကလည်း အလင်းတန်းတွေနဲ့ ပြန်ပစ်လိုက်နဲ့ တော်တော်ကြာတယ်ကွ။ ခဏနေတော့ မီးလုံးကြီးက ပစ်လိုက်တဲ့ အလင်းတန်းကြီးဟာ သျှောင်ထုံးမပါတဲ့ လူရဲ့ကိုယ်ထဲကို ဖောက်ဝင်သွားရောဟေ့။ အဲဒီလူလည်း မြေကြီးပေါ်မှာ လူးလှိမ့်ပြီး အသံနက်ကြီးနဲ့ 'အား' ခနဲ တစ်ချက်ကြုံးအော်ပြီး ဆန့်ငင် ဆန့်ငင် ဖြစ်နေရောဟေ့။ သျှောင်ထုံးနဲ့ လူကြီးက သူ့လူကို ပြေးပွေ့ပြီး ပါးစပ်ထဲကို ဆေးတွေ ထိုးထည့်ပေးတယ်ကွ၊ ဒါပေမဲ့ ဆေးမမီတော့ဘူး ထင်တယ်ကွ၊ ငြိမ်ကျသွားရောဟေ့။ သျှောင်ထုံးနဲ့လူက 'တောက်' ခနဲနေအောင် တောက်ခေါက်လိုက်ပြီး မော့ကြည့်တယ်။ ဒါပေမဲ့ မီးလုံးကြီးက မရှိတော့ဘူးကွ"

"ဖော် ဟိုလူ သေသွားတာပေါ့ ဟုတ်လား ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အေး သေတာပေါ့ကွာ၊ သေလိုက်တာမှ စန့်စန့်ကြီးဟော့၊ ပါးစပ်ကလည်း သွေးတွေ တပွက်ပွက်နဲ့ အန်တာကွာ၊ မြင်လို့ကို မကောင်းပါဘူး"

"အဲဒီမီးလုံးကြီးက လှယဉ်တို့ဝိုင်းထဲက ထွက်လာတာပေါ့ ဟုတ်လား ကိုကြီးစိန်မောင်"

"အေး ဟုတ်တယ် တာတေ၊ ကင်းစောင့်တဲ့ သာကျော်နဲ့ အားကြီးက သေသေချာချာကို တွေ့ခဲ့တာပါဆိုကွာ"

"ဒါဆိုရင် ဒီမီးလုံးကြီးက ကျုပ်ယောက္ခမလောင်း ဆယ့်နှစ်ကြိုးတစေမကြီး အရီးမယ်မ ဖြစ်မှာပေါ့ဗျာ"

ကျုပ်စကားကိုကြားတော့ ကိုကြီးစိန်မောင်က ခေါင်းခါပြတယ်ဗျ၊ ပြီးတော့မှ မျက်နှာ ပျက်ပျက်နဲ့ ပြောတယ်။

"မနေ့က ရွာမှာ အရီးမယ်မ မရှိဘူးကွ၊ မြို့ကိုသွားတယ်၊ သိုးအောင်စိန်လည်း ပါသွားတယ်၊ အရီးမယ်မတို့ အဒေါ် တစ်ယောက် ဆုံးလို့တဲ့၊ နောက်နှစ်ရက်လောက်ကြာမှ ပြန်လာမှာတဲ့"

"ဗျာ ဒါဆိုရင် ဒီ ဒီ မီးလုံးကြီးက. . ."

ကျုပ် ကိုကြီးစိန်မောင်ရဲ့မျက်နှာကို အကဲခတ်လိုက်တယ်။

"ငါ အတိအကျတော့ မသိဘူး တာတေ၊ ဒါပေမဲ့ အိမ်မှာ က လှယဉ်နဲ့ သူ့မောင်နှစ်ယောက်ပဲရှိတာ"

"ဗျာ"

"မဗျာနဲ့ လူလေး၊ အဲဒါ မင်းသူငယ်ချင်းမ လှယဉ်ကွ"

ဘယ်တုန်းက နောက်မှာရောက်နေမှန်း မသိတဲ့ ကျုပ်အဘ ဝင်ပြောလိုက်တာဗျ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် အဘ၊ အဘသိတယ် ဟုတ်လား"

"သိပါပြီလား တာတေရယ်၊ အောင်စိန်က ငါ့သူငယ်ချင်းလေ၊ ငါတို့ ဝိုင်းပြီးဖျက်နေတဲ့ကြားက မယ်မကို ဒီကောင် ခွတ်ယူသွားတာ၊ သူ့ယောက္ခမ မယ်ဆုံကြီး မသေခင်မှာ သူ့ပညာတွေ မယ်မကို ပေးတာ မဟုတ်ဘူးကွ၊ သူ့မြေးမ လှယဉ်ကို ပေးခဲ့တာ။ သူ တောက်စားချိန်မှာ ငုံထားတဲ့ ကွမ်းဖတ်ကို လှယဉ်ကို ကျွေးလိုက်တာကွ၊ ဒီမိန်းမကြီးက နည်းတဲ့အဆင့် မဟုတ်ဘူး၊ မောက်လုံးထက် သုံးဆင့်မြင့်တယ်တဲ့။ အစိမ်းရောင်စက်တွေ လွှတ်နိုင်တယ်တဲ့။ ပညာပေးပေးချင်း လှယဉ်က အောင်သွားတယ်ဆိုပဲ။ ပညာပေးတဲ့ဆရာထက် တစ်ဆင့်နိမ့်တဲ့ ပညာသည် ဖြစ်လာတာလေ။ အဲဒီဆရာ သေတော့မှ သူက အဲဒီဆရာရဲ့ အဆင့်ကိုရတာ၊ အခု မယ်ဆုံမရှိတော့ လှယဉ်က သူ့အဘွားမယ်ဆုံရဲ့ အဆင့်ကို ရသွားတာပေါ့။ အဲဒါ အောင်စိန်က သူ့သမီးဆီက ပညာကို နှုတ်ပစ်ဖို့ အစွမ်းထက်တဲ့ဆရာကို ကြိတ်ပြီးရှာနေတာ၊ ငါ့ကိုလည်း အကူအညီတောင်းလို့ ငါလည်း ကြိတ်ပြီး ဆရာစုံစမ်းနေတာကွ။ မင်း သတိမထားမိလို့ပါ လူလေး တာတေရာ၊ သူတို့ အလှူလုပ်တုန်းက ကျောင်းကို မယ်မလိုက်လာပြီး ဘုန်းကြီးကို ရှိခိုးပြီး လှူကြတန်းကြတာလေ။ ကဝေဆိုရင် မယ်မက ဘုရားတို့ ဘုန်းကြီးတို့ကို ဘယ်ရှိခိုးလိမ့်မတုံး၊ အဲဒီတုန်းက မင်းသူငယ်ချင်းမ လှယဉ်က နေမကောင်းလို့ဆိုပြီး အိပ်ရာထဲက မထွက်ဘဲနေလို့ ဘုန်းကြီးကျောင်းကို ပါမှ မလာတာ"

ဟုတ်သားပဲဗျာ။ အဘပြောမှ ကျုပ်သတိထားမိတယ်။ ကျုပ်နဲ့ ရွာဦးကဘုရားမှာ တစ်ခါတွေ့ကြတုန်းကလည်း ဟိုလိုလို၊

www.burmeseclassic.com

www.burmeseclassic.com



လိုလုပ်ပြီး ဘုရားရှိခိုးမသွားဘူးဗျ။ နောက်ဆိုရင် ဘုရားကို တော့မှ မလာဘူးလေ။ ရွာမြောက်က ခင်တန်းမှာပဲ သူနဲ့ နဲ့ တွေ့ကြတာ၊ ဒြော် ဖြစ်မှဖြစ်ရလေ လှယဉ်ရယ်။

ကျုပ် စိတ်မကောင်းလိုက်တာဗျာ။ ကျုပ်နဒမည် တာတေ ကျုပ်က ကိစ္စတစ်ခုကို နောက်ဆုတ်တတ်တဲ့လူ မဟုတ်ပါဘူး ကျုပ်ချစ်သူ လှယဉ်ဟာ ကဝေ မကလို့ ဇော်တနီ၊ ဇော်ကနက်၊ တလုံး၊ မောက်ပြား ဖြစ်နေပစေ။ ကျုပ် လှယဉ်ကို ယူမှာ။ ရင် လှယဉ်ကို နားဝင်အောင်ပြောပြီး သူ့ပညာကို ဆရာကောင်း ကောင်းနဲ့ နှုတ်ပစ်မှာပေါ့ဗျာ။ ဘာဖြစ်သေးတုံး။

အဲဒီနေ့က ကိုကြီးစိန်မောင်နဲ့ အဘက ကျုပ်ကို ဖျောင်းဖျ တယ်။ လှယဉ်ကို မယူဖို့၊ နောက်ဆုတ်ဖို့ နားချကြတာပေါ့ဗျာ။ နဲ့ ညမိုးချုပ်သွားတယ်။ ကိုကြီးစိန်မောင်လည်း ကျုပ်တို့အိမ်မှာ စားတယ်။ ကျုပ်ကတော့ စားလို့ကို မရပါဘူးဗျာ။ ရင်ထဲမှာ တင့်တင့်ကြီးကို ဖြစ်နေတာဗျ။

အမေကတော့ တစ်ခွန်းပဲ ပြောတာဗျ။

"ငါ့သား တာတေ၊ သူဟာသူ စဉ်းစားပြီး လုပ်သင့်တာ ပါလိမ့်မယ်လေ"

အဲဒီညက အဘနဲ့ အမေက ဆွဲတာနဲ့ ကိုကြီးစိန်မောင် တို့အိမ်မှာပဲ အိပ်တယ်ဗျ။

အမေရယ်၊ အဘရယ်၊ ကိုကြီးစိန်မောင်ရယ်၊ ကျုပ်ရယ် ပြောနေကြတုန်း ညရှစ်နာရီကျော်ကျော်လောက်မှာ

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝက လှမ်းခေါ်လိုက်တဲ့အသံကို ကျုပ်ရော အဘတို့ရော ကြားလိုက်ကြတယ်။

"ဘယ်သူတုံး တာတေ၊ ညကြီးအချိန်မတော်"

အမေကပြောတော့ ကျုပ် ချက်ချင်းထကြည့်လိုက်တယ်။

"ဘယ်သူတုံး"

လို့ ကျုပ်က မေးလိုက်တယ်ဗျ။ ဝိုင်းဝမှာ ရပ်နေတဲ့ကောင်လေးက-

"ကျုပ်ပါဗျ၊ ကိုကြီးတာတေ၊ ကျောက်ဒိုးပါ"

"ဟေ ကျောက်ဒိုး၊ ဘာဖြစ်လို့တုံး၊ ညကြီးမိုးချုပ်လာတာ"

"တာတေ ဒါ လှယဉ်မောင်လား"

ကိုကြီးစိန်မောင်က ကျုပ်ကို မေးတယ်။

"ဟုတ်တယ်ဗျ"

ပြောပြောဆိုဆို ကျုပ်က အိမ်ပေါ်ကဆင်းပြီး ဝိုင်းဝကို ပြေးလာခဲ့တယ်။ ကျုပ်နောက်က ကိုကြီးစိန်မောင်လည်း ကပ်ပါလာတယ်။

"အစ်မလှယဉ်နဲ့ အောက်လမ်းဆရာကြီးနဲ့ တိုက်ကြတော့မယ်ဗျ၊ အစ်မလှယဉ် ဆံပင်ကြီးဖားလျားချပြီး သချိုင်းဘက်ကို ထွက်သွားတယ်"

"ဟေ ဟုတ်လား၊ လာ ကျောက်ဒိုး သွားကြမယ်"

ကျုပ် ပြေးပြီ။ ကိုကြီးစိန်မောင်နဲ့ ကျောက်ဒိုးလည်း ကျုပ်နောက်က ပြေးလိုက်လာကြတယ်။ ကျုပ်ခြေထောက်တွေကိုတောင် နှေးနေတယ်လို့ ကျုပ်စိတ်က ထင်နေတာဗျ။ ကျုပ်ပြေးနေတာ

www.burmeseclassic.com

www.burmeseclassic.com



မြေထောက်နဲ့ မြေကြီးနဲ့ ထိမှထိရဲ့လားတောင် မသိပါဘူးဗျာ။ ကျုပ်ရှေ့မှာ ဘန့်ဘွေးကုန်းသချိုင်းကို ကျုပ် မြင်နေရပြီဗျ။ ရောက်ပြီ။ ကျုပ် ရောက်ပြီ။ ဟာ တိုက်ခိုက်ကုန်ကြပါပေါ့လား။ ဆံပင်ကို ဖားလျားကြီးချထားတဲ့ ကျုပ်ချစ်သူ လှယဉ်ကတစ်ဖက်၊ ဩျှောင်ထုံးနဲ့ အောက်လမ်းဆရာကြီးကတစ်ဖက်။ ဟာ အောက်လမ်းဆရာက သူ့လက်ဝါးနှစ်ဖက်က တဝင်းဝင်းနဲ့ ထွက်လာတဲ့စက်တွေနဲ့ ပစ်ပြီဗျို့၊ ဟာ လှယဉ်ကလည်း စက်တွေထုတ်ပြီးပစ်တယ်။ နှစ်ဖက်လွှတ်တဲ့စက်တွေက လမ်းမှာတင်တွေ့ပြီး. . .

"ဝုန်း"

ဆိုတဲ့ အသံကြီးမြည်သွားတယ်ဗျ။ ဟာ မီးခိုးလုံးကြီးထွက်သွားလိုက်တာဗျာ။ သချိုဝန်းကျင်မှာ ဘန့်ဘွေးကုန်းရွာသားတွေ ဝိုင်းကြည့်နေကြပါရောလား။

ကျုပ်လည်း ဘာလုပ်ရမှန်း မသိတော့ပါဘူးဗျာ။ လှယဉ်ရှေ့နားမှာ ကျုပ် အင်မတန်မြတ်နိုးတဲ့ နူးညံ့မှုတွေ မရှိတော့ဘူးဗျ။ အင်မတန်ရက်စက်တဲ့ မျက်နှာပါဗျာ။

ပစ်ပြန်ပြီဗျို့။ ဒီတစ်ခါ လှယဉ်က စက်နဲ့ အရင်ပစ်တယ်ဗျ။ လှယဉ်ပစ်တဲ့စက်က အလင်းလုံးကလေးတစ်ခုဗျ။ သူ့လက်ဝါးနှစ်ဖက်ကြားက ထွက်သွားတာ။ အဲဒီအလင်းလုံးလေးက အောက်လမ်းဆရာကြီးကိုပတ်ပြီး မွှဲနေပြီဗျို့။ အောက်လမ်းဆရာကြီးက အလင်းလုံးကလေးကို မနည်းကို ရှောင်နေရတာဗျို့။ ဟော အောက်လမ်းဆရာကြီးက သူ့လွယ်အိတ်ထဲက အင်းချပ်လား ဘာလား မသိဘူးဗျ ထုတ်လိုက်ပြီ။ ဟော ဟော အလင်းစက်ကိုပစ်ဖို့ ချိန်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ။ ဟော ပစ်ပြီ၊ ပစ်ပြီ။

"ဝုန်း"

အလင်းစက်ကလေးကို သွားထိပြီး 'ဝုန်း' ဆိုတဲ့ အသံကြီး ထွက်လာတာဗျို့။ ဟာ အောက်လမ်းကြီး ဖင်ထိုင်လျက် လဲကျသွားပြီဗျို့။ ဟော ပြန်ထလာပြီ၊ ပြန်ထလာပြီ။

ဟာ လှယဉ်ရဲ့ ပါးစပ်ထဲက အစိမ်းရောင်တောက်တောက် အလင်းတန်းတွေ ထွက်လာပြီဗျ။ အလင်းတန်းကလေးတွေ ငါးခု လောက်ရှိတယ်။ ဟော ပေါင်းသွားပြီ။ အလင်းတန်းကလေးတွေက ကြိုးကျစ်သလိုကျစ်ပြီး တစ်ချောင်းတည်း ဖြစ်သွားပြီ။ ဟော ရှေ့ကို တိုးသွားပြီ။ ဟာ အောက်လမ်းဆရာကြီးကလည်း သူ့ပါးစပ်ကြီးကို ဟပြီး အလင်းတွေ ထုတ်နေပြီဗျ။ သူက အဖြူရောင်အလင်းတန်း တွေဗျ။ သူကလည်း ကြိုးကျစ်သလို လိမ်သွားပြီး ရှေ့ကို တိုးလာ ပြီဗျ။

ဟာ အစိမ်းရောင်နဲ့ အဖြူရောင် အလင်းတန်းနှစ်ခုတွေ့ ပြီး လိမ်သွားပြီဗျို့။ ဟော လိမ်လျက်သားနဲ့ ရှေ့ကို တိုးသွားပြီဗျို့။ အဖြူရောင်စက်တွေက လှယဉ်ဘက်ကို တိုးသွားသလို အစိမ်း ရောင်စက်တွေကလည်း အောက်လမ်းကြီးဘက်ကို တိုးသွားနေပြီ။

ဒီတုန်းမှာပဲ ကျုပ် သူ့ကို သတိရသွားတယ်။ မဖဲဝါလေ။ ကျုပ် သူ့ကို ခေါ်ကြည့်ဖို့ သတိရသွားတယ်။ ချက်ချင်းပဲ သင်္ချိုင်း ကုန်းထဲကို ကျုပ် ပြေးဝင်လိုက်တယ်။

"သင်္ချိုင်းရှင်မ မဖဲဝါ၊ ကျုပ် တာတေ ပင့်ဖိတ်ပါတယ်၊ ရောက်ရာအရပ်ကနေ အမြန်ကြွခဲ့ပါ၊ မဖဲဝါ အမြန်ကြွခဲ့ပါ၊ ဒီပွဲကို

www.burmeseclassic.com

www.burmeseclassic.com



အနိုင်အရှုံး ဆုံးဖြတ်ပါ။ လောကနဲ့ မထိုက်တဲ့သူကို သုတ်သင်လိုက်ပါ မဖဲဝါ”

ကျုပ်စိတ်ကို မဖဲဝါဆီညွှတ်ပြီး ပင့်လိုက်တယ်။

“ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး”

ဟာ လာပြီ၊ မဖဲဝါ ကြွလာပြီ။ သူ့ရဲ့ခွေးကြီးအသံကို ကြားနေရပြီ။ ဟာ ဟုတ်ပါ့ဗျာ။ ဂူတွေအပေါ်ကနေ လေထဲမှာ ရွှေ့လာတာဗျို့။ အရပ်ကြီး ဆယ်ပေလောက်မှာ ဆံပင်ဖားလျားကြီးချပြီး ထမီရင်လျားကြီးနဲ့ဗျ။

ပြေးလာတဲ့ မဖဲဝါကြီး သချိုင်းအလယ်လောက်မှာ တန့်ခနဲ ရပ်သွားတယ်။ ကျုပ်လည်း နောက်ကို လှည့်ကြည့်လိုက်တော့ အောက်လမ်းကြီးရဲ့ အဖြူရောင်စက်တွေက လှယဉ်ရဲ့ ပါးစပ်ထဲကို ဝင်သွားပြီ။ လှယဉ်လွှတ်တဲ့ အစိမ်းရောင်စက်တွေကလည်း အောက်လမ်းကောင်ကြီးရဲ့ ပါးစပ်ထဲကို ဝင်နေပြီဗျ။

မဖဲဝါ ရပ်ပြီးကြည့်နေတယ်။ ဘာမှမလုပ်ဘူးဗျ။ ပြီးတော့ ကျုပ်ကို တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားတယ်။ ကျုပ်ခေါ်တာ နောက်ကျသွားပြီဆိုတဲ့ ပုံစံဗျ။

ဟာ လဲသွားပြီ။ လှယဉ်ရော၊ အောက်လမ်းကြီးရော လဲသွားကြပြီ။ အောက်လမ်းကောင်ကြီးက ဆန့်ငင် ဆန့်ငင်ဖြစ်ပြီး ငြိမ်သွားပြီဗျ။ ကျုပ်က လှယဉ်ဆီကို ပြေးတယ်။ လှယဉ်ပါးစပ်ထဲက သွေးတွေ ပွက်ခနဲ အန်တယ်။ ကျုပ် လှယဉ်ကို ပွေ့ထားလိုက်တယ်။ လှယဉ်က ကျုပ်ရင်ဘတ်မှာ သူ့ပါးကလေးကို ကပ်ထားပြီး၊ ကျုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်တယ်။ ပါးစပ်ကလည်း သွေးတွေ ဒလဟော စီးကျနေ
တယ်ဗျ။

"တာတေ လှယဉ်စာ ကဝေမတစ်ယောက်ပါ"

"လှယဉ် နင် ဘာပဲဖြစ်ဖြစ် ငါ နင့်ကို ချစ်မှာပါ"

"ငါ ယုံပါတယ်၊ ငါလည်း နင့်ကို အရမ်းချစ်တယ် တာတေ"

သူ့လက်ကလေးတစ်ဖက်နဲ့ ကျုပ်ပါးကို လှမ်းကိုင်တယ်

"အင့်၊ ဝေါ့"

ဒီတုန်းမှာပဲ လှယဉ်ရဲ့ခေါင်းက ဘေးဘက်ကိုစောင်းပြီး
သွေးတွေ ထိုးအန်တယ်။ ကျုပ်ပါးကို ကိုင်ထားတဲ့ သူ့လက်ကလေး
ပြုတ်ကျသွားတယ်။ နှလုံးတွေလည်း အခုန်ရပ်သွားပါပြီ။ ကျုပ်မျက်
လုံးထဲက မျက်ရည်တွေ လှယဉ်ရဲ့ပါးပေါ်ကို တပေါက်ပေါက် ကြွေ
ကျကုန်တယ်။ တာတေ့ရင်ထဲမှာ နှလုံးသား မရှိတော့သလိုကို ခံစား
လိုက်ရတာပါပဲဗျာ။

တာတေ

□□□

www.burmeseclassic.com

www.burmeseclassic.com




အဘထင် ဆိုတာ ကျုပ်တို့ ထနောင်းကုန်းမှာတော့ အထင်ကရ လူတစ်ယောက်ပေါ့ဗျာ။ ရွာတောင်ပိုင်းမှာ အိမ်ကြီး ဆိုင်နဲ့ သပ်သပ်ခတ်ခတ် ကာထားကဲ့ အိမ်ဝိုင်းကြီးနဲ့ဗျ။ ရွာကလူ တွေက အဘထင် ဆိုလျှင် အားကြီးရှိန်ကြတာဗျို့။ အဘထင်က ဆောင်ထွက်ကြီးလေဗျာ။ ထောင်ကျတာမှ တစ်ခါမဟုတ်ဘူးဗျ။

*

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ခဏခဏ ကျတာဆိုပဲ။ ထောင်ထဲမှာတောင် ထောင်မင်းသား ဖြစ်နေတာတဲ့ဗျ။ ထောင်မင်းသားဆိုတာ ထောင်ကျလိုက် ပြန်လွတ်လိုက်၊ ပြန်ကျလိုက် ဖြစ်နေတဲ့လူကို ခေါ်တာလေဗျာ။

ထောင်ထဲမှာတော့ အဘထင်က ထောင်အာဏာပိုင်တွေနဲ့ ရင်းနှီးပြီး လူယုံလိုကို ဖြစ်နေတာဆိုပဲ။ ကျုပ်တို့ရွာကို ရောက်လာပြီး နေတဲ့အချိန်က စပြီးတော့ အဘထင်ဟာ တကယ့်လူကောင်းတစ်ယောက်ပါပဲဗျာ။

အဘထင်က ကျုပ်တို့ရွာသား မဟုတ်ဘူးလေ။ တခြားက ပြောင်းလာပြီးတော့မှ ရွာမှာ ဝိုင်းဝယ်ပြီး အိမ်ကြီးတစ်လုံး ဆောက်နေတာဗျ။ အစက သူ ဘယ်မှာနေတယ်၊ ဘာမှုတွေနဲ့ ထောင်ကျခဲ့တယ်ဆိုတာ ဘယ်သူမှ သိတာမဟုတ်ပါဘူး။

ကျုပ်တို့ရွာက လူသတ်မှုနဲ့ ထောင်ကျဖူးတဲ့ ကိုမောင်စိန်ကို အကြောင်းပြုပြီး ရောက်လာတာဗျ။ ထောင်ထဲမှ အဘထင်က ကိုမောင်စိန်ကို စောင့်ရှောက်ခဲ့တယ်ဆိုပဲ။

ကျုပ်တို့ရွာမှာ အဘထင်က ယာကလေး နည်းနည်းဝယ်ပြီး နွားတစ်ရှဉ်းနဲ့ ယာလုပ်တယ်။ သိပ်များများစားစားတော့ မဟုတ်ပါဘူး။ ကိုမောင်စိန်က ဦးဆောင်ပြီး လုပ်ကိုင်ပေးတာပါ။ ကိုမောင်စိန်ကတော့ အဘထင်ကို လွတ်ရိုသေတာဗျ။ ဆရာထင်လို့ပဲ အမြဲခေါ်တယ်။ အဘထင်ကလည်း ကိုမောင်စိန်ကို တော်တော်ခင်ပါတယ်။ သူတို့နှစ်ယောက် ထောင်ကလွတ်တော့ ကိုမောင်စိန်က အရင်လွတ်တာတဲ့။ နှစ်တော်တော်ကြာမှ အဘထင်က လွတ်လာပြီး ကိုမောင်စိန်ဆီကို လိုက်လာတာဆိုပဲ။ ကိုမောင်စိန်က အဘထင်ရဲ့ အမှုအခင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့အကြောင်းကို ပြောလေ့ပြောထ မရှိဘူးဗျ။ သူတို့ကို လူတွေက ကြောက်လည်းကြောက်ကြတယ်ဆိုတော့ ဘယ်သူမှလည်း မမေးရဲကြပါဘူးဗျာ။

ပြောရဦးမယ်ဗျို့။ တစ်ရွာလုံးကလူတွေ အဲဒီလောက်ရှိန်တဲ့ အဘထင်က ကျုပ်ကိုကျတော့ လွတ်ခင်တာကလားဗျာ။ သူဝိုင်းထဲတို့ သုံးလေးရက်လောက်များ မရောက်ရင် ကိုမောင်စိန်ကြီးကို ခေါ်ခိုင်းရော ဗျ။

ရွာထဲကလူတွေကတော့ ကျုပ်အကြောင်းကို သိပြီးသားမို့ ဟာ ဗျာ။

"တာတေတို့ကတော့ကွာ၊ လူမိုက်လည်း မရှောင်၊ စုန်းမ လည်း မရှောင်တဲ့ကောင်ပဲကွာ"

လို့ ကျုပ်ကွယ်ရာမှာ ပြောကြတယ်ဗျ။ သူတို့ပြောတဲ့ စုန်းမ ဆိုတာက 'သချိုင်းတစ်ရာ' မှာ ကျုပ်ရေးခဲ့တဲ့ အရိုးမယ်ခကို ပြော ကြတာလေဗျာ၊ ခင်ဗျား သိပါတယ်"

တစ်ရက်ကျတော့ အဘထင်က ကျုပ်ကို မေးတယ်ဗျ။

"တာတေ မင်း ကြောက်တတ်သလား"

"ဟာ အဘထင်ကလည်း လူတိုင်း ကြောက်တတ်တာပေါ့ ဗျား ကျုပ်လည်း လူပဲ၊ ကြောက်တတ်တာပေါ့ဗျ"

"အေး မင်းပြောတာ မှန်တယ် တာတေ၊ လောကမှာ မကြောက်တတ်တဲ့သူ မရှိပါဘူး"

အဘထင်က ကျုပ်ပြောတဲ့စကားကို သဘောကျသွား တယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com


“ဒါဆိုရင် ငါမေးမယ်၊ မင်း သရဲကြောက်တတ်သလား”

“ဟာ ကြောက်တာပေါ့ အဘထင်ရဲ ကြက်သီးတွေ တဖျန်းဖျန်းထအောင် ကြောက်တာဗျ။ ဒါပေမဲ့ ကျုပ်က ထွက်တော့ မပြေးဘူးဗျ”

“ဟား ဟား ဟား ဟား တာတေ၊ အဲဒါ မင်း မကြောက်တတ်တာပေါ့ကွ၊ မင်းပြောတဲ့ ကြက်သီးတွေ တဖျန်းဖျန်းထတယ်ဆိုတာ ကြောက်တာမဟုတ်ဘူးကွ၊ လန့်တာ၊ အဲဒါ လန့်သွားတာကွ”

“ဟင် ဟုတ်လားဗျ အဘထင်၊ ကျုပ်ကတော့ ကြောက်တာလို့ ထင်နေတာဗျ”

“မင်း မကြောက်တတ်ပါဘူး တာတေ၊ ငါက အကြောင်းရှိလို့ မင်းကို မေးတာပါ”

“ဟင် ဘာအကြောင်းတုံးဗျ အဘထင်”

“ဒီလိုကွ တာတေရ၊ ငါ ဒီည ဒီဝိုင်းထဲမှာ သရဲကျွေးဖို့ရှိတယ်ကွ”

“ဗျာ သရဲကျွေးဖို့ ဟုတ်လား အဘထင်”

“အေး ဟုတ်တယ်ကွ၊ သရဲဆိုပေမယ့် ငါနဲ့ ထောင်ထဲမှာ အတူတူနေခဲ့တဲ့ လူတစ်ယောက်ပေါ့ကွာ၊ ထောင်ထဲမှာတုန်းက ငါ့ကို သိပ်ခင်တဲ့လူကွ၊ သူသေတော့ သူ့ကို ငါ မွေးထားတာ”

“ဗျာ၊ ဒါ ဒါဆိုရင် အဲဒီလူက သရဲဖြစ်သွားတာပေါ့ ဟုတ်လား အဘထင်”

“ဟုတ်တာပေါ့ တာတေရာ၊ သူ သရဲဖြစ်သွားတာ၊ သူက ရိုးရိုးသေတာ မဟုတ်ဘူးလေကွာ၊ ကြိုးပေးခံရတာကွ”

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား အဘထင်၊ သူက ဘာမှုဖြစ်လို့တုံးဗျ"

"တကယ်တော့ သူက ဖောက်ထွင်းဝိဇ္ဇာပါကွာ၊ ဒါပေမဲ့ ...ဒီတစ်ခေါက် အိမ်ဖောက်တော့ အိမ်ထဲမှာတင် သူ့ကို ပိတ်မိသွား ...း ထွက်ပေါက်မရှိတော့ လူသုံးယောက်ကိုသတ်ပြီး ထွက်ခဲ့ရတာ ...တွေ၊ အဲဒီအမှုနဲ့ သူထောင်ကျလာတာ၊ လူသုံးယောက်တောင် ...တ်တာဆိုတော့ သူ့ကို ကြိုးပေးတာပေါ့ကွာ၊ သူ့နာမည်က ကိုဩ ...ကွ တာတေရ"

"သူ အခု ဘယ်မှာနေတုံး အဘထင်"

"ဒီဝိုင်းထဲမှာပဲ ငါနဲ့အတူတူနေတာလေကွာ"

"ဗျာ၊ ဒါဆိုရင် အခု သူ ရှိနေတာပေါ့ ဟုတ်လား အဘထင်"

"အေးပေါ့ကွ၊ ရှိတာပေါ့ တာတေရ"

"အဘထင် မကြောက်ဘူးလား"

"စောစောက ပြောသလိုပေါ့ကွာ၊ တစ်ခါ တစ်ခါတော့ ...န့်သွားတာတော့ ရှိတာပေါ့ကွ၊ ကြောက်တော့ မကြောက်ပါဘူး"

"သူ့နာမည်က ဘယ်သူတုံး အဘထင်"

ကျုပ်က အဘထင်ပြောလိုက်တဲ့ နာမည်ကို မသေချာလို့ ...င်မေးလိုက်တယ်။

"အေး လူ့ဘဝတုန်းကတော့ သူ့နာမည်က ကိုဩလို့ ခေါ် ...ယ်ကွ၊ ထောင်ထဲမှာတော့ ဆရာဩလို့ ခေါ်ကြတယ်၊ လူက ...ာက်ထွင်းဝိဇ္ဇာသာ ဆိုတယ်၊ စာတတ်ပေတတ်ဗျ"

"ဩော် ဟုတ်လား"

"အေး၊ သူက ငါနဲ့အတူလိုက်လာပြီးနေတော့ တစ်လ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ သူ့ကို ငါက ကောင်းကောင်းမွန်မွန် ကျွေးရတာပေါ့။ သူ
ထောင်ထဲမှာ ငါ့မိတ်ဆွေဆိုလည်း ဟုတ်တယ်၊ ငါ့ဆရာဆိုလည်း
ဟုတ်တယ်၊ သူ့ကျေးဇူးတွေကြောင့် ငါ အခုလို စိတ်ထားမျိုး
ဖြစ်လာတာကွ။ အခုလိုဘဝနဲ့ လူတစ်လုံး သူတစ်လုံး နေနိုင်တာ
သူ မသေခင် ငါ့ကို အများကြီး ဆုံးမသွန်သင်ခဲ့တာပေါ့ တာတေ

"ဩော် ဒါကြောင့် အဘထင်က ဆရာဩကို တစ်
တစ်ခါ ကျွေးမွေးစောင့်ရှောက်နေတာကိုး"

"အေး အဲဒါ ဒီည ကိုဩကို ကျွေးဖို့မွေးဖို့ ရှိတယ်
မောင်စိန် ဆိုတဲ့ကောင်က အားကြီးကြောက်တတ်တာ၊ မောင်စိန်
မင်းတို့ ငါတို့လို လန့်တာမဟုတ်ဘူးကွ၊ သူက ကြောက်ကို ကြော
တာကွ တာတေရ။ အဲဒီလိုကျွေးတဲ့ညဆိုရင် ဒီကောင် ဘယ်တော့
မလာဘူး၊ ရှောင်နေရော။ ငါကလည်း အသက်ကြီးလာတော့ ကျွေ
ဖို့မွေးဖို့တွေ လုပ်ရတာ ပင်ပန်းလာပြီကွ၊ အဲဒါ ဒီည မင်း လာ
ကူနိုင်မလားလို့ မေးတာပါ"

"ဩော် ဒီလိုလား၊ စိတ်ချ အဘထင်၊ ညကျရင် ကျ
ဆက်ဆက်လာခဲ့မယ်၊ နို့ ဘာတွေကျွေးရမှာတုံးဗျ"

"ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင်ကွ"

"ဗျာ"

"အေး ဟုတ်တယ်၊ ဆရာဩက အကောင်တော်တော်
နေပြီကွ၊ နည်းနည်းပါးပါးနဲ့ မဝတော့ဘူး၊ ဆိတ်တစ်ကောင်
ကင်ပေးရတယ်၊ ပြီးတော့ အမဲသား သုံးပိဿာချက်ပေးရတယ်
ထမင်းကတော့ တစ်စိတ်ချက်ကွ၊ တစ်စိတ်ဆိုတော့ လေးပြည်ပေါ့ကွ

www.burmeseclassic.com

www.burmeseclassic.com



"စားတော့ ကုန်ရောလားဗျ"

"ဟာ ကုန်ပါပြီလား တာတေရာ၊ ပြိုက်ခနဲနေအောင် ကုန်သာပေါ့ကွာ"

အဲဒီညက အဘထင်ရဲ့ ဝိုင်းထဲကို ကျုပ် ရောက်သွားတော့ ည ၁၀ နာရီလောက် ရှိပြီဗျ၊ လေးပေါင်လေးဘက် ပိုင်းပြီးကင်ထားတဲ့ ဆိတ်တစ်ကောင်ရယ်၊ အမဲသား သုံးပိဿာကို ကျကျနန ချက်ထားတဲ့ မွှေးကြိုင်နေတဲ့ဟင်းရယ်၊ ဆန်လေးပြည်ကို ချက်ထားတဲ့ ထမင်းအိုးကြီးရယ် အဆင်သင့်ဖြစ်နေပြီဗျ။

"ကဲ တာတေရေ မင်းရောက်လာတာ အချိန်ကိုက်ပဲဟေ့၊ ဟာ ဝိုင်းနောက်ဘက်မှာ စားပွဲခုံခင်းကွာ"

အဘထင် ပြောတဲ့အတိုင်း ကျုပ်က စားပွဲခုံအဝိုင်းကို ယူပြီး ဝိုင်းနောက်ဘက်မှာ ခင်းလိုက်တယ်။ မြေကြီးပေါ်မှာပဲပေါ့ဗျာ။ အဘထင်ရဲ့အိမ်ကြီး မြေရင်းဘက်ကျတာပေါ့။ အဲဒီဘက်မှာက သစ်ပင်ကြီးကြီးတွေ ရှိတယ်ဗျ။ မန်ကျည်းပင်နှစ်ပင်နဲ့ မနီးမဝေးမှာ သရက်ပင်အိုကြီး နှစ်ပင်လည်း ရှိတယ်။ နေ့ခင်းဘက်ဆိုရင် နေပျောက်တောင် မထိုးဘဲ လွတ်အရိပ်ကောင်းတဲ့နေရာပေါ့ဗျာ။

ထူးတော့ ထူးသားဗျ။ အဲဒီသစ်ပင်ကြီးတွေအောက်မှာ အမှိုက်သရိုက်ဆိုတာ လုံးဝမတွေ့ရဘူး။ မြေပြင်တခါလေးက ပြောင်ရှင်းနေတာ။ အဘထင်ပဲ အမှိုက်အမြဲလှည်းထားလို့လားတော့ မသိဘူးဗျ။ သန့်ရှင်းနေတာ။

ကျုပ် စားပွဲခုံခင်းပြီးတာနဲ့ အဘထင်က ထမင်းဟင်းတွေ သယ်လာတယ်။ အဆင်သင့်လုပ်ထားတဲ့ ငှက်ပျောရွက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



စားပွဲခုံပေါ် မှာခင်းတယ်။ စားပွဲခုံအကျယ်ကြီးမှာ ငှက်ပျောဖက်အပြည့်ခင်းလိုက်တာ။

"ကဲ တာတေရေ၊ ဟင်းအိုးနဲ့ ဆိတ်ကင် သယ်ကွာ"

ကိုဩလို့ခေါ်တဲ့ ဖောက်ထွင်းဝိဇ္ဇာသရဲကြီးကို အဘထင်က ကျွေးမွေးတဲ့နေရာမှာ အဖြစ်ကျွေးတာ မဟုတ်ဘူးဗျ။ ညည့်ကောင်းစောင်ကောင်းကို ညည့်ခံသလို ကျကျနန ကျွေးတာဗျို့။ စားပွဲခုံအကြီးကြီးမှာ အားလုံးခင်းကျင်းပြီးသွားတော့ လက်ဆေးဖို့ ရေအင်တုံတစ်လုံး၊ ပြီးတော့ သရဲကြီးသောက်ဖို့ သောက်ရေကို ရေပုံးနဲ့တစ်လုံး ထည့်ထားတယ်။ အဲဒီသောက်ရေပုံးထဲမှာ ရေခပ်သောက်ဖို့ ငွေဖလားတစ်လုံးလည်း ထည့်ထားတယ်။

စားပွဲခုံနဲ့ မလှမ်းမကမ်းမှာ ဖယောင်းတိုင် သုံးတိုင်ကိုလည်း ထွန်းလိုက်သေးသဗျ။ ချက်ထားတဲ့ အမဲသားဟင်းတွေကို စားပွဲခုံအပြည့်ပုံထားတဲ့ ထမင်းဖြူဖြူတွေပေါ်ကို အားလုံးလောင်းထည့်ထားတာ။ ပြီးတော့ ကင်ထားတဲ့ ဆိတ်တစ်ကောင်လုံးရဲ့ အသားတွေကို ထမင်းပုံကြီးပတ်လည်မှာ ဖြန့်ပြီးစီထားတာဗျ။ မွှေးကြိုင်နေတာ ပါပဲဗျာ။ ကျုပ်တောင် သရေယိုချင်သလို ဖြစ်လာတာဗျို့။

"တာတေ နောက်ဆုတ်နေ၊ ဆရာဩကို ငါ ပင့်တော့မယ်"

လို့ အဘထင်ကပြောတော့ ကျုပ်လည်း နောက်ဆုတ်ပြီး ဆိတ်ဖလှူးပင်အောက်ကနေ ကြည့်နေလိုက်တယ်။

"ထောင်တွင်းမှာ အကျဉ်းစံဘဝနဲ့ အတူတူနေရစဉ်အတွင်းမှာ ကျွန်ုပ် ထောင်မင်းသား ဘိုးထင်အပေါ်မှာ ညီရင်းတပည့်လို စောင့်ရှောက်သွန်သင်ခဲ့တဲ့ ဆရာဩခင်ဗျာ. . .

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ငဘိုးထင် ငါသေရင် ကျွတ်မှာမဟုတ်ဘူး၊ ငါလုပ်ခဲ့တဲ့ အကုသိုလ်တွေကြောင့် သရဲဖြစ်မှာ အသေအချာပဲ။ သရဲဘဝနဲ့ ငတ်ပြတ်နေရမှာမျိုးကို ငါ မလိုလားဘူးကွ၊ ဒီတော့ မင်း ငါ့ကို မွေးပါလို့ မှာခဲ့တဲ့အတွက် ဆရာကြီး မှာတဲ့အတိုင်း ကျုပ် အားလုံးကို စီစဉ်ပြီး မွေးခဲ့ပါတယ်။ တစ်လ တစ်ကြိမ် ဆရာကြီးကို ဝဝလင်လင် ကျွေးမွေးခဲ့ပါတယ်။ ဆရာကြီး လိုတာရှိရင် တပည့်ဘိုးထင်ကို အချိန်မရွေးပြောပါ။

ကဲ စားပွဲသောက်ပွဲစဖို့ အချိန်ရောက်ပါပြီ ဆရာ၊ အခုချက်ချင်း ကြွရောက်ပါ၊ အားရပါးရ စားသောက်ပါ ဆရာ၊ ဆရာကြီးရေ စားပါ၊ သောက်ပါ၊ ဆရာကြီးရေ စားပါ၊ သောက်ပါဗျာ"

ပြောဆိုပြီးတာနဲ့ အဘထင်က ကျုပ်ဘေးမှာ လာရပ်တယ်ဗျ။ ကျုပ်တို့ရွာသားတွေ အရမ်းကြောက်တဲ့ ဦးဘိုးထင်လို့ခေါ်တဲ့ ထောင်ထွက်ကြီးက အရပ်ကြီးကလည်း မြင့်မြင့် ကိုယ်လုံးကြီးကလည်း ထွားထွားကြီးဗျ။ ပုဆိုးအပြာကွက်တုံးကြီးကိုလည်း အမြဲဝတ်တာ။ အပေါ်ပိုင်းကတော့ ဖျင်ကြမ်းအင်္ကျီ အဖြူကလွဲရင် ဘာမှ မဝတ်ဘူးဗျ။ ခေါင်းကတော့ ကတုံးကို အမြဲတမ်းပြောင်အောင် ရိတ်ထားတာ။ ဒီအဘိုးကြီးက ကျုပ်ကိုတော့ လွှတ်ခင်တာဗျ။

ကျုပ်မို့လို့ သူ့အိမ်ကို လာလည်ရင် အားကြီးဝမ်းသာတာ။ လက်ဖက်၊ မြေပဲ၊ ပေါက်ပေါက်ဆုပ်၊ ရေနွေးကြမ်း ဘယ်တော့မှ မပြတ်စေရဘူး။ တစ်ခါ တစ်ခါတော့ အမဲခြောက်ဖုတ် ဆီစိမ်ကလေး ပါသေးသဗျ။

ပြီးတော့ သူငယ်ငယ်က ပေခဲ့ တေခဲ့တာတွေ၊ မိုက်ခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ထောင်တွေ ခဏခဏကျပြီး ထောင်မင်းသား ဖြစ်လာတော တွေ၊ ထောင်ထဲမှာ သူနဲ့အတူတူ ထောင်ကျခဲ့တဲ့ လူဆိုး၊ လူမိုက်ကြီး တွေအကြောင်း ထောင်ထဲမှာဖြစ်တဲ့ အင်မတန်ထူးဆန်းတဲ့ အကြောင်းတွေ၊ ထောင်ထဲမှာ တစ်ခါ တစ်ခါ တွေ့ရတတ်တဲ့ တစ်တောင်ကျော်ကျော်လောက်ရှိတဲ့ သရဲခြေရာကြီးတွေအကြောင်း အို စုံလို့ပါပဲဗျာ။

ကျုပ်က အဲဒါတွေကို နားထောင်ချင်လို့ အဘထင်ဆီကို လာလာနေတာဗျ။ အဲဒါကို ကျုပ်တို့ရွာသားတွေက ထောင်ထွက် လူမိုက်ကြီးနဲ့ တရင်းတနှီး နေရမလားဆိုပြီး ပြောဆိုကြတာပေါ့ဗျာ။ ပြောတဲ့အထဲမှာ ကျုပ်အဘနဲ့ အမေလည်း ပါတာပေါ့ဗျာ။

ဟာ စားပြီဗျို့၊ စားပြီ၊ အဘထင်ရဲ့ဆရာ သရဲကြီးတော့ ရောက်လာပြီ ထင်တယ်ဗျ။ တာ ထမင်းတွေရော ဟင်းတွေရော ပြိုက်ခနဲ လျော့သွားတာဗျို့။

"တွေ့လား တာတေ၊ ဆရာညြ စားသောက်နေပြီ၊ အားရ ပါးရကို စားတာကွ၊ ကြည့်စမ်း၊ ကြည့်စမ်း ဟိုဆိတ်ပေါင်ကြီးမှာ သွားရာကြီး ထင်သွားတာ နည်းတဲ့ပါးစပ်ကြီး မဟုတ်ဘူးကွ၊ ငါ့စိတ် ထင်တော့ ဆရာညြအရပ်က ထန်းပင်လောက်များ ရှိနေမလားပဲကွ"

"ဟုတ်ပ့ါ အဘထင်ရာ၊ ဆိတ်တစ်ပေါင်မှား သုံးလေးကိုက် ကိုက်လိုက်ရင် ကုန်ပါရောလားဗျ၊ ဟုတ်မယ်ဗျို့၊ အရွယ်တော်တော် ကို ကြီးမယ့်ပုံဗျ။ ထန်းပင်လောက် မမြင့်တောင် အုန်းပင်လောက် တော့ မြင့်မှာသေချာတယ်"

"ငါ့ဝိုင်းထဲမှာ 'ဆရာညြရဲ့ ခြေရာကို ငါ တစ်ခါ နှစ်ခါ

www.burmeseclassic.com



ခြင်ဖူးထားတယ်ကွ၊ တာတေရ"

"ဟင် ဟုတ်လား အဘထင်၊ တော်တော်ကြီးလား"

"ကြီးပါပြီလားကွာ၊ မင်းလက်တစ်တောင်လောက် ရှိမယ်ကွ"

"ဟာ ဟုတ်လားဗျ၊ ဒီကိစ္စကို ရွာထဲကလူတွေသာသိရင် ကြောက်လိုက်ကြမှာ အဘထင်ရာ"

"အေးပေါ့ တာတေရ၊ ဒီဝိုင်းထဲမှာ ဆရာညြ ရှိတာကို မသိလို့ပေါ့၊ သိသာသိရင် ဒီဘက်ကို လူတောင် လာရဲမှာ မဟုတ်ဘူးကွ"

ကျုပ်တို့ စကားပြောနေစဉ်မှာပဲ စားပွဲခုံအပြည့်ခင်းထားတဲ့ ဆန်လေးပြည်ချက် ထမင်းပုံကြီးက တစ်ဝက်တူးသွားပြီဗျို့၊ အမဲသားတွေရော ဆိတ်သားတွေရော တစ်ဝက်လောက် တူးသွားပြီ၊ ဆရာညြကတော့ စားတုန်းပဲဗျ။ ဟာ ကျုပ် အခုမှ ကြည့်မိတယ်၊ သောက်ရေပုံးထဲက ရေတွေလည်း တော်တော်လျော့နေပြီပဲ၊ အဲ့ ကြီးထဲ သောက်ရေလည်း သောက်တာကိုး။

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဆရာမနိုင်ဘတ် ဘုန်း တစ်ယောက် ဝိုင်းကိုကျော်တက်လို့ ဆရာညြ တွန်းချလိုက်တာ ခင်း ထိုင်လျက် ပြုတ်ကျသွားတယ်၊ အဲဒီလို ပြုတ်အကျမှာ ဒီကောင်က မော့ကြည့်လိုက်တော့ ဆရာညြကို မြင်သွားပုံရတယ်ကွ၊ ယော်ယော်ပါ အောင် အော်ပြီးစွတ်ပြေးတာ၊ ဘန့်ဘွေးကုန်းအကျော်လောက် ရောက်တော့ အကြောက်လွန်တာ ထင်ပါရဲ့ကွာ၊ မျက်လုံးကြီးတွေ ပြူးထွက်ပြီး သေနေပါရောလား။ အဲဒီတုန်းက ငါကတော့ အိပ် မပျော်တာနဲ့ အိမ်ထဲမှာ ထထိုင်နေတာကွ။ ဒီကောင် တော့ထထ

www.burmeseclassic.com



လာတာကို မြင်နေတာ။ နောက်တော့ ဒီအကောင် ပြုတ်ကျသွားပြီး ငယ်သံပါအောင် အော်လိုက်တာကို ကြားလိုက်ရတယ်။ နောက်နေ့ ကျမှ ဒီကောင် သေသွားတာကို သိလိုက်ရတာ၊ လူတွေကတော့ ဒီကောင် ဘာဖြစ်ပြီး သေသွားမှန်း မသိဘူးပေါ့ကွာ။ ငါလည်း အသာကလေးပဲ ငြိမ်နေရတာပေါ့ တာတေရာ"

ကျုပ် အဘထင် ပြောတာကို နားထောင်နေတုန်း ထမင်းတွေရော ဟင်းတွေပါ ကုန်ပြီဗျို့။ ဟာ ငှက်ပျောဖက်တွေပေါ်မှာ ထမင်းကျန် ဟင်းကျန် လုံးဝကို မရှိတော့တာဗျ၊ အားလုံးပြောင်သွားတာဗျို့။

"ဗွမ်း ဗွမ်း"

ဟာ လှက်ဆေးအင်တုံကြီးထဲမှာ လက်ဆေးတဲ့အသံဗျ။

"ဗွမ်း ဗွမ်း"

အောင်မယ် သရဲကြီးက လက်ကို သေသေချာချာကို ဆေးတာဗျို့။ ဟော သောက်ရေမှုံးထဲက ရေတွေလည်း ပြောင်သွားတာပဲဗျ။ အားလုံး သောက်ပစ်လိုက်ပြီထင်တယ်။

"အင်း ဆရာညြက အကောင်ပိုကြီးလာတယ် ထင်တယ်ကွ၊ ထမင်းတွေရော ဟင်းတွေပါ ခဏကလေးနဲ့ ကုန်သွားတာ၊ နောက်တစ်ခါဆိုရင်တော့ ထမင်းရော ဟင်းရော တိုးကျွေးမှ ဖြစ်မယ်ကွ တာတေရ။ ငါ့ဆရာ ဆရာညြ မဝမလင်ဖြစ်နေရင် ဒုက္ခ၊ ငါ ဘယ်လိုမှ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး"

"ဟာ ဖယောင်းတိုင်တွေ တစ်ပြိုင်တည်း ငြိမ်းကုန်ပြီ အဘထင်"

www.burmeseclassic.com

www.burmeseclassic.com



လေလည်း မတိုက်ဘဲနဲ့ ဖယောင်းတိုင် သုံးတိုင်က တစ်ပြိုင်တည်းကို ငြိမ်းသွားတာဗျို့။

"အေး အဲဒါ သူသွားပြီလို့ ငါ့ကို နှုတ်ဆက်တာကွ တာတေ ရ၊ ကဲ စားပွဲခုံတွေ သိမ်းရအောင်ကွာ"

အဘထင်က အသက်ကြီးလာပြီဆိုတော့ အရင်လို သွက်သွက်လက်လက် မရှိတော့ဘူးလေ။ ဒါကြောင့်လည်း ကျုပ်ကို အကူခေါ်တာပေါ့ဗျာ။

"အဘထင် ဖယ်နေ၊ ကျုပ် သိမ်းလိုက်မယ်"

ပြောပြောဆိုဆိုနဲ့ ကျုပ်က အိုးတွေ ခွက်တွေနဲ့ စားပွဲခုံကို သိမ်းလိုက်တယ်။

အဲဒီညကစပြီး တစ်လ တစ်ခါ သရဲကြီးကျွေးတိုင်း အဘထင်ကို ကျုပ် သွားကူပေးရတာပေါ့ဗျာ။ ဒီအကြောင်းကို ရွာထဲမှာတော့ ယောင်လို့တောင် မဟာရဲဘူးဗျို့။

အဘထင်ကို ကျုပ်တို့ရွာသားတွေက ထောင်ထွက်လူမိုက်ကြီးဆိုပြီး ကြောက်နေကြတာ။ အခုလို ခြေရာက်တစ်တောင်လောက်ကြီးတဲ့ သရဲကြီးကိုပါ မွေးထားမှန်းသိကြရင် ရွာလုံးကျွတ်တောင် တခြားကို ပြောင်းပြေးကြမလား မသိဘူးဗျ။

ကျုပ်လည်း အဲဒီညကစပြီး အလုပ်တစ်ခု ရသွားတာပေါ့ဗျာ။ ဖောက်ထွင်းဝိဇ္ဇာဟောင်း သရဲကြီး ဦးညြကို တစ်လ တစ်ခါ ကျွေးမွေးပေးရတဲ့ အလုပ်ပေါ့ဗျာ။ နောက်တော့ အဘထင် သင်ပေးလို့ ဆိတ်လည်း ကောင်းကောင်းကင်တတ်ပြီ။ အမဲသားဟင်းလည်း ချက်တတ်ပြီဗျ။ ဆန်တစ်စိတ်လောက်ကိုလည်း ကောင်းကောင်းချက်

www.burmeseclassic.com

www.burmeseclassic.com



တတ်နေပြီ။

လတိုင်း လကွယ်ညမှာ အဘထင်ဓာ သူဆရာဟောင်း သရဲကြီး ဦးညြကို ကျွေးမွေးတာဗျ။ တစ်လမှ ပျက်တာမဟုတ်ဘူး။

တစ်ရက်ကျတော့ အဘထင်က ကျုပ်ကို မေးတယ်ဗျ။

"တာတေ မင်းက အိမ်မှာအိပ်ရင် ဘယ်နားမှာ အိပ်တုံးကွ"

"မိုးတွင်းတို့ ဆောင်းတွင်းတို့ ဆိုရင်တော့ အခန်းထဲမှာ အိပ်တယ်ဗျ၊ နွေဆိုရင်တော့ ကျုပ်က ပူတော့ အိမ်ရှေ့မှာ ထွက် အိပ်တာ အဘထင်ရဲ့ ဘာဖြစ်လို့တုံး"

ကျုပ်ကလည်း အဘထင် မေးတဲ့မေးခွန်းကို နည်းနည်း တော့ အံ့ဩသွားတာပေါ့ဗျာ။ အဘထင်က တစ်ခုခုကို စဉ်းစား တယ်ဗျ။ ပြီးတော့မှ-

"အခုနွေဆိုတော့ မင်း အိမ်ရှေ့မှာ အိပ်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ကျုပ်အိမ်ရှေ့မှာ အိပ်တာ၊ သိပ်ပူတဲ့ညဆို ရင်တော့ ဝိုင်းထဲက မန်ကျည်းပင်အောက်က ကွပ်ပျစ်မှာ ခြင်ထောင် ကလေးထောင်ပြီး ဆင်းအိပ်တယ်"

"ဟာ ဒါဆိုရင် အဆင်ပြေတာပေါ့ကွ၊ အခုရက် ဝိုင်းထဲ ဆင်းအိပ်ကွာ"

"ဟင် ဘာလုပ်မလို့တုံးဗျ အဘထင်"

"အခုရက်အတွင်းမှာ ငါ ကိစ္စတစ်ခု ပေါ်လာလိမ့်မယ်ကွ"

"တကယ်လို့ ပေါ်လာရင် မင်းကို လာနှိုးမလို့ မင်း ငါနဲ့ အဖော်လိုက်ခဲ့ကွာ၊ မင်းလည်း သုံးဖို့စွဲဖို့ ရမှာပေါ့ကွ"

"ဗျာ အဘထင် ဓားပြတိုက်ဦးမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်တာကွာ တာတေရာ၊ ငါ အဲဒီအလုပ်တွေ မလုပ်တော့တာ ကြာလှပြီပဲ၊ ဒီလိုကွ၊ တစ်ချို့လူတွေက မြေကြီးထဲမှာ ပစ္စည်းဥစ္စာတွေမြှုပ်ပြီး ဝှက်ထားကြတယ်။ အေး သူတို့ သေတဲ့အခါကျတော့ မြှုပ်ထားတဲ့ပစ္စည်းတွေကိုစွဲပြီး စောင့်နေကြရတာပေါ့ကွာ။ ငါ့ဆရာ ဆရာညြက ပစ္စည်းစွဲနေတဲ့ ဥစ္စာစောင့်သရဲတွေနဲ့ တစ်ခါတလေ တွေ့တတ်တယ်။ အဲဒီသရဲတွေက ဒီဘဝကနေ ကျွတ်ချင်လွတ်ချင်ကြတာပေါ့ကွာ။ အဲဒါမျိုးဆိုရင် ဆရာညြက ငါ့ကို အိပ်မက်ပေးပြီး ပြောတယ်။ ငါက သူတို့ပစ္စည်းတွေကို ညဘက်သွားပြီး တူးဖော်ယူရတယ်၊ ပြီးရင် သိုသိုသိပ်သိပ် ထုခွဲရောင်းချပြီး သူတို့အတွက် အလှူအတန်းတွေ လုပ်ပေးရတယ်ကွ၊ ငါလည်း အဲဒီအထဲက တစ်ဝက်သုံးခွင့် ရတာပေါ့ကွာ"

"ဟာ ဟုတ်လား အဘထင်၊ ဆရာညြကို အဘထင် အိပ်မက်ထဲမှာ တွေ့ရတာပေါ့ ဟုတ်လား"

"ဟာ တွေ့ရတာပေါ့ကွ၊ ငါ့ဆရာနဲ့ ငါနဲ့ စကားတွေ ပြောကြတာပေါ့"

"ဆရာညြပုံစံက တော်တော်ကြောက်စရာကောင်းလားဗျ"

"ဟ တာတေရ အိပ်မက်ထဲမှာတော့ ဆရာညြက ဆောင်ထဲမှာ ငါနဲ့အတူတူ နေတုန်းကပုံပဲပေါ့ကွ၊ လူပုံစံပဲပေါ့"

"ဪ"

"အေး အခုလည်း ဆရာညြ ငါ့ကို အိပ်မက်ပေးထားတာ သုံးရက်ရှိပြီကွ၊ အဆင်သင့်လုပ်ထား သူ ယောခေါ် မယ်လို့ ပြောတယ်၊ သူလာခေါ်တဲ့ညကျရင် မင်းကို ငါ လာခေါ်မလို့ မေးတာကွ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ညြက မင်းကို ကောင်းကောင်းသိတယ်။ အိပ်မက်ထဲမှာ ငါ့ကို ပြောတယ်ကွ၊ မင်းအဖော်ခေါ် ချင်ရင် တာတေကို ခေါ်ခဲ့ပေါ့တဲ့။ ငါက အရင်လောက် မသန်မာတော့ မြေတွေဘာတွေတူးရင် သိပ်မမြန်ဆန်တော့ဘူးလေကွာ"

"ဪ ဒီလိုလား၊ ဒါကတော့ ကောင်းတဲ့အလုပ်ပဲ အဘထင်ရဲ ကိုယ်လည်း သုံးဖို့စွဲဖို့ရ တစ်ဖက်သားလည်း ဥစ္စာစောင့်နေရတဲ့ဘဝကနေ ကျွတ်လွတ်သွားတာပေါ့လေ"

"အေး မင်းပြောတာ ဟုတ်တယ်ကွ၊ ငါ့အခုလို ချမ်းချမ်းသာသာ နေနိုင် စားနိုင်နေတာ အဲဒီကိစ္စတွေ လုပ်နေလို့ကွ၊ ယာလုပ်တယ်ဆိုတာက ဟန်ပြလုပ်တာပါကွာ၊ ရတာလည်း မောင်စိန်ကို ပေးလိုက်တာပါ၊ ငါက သိပ်မယူပါဘူးကွဲ"

"နေပါဦး အဘထင်ရဲ့၊ အဲဒီလို ဥစ္စာတွေတူးတော့ တော်တော်ကော ရလား ဗျ"

"သိပ်များများစားစား မရပါဘူးကွာ၊ သူတို့ရှိတဲ့ပစ္စည်းကလေးတွေကို သူခိုးဓားပြ ကြောက်လို့ ဝှက်ထားကြတာပါ။ အဲဒါကလေးတွေကို ထုခွဲပြီး ငါလည်း သုံးရ သူတို့အတွက်လည်း အလှူအတန်း လုပ်ပေးရတာပေါ့ကွာ။ အေး ဒီတစ်ခါတော့ ဘယ်လိုနေမယ် မသိသေးဘူးပေါ့ကွာ"

"လာန့်းဗျာ၊ ဒီကိစ္စကို ကျုပ် တော်တော်စိတ်ဝင်စားသွားပြီဗျ၊ ဒါထက် နေပါဦး အဘထင်ရဲ့၊ ကျုပ်တို့ တူးတဲ့ဆွတဲ့အချိန်မှာ အဲဒီဥစ္စာစောင့်နေတဲ့ သရဲက အန္တရာယ်တွေဘာတွေ ပေးပါဘူးနော်"

www.burmeseclassic.com



"ဟာ တာတေကလည်း ဘယ်လာအန္တရာယ်ပေးမှာတုံးကွ၊ သူကိုယ်တိုင်က ဒီဘဝကနေ ကျွတ်ချင်လွတ်ချင်လို့ ဒီလိုလုပ်ခိုင်းတာလေကွာ၊ အေး မင်းပြောသလို အန္တရာယ်ပြုတယ်ပဲထား၊ ငါ့ဆရာကိုဩကာ တွယ်ထည့်လိုက်မှာပေါ့ကွ"

"ဟင် ဒါဆို ဆရာဩကြီးပါ လိုက်မှာပေါ့ ဟုတ်လား"

"ဟာ သူ မပါလို့ ဘယ်ဖြစ်မှာတုံး တာတေရဲ့"

"ဩော် ဟုတ်သားပဲ၊ ကဲ ကျုပ်ဘက်ကတော့ လိုက်ဖို့ အဆင်သင့်ပါပဲဗျာ၊ အဘထင်သာ ကျုပ်ကို လာနှိုးပေတော့၊ ဒီညက စပြီး ကျုပ်ဝိုင်းထဲ ဆင်းအိပ်မယ်"

"အေး ဒါဆိုရင် အဆင်ပြေပြီပေါ့ကွာ၊ မင်းလောက် သတ္တိကောင်းတဲ့လူငယ်မျိုးကို ငါ့တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးသေးပါဘူး တာတေရာ"

"ဟာ ကျုပ်က ဒီလောက်လည်း မဟုတ်ပါဘူးဗျ"

အဲဒီညကစပြီး ကျုပ် ဝိုင်းထဲက ကွပ်ပျစ်မှာ ဆင်းအိပ်တယ်။ ဒါ တတိယမြောက်ညပဲဗျ၊ အရင်ညတွေကတော့ အဘထင်လာမနှိုးဘူးဗျ၊ ကျုပ်လည်း ညတိုင်း အဆင်သင့်ပြင်ထားတာပဲဗျ၊ မြေတူးတဲ့ တူရွင်းပြားကြီးကိုတောင် မသိမသာ ကျုပ်ကွပ်ပျစ်အောက်မှာ ယူထားတာဗျ။ ဒီညတော့ ဝိုင်းထဲမှာ လေကလေး တဖြူးဖြူးနဲ့ဆိုတော့ ကျုပ်လည်း စောစောပဲ အိပ်ပျော်သွားရောဗျို့။

"တာတေ၊ တာတေ ထ၊ ထ"

ကျုပ်ကို လှုပ်နှိုးနေတာဗျ။ ကျုပ် နိုးသွားတော့ ကျုပ်အိပ်ရာဘေးမှာ ရပ်နေတဲ့ အဘထင်ကို ကြယ်ရောင် ဝိုးတိုးဝါးဝါးကလေး

www.burmeseclassic.com



နဲ့ မြင်ရတယ်။ ကျုပ်ကလည်း အဘထင်လိုပဲ လေသံခပ်အုပ်အုပ် လုပ်ပြီး-

"အအထင် သွားတော့မှာလား"

"အေးကွ"

ကျုပ်လည်း ခြင်ထောင်ထဲကထွက်ပြီး ကွပ်ပျစ်အောက်မှာ ထိုးထားတဲ့ တူရွင်းကိုပါ ယူလိုက်တယ်။

"ဒါ ဘာတုံးကွ"

"တူရွင်းလေ အဘထင်"

"အေး ကောင်းတယ်၊ ကောင်းတယ်၊ ငါက ပေါက်တူး ယူလာတယ်၊ ပြီးတော့ ဂုန်နီအိတ်ခွံနှစ်လုံးလည်း ပါတယ်"

ကျုပ်နဲ့ အဘထင်နဲ့ လေသံအုပ်အုပ်ကလေးနဲ့ ပြောကြပြီး ကျုပ်တို့ဝိုင်းထဲက ထွက်လာခဲ့တယ်။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ဟာင် ကျုပ်တို့ရှေ့ ခပ်လှမ်းလှမ်းက ကြားတာဗျ၊ ဘာသံပါ လိမ့်။

"အဘထင် ရှေ့က ဘုတ် ဘုတ်နဲ့ ကြားလား၊ ဘာသံတုံးဗျ"

"တာတေကလည်း ဒါတောင် မသိဘူးလား၊ အဲဒါ ကိုသြ ပေါ့ကွ၊ အဲဒီခြေသံကို သေသေချာချာ နားထောင်ပြီး ခြေသံနောက် က လိုက်ရမှာ"

"ဟာင် ဟုတ်လား"

ကျုပ်ဖြင့် ကျောထဲမှာ စိမ့်ကနဲတောင် ဖြစ်သွားငယ်ဗျ။ ကြက်သီးတွေလည်း ဖျန်းခနဲ ထသွားတယ်။ ဟိုတစ်ခါက အဘထင်



www.burmeseclassic.com

www.burmeseclassic.com



ပြောသလို ဖြစ်တာထင်ပါရဲ့ဗျာ၊ ကြောက်တာမဟုတ်ဘူး လန့်တာတဲ့။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

မြေပြင်ပေါ်ကိုနင်းတဲ့ ခြေသံက တော်တော်ပြင်းတာဗျို့။ ဒီခြေသံကို မှန်းကြည့်ရရင် ဆရာဩဆိုတဲ့ သရဲကြီးဟာ အရွယ် တော်တော်ကြီးပုံရတယ်ဗျ။

အဘထင်က ပေါက်တူးနဲ့ ဂုန်နီအိတ်ခွံလိပ်ကိုထမ်း၊ ကျုပ်က တူရွင်းပြားကို ထမ်းလို့ပေါ့ဗျာ။ ညကလည်း လဆုတ်ညဆိုတော့ ကြယ်ရောင်ကလေးပဲ ရှိတာဗျ။ ရွာပြင်ရောက်တော့ ခြေသံကြီးက ဘန့်ဘွေးကုန်းဘက်ကို မသွားဘဲ မီးလောင်ကုန်းဘက်ကို သွားတာဗျို့။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

အဘထင်ရော၊ ကျုပ်ရော ခြေသံကို သေသေချာချာ နားစွင့်ပြီး နောက်က လိုက်ရတာပေါ့ဗျာ။

ဟော ခြေသံက တဖြည်းဖြည်းနဲ့ မီးလောင်ကုန်း သချိုင်းဘက်ကို သွားနေတာဗျ။ ပစ္စည်းပိုင်ရှင်က သူ့ပစ္စည်းကို သချိုင်းထဲမှာများ လာမြှုပ်ထားလို့လား ကျုပ် တွေးကြည့်မိတယ်ဗျ။

မဟုတ်ဘူးဗျို့။ ခြေသံကြီးက သချိုင်းထဲကို မဝင်ဘဲ ဘေးတပတ်သွားတာဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

သချိုင်းကုန်းကိုပတ်ပြီး ရွာဘက်ကို သွားတာဗျ။ ရွာထဲများ ဝင်မှာလားလို့ ကျုပ်မှာ စိုးရိမ်သွားတာဗျို့။ သူများဝိုင်းထဲများ ဝင်တူးနေရမှာလားလို့ ပူသွားတာဗျို့။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

www.burmeseclassic.com

www.burmeseclassic.com



မဝင်ဘူးဗျို့၊ မဝင်ဘူး။ ရွာဘေးကပတ်ပြီး ယာခင်းကြီး တစ်ခုထဲကို ဝင်သွားတာ။ ယာကွက်က တော်တော်ကျယ်သားဗျ။ ခပ်လှမ်းလှမ်းမှာ ထနောင်းပင်အုပ်အုပ်ကလေးဗျ။ ထနောင်းပင် သုံးလေးပင် စုပေါက်နေတဲ့ပုံဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ဟော သရဲကြီး ဦးညြရဲ့ ခြေသံက အဲဒီဘက်ကို သွားနေတာဗျ။ ထနောင်းတောကလေးဆီကို ဦးတည်ပြီး သွားနေတာဗျို့။ ဟော ထနောင်းတောကလေးနားမှာ ခြေသံပျောက်သွားပြီဗျ။

အဘထင်နဲ့ ကျုပ်လည်း ထနောင်းပင်တွေအောက်ကို ရောက်တော့ ဟိုကြည့် သည်ကြည့်ပေါ့ဗျာ။ ဘယ်နားသွားပြီး တူးရ မှန်းမသိတာ့။

"ညောင်၊ ဘုတ်"

ဟင် ကျုပ်တို့ ရပ်ကြည့်နေတုန်းမှာ ထနောင်းပင်ပုကလေး ပေါ်ကနေ ကြောင်နက်ကြီးတစ်ကောင် ခုန်ချလာတာဗျို့။ အဘ ထင်ရော ကျုပ်ပါ ကြောင်နက်ကြီးကို လိုက်ကြည့်ကြတာပေါ့ဗျာ။ ကြောင်နက်ကြီးက သေးသေးမဟုတ်ဘူးဗျ။ ခွေးခပ်ငယ်ငယ် တစ်ကောင်လောက်ကို ရှိတာဗျာ။ မှောင်ထဲကနေ ကျုပ်တို့ကို စိုက် ကြည့်နေလိုက်တာ ကွမ်းသီးလုံးလောက်ရှိတဲ့ မျက်လုံးကြီးတွေက စိမ်းနေတာပဲဗျာ။ ကျုပ်ဖြင့် ကျောထဲမှာ စိမ့်ခနဲ စိမ့်ခနဲ ဖြစ်သွား လိုက်တာဗျာ။

"ညောင်"

"ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကြောင်နက်ကြီး 'ညောင်' ဆိုပြီး ရုတ်တရက် ထအော်လိုက်တော့ အဘထင်တောင် လန့်သွားတာဗျ။ 'ဟဲ့' ဆိုပြီး အဘထင်ယောင်အော်တယ်။ အဘထင်က လူထွားကြီးဗျ။ ခေါင်းတုံးကြီးပြောင်ပြောင်နဲ့၊ ပုဆိုးကွလည်၊ တိုတိုကြီး ဝတ်ထားတာ။

ကြောင်နက်ကြီးက ထနောင်းတောကလေးထဲ တိုးဝင်သွားပြီး အကြီးဆုံး ထနောင်းပင်ကြီးအောက်မှာ ရပ်တယ်။ အပင်နဲ့နှစ်ပေကွာလောက်ကနေ ကျုပ်တို့ကို တစ်ချက်လှည့်ကြည့်ပြန်တယ်။ မျက်လုံးတွေက စိမ်းပြီး တောက်နေတာဗျို့။

"ဂျစ်၊ ဂျစ်၊ ဂျစ်၊ ဂျစ်"

ဟော ကြောင်နက်ကြီးက သူ့လက်နှစ်ဖက်နဲ့ မြေကြီးကိုတူးနေတယ်ဗျ။ ကျုပ်တို့ကို လှည့်ကြည့်လိုက်၊ မြေကြီးကို တူးလိုက်လုပ်နေတာဗျ။

"တာဗေ အဲဒီနေရာကို သေသေချာချာ မှတ်ထား"

အဘထင်က ကျုပ်ကို ခပ်တိုးတိုးပြောလိုက်တယ်။ ကျုပ်သည်း ကြောင်နက်ကြီး တူးတဲ့နေရာကို သေသေချာချာ မှတ်ထားလိုက်တာပေါ့ဗျာ။

သွားပြီဗျို့။ ကြောင်နက်ကြီးက ထနောင်းပင်ကြီးအပေါ်ကို ဖက်ပြီး တက်သွားတယ်။ ကျုပ် လိုက်ကြည့်နေတုန်းမှာပဲ အမှောင်နဲ့ရောပြီး ပျောက်သွားတယ်ဗျ။

"ကဲ တာဗေ၊ ကြောင်နက်ကြီး တူးသွားတဲ့နေရာကို သွားကြစို့"

အဘထင် ပြောလိုက်တော့ ကျုပ်လည်း ရှူးကိုတိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြောင်နက်ကြီး တူးသွားတဲ့နေရာကို ကြည့်ရတာပေါ့ဗျာ။ အောင်မာ ကြောင်နက်ကြီး တူးသွားတဲ့နေရာက ခြောက်လက်မလောက်နက်တဲ့ ချိုင့်တောင်ဖြစ်သွားတာဗျ။ ကျုပ်လည်း အဘထင်ဆီက ပေါက်တူးကိုယူပြီး စတူးတော့တာပေါ့ဗျာ။

"ဒုတ်၊ ဒုတ်၊ ဒုတ်၊ ဒုတ်"

တိတ်ဆိတ်နေတဲ့ ယာခင်းကြီးထဲမှာ ကျုပ်ရဲ့ပေါက်တူးသံက 'တဒုတ်ဒုတ်' နဲ့ အဆက်မပြတ်ကို ထွက်လာတာပေါ့ဗျာ။ ကျုပ်က ပေါက်တူးနဲ့ အဆက်မပြတ်ပေါက်တယ်။ အဘထင်က တူရွင်းပြားနဲ့ မြေတွေကို ကော်ထုတ်တယ်။ ကွမ်းတစ်ယာညက်လောက်ကျုပ်တို့ ဆက်တိုက်တူးလိုက်တော့ မြေကျင်းက တော်တော်နက်လာပြီဗျ။

"တာတေ ခပ်ဖြည်းဖြည်းပေါက်တော့၊ တော်တော်ကြာ အောက်ကပစ္စည်း ထိသွားမယ်"

"ဟုတ်ကဲ့၊ အဘထင်"

လို့ပြောပြီး ကျုပ်က အားနည်းနည်းလျှော့ပြီး ပေါက်တယ်၊

"ညောင်"

လက်စသတ်တော့ ထနောင်းကိုင်းပေါ်မှာဝပ်ပြီး ကျုပ်တို့ကို ကြည့်နေတာကိုး၊ မျက်လုံးကြီးတွေများ စိမ်းနေတာဗျ။

"သတိပေးပြီပော့၊ ပစ္စည်းတွေ့တော့မယ်ထင်တယ်၊ ပေါက်တူးရပ်လိုက်တော့၊ ဒီတူရွင်းပြားနဲ့ပဲ တူးတော့၊ ကျုပ်က ပေါက်တူးကိုချပြီး တူရွင်းပြားကို ယူလိုက်တယ်၊ တူရွင်းပြားကို မြေကြီးမှာ ထိုးစိုက်လိုက်၊ ခြေထောက်နဲ့နင်းပြီး ကော်ထုတ်လိုက်နဲ့ နောက်ထပ်

www.burmeseclassic.com



တွမ်းတစ်ယောညက်လောက် ထပ်ကြာတော့-

"ဒုတ်"

ဆိုတဲ့အသံကို မြေကြီးထဲက ကြားရတယ်ဗျ။ ဒီအချိန်ပဲ ထနောင်းကိုင်းပေါ်က ကြောင်နက်ကြီးကလည်း-

"ညောင်၊ ညောင်၊ ညောင်"

လို့ ဆက်တိုက်အော်တာဗျို့။ ကျုပ်နဲ့ အဘထင်လည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ အဘထင်က မြေကျင်းထဲမှာ ထိုင်ချလိုက်ပြီး လက်နဲ့ ယက်ထုတ်ပြီး လျှောက်စမ်းနေတယ်ဗျ။

"တာတေ၊ ဂုန်နီအိတ်ကို ဖြေလိုက်၊ အထဲမှာ နှစ်တောင့်ထိုးဓာတ်မီးပါတယ်၊ ယူလိုက်။ ကျုပ်ကလည်း အဘထင် ခိုင်းတဲ့အတိုင်း ဓာတ်မီး ရှာတယ်၊ ပြီးတော့ အဘထင်ကို ဓာတ်မီး ခပ်အုပ်အုပ်လုပ်ပြီး ထိုးပြတယ်။

"တွေ့ပြီကွ၊ တွေ့ပြီ"

ကျုပ်လည်း သေသေချာချာ ငုံ့ကြည့်တော့ စဉ့်အိုးကလေးရဲ့နှုတ်ခမ်းရစ်ကလေးဗျ။ ဟာ နှစ်လုံးဗျ။ အိုးအရွယ်ကတော့ ကျုပ်တို့အိမ်တွေမှာ ငါးပိသိပ်တဲ့ ငါးပိအိုးအရွယ်တွေဗျ၊ နှစ်အိုးတောင်။

"တာတေ အိုးတွေပေါ်အောင် ဘေးက ကပ်တူးဟေ့"

ကျုပ်လည်း တူရွင်းနဲ့ အိုးတွေဘေးကို ကပ်ပြီးတူးတယ်၊ သိပ်မတူးလိုက်ရပါဘူးဗျာ။ အိုးနှစ်လုံးကို ဆွဲထုတ်လို့ ရသွားတယ်ဗျ။ အပေါ်မှာ ပြာတွေ ဖုံးထားတာဗျာ။ ပထမတစ်အိုးကို အဘထင်က ပြာတွေယက်ထုတ်လိုက်တော့ ဝင်းခနဲ ပေါ်လာတာဗျ။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ရွှေဒင်္ဂါးတွေကွ တာတေရ"

ဟုတ်ပ့ါဗျာ၊ ရွှေဒင်္ဂါးပြားတွေ ပေါ်လာတယ်ဗျ။ အဘာထင်က နောက်တစ်အိုးကို ပြာတွေ ဖယ်ထုတ်ပြန်တယ်။

"ဟာ ဒါက ငွေဒင်္ဂါးတွေကွ"

ဟုတ်တယ်ဗျို့။ ငွေတွေမှ ဖွေးနေတာဗျို့။ သြော် ဒါတွေကို စွဲပြီး စောင့်နေတာကိုးလို့ ကျုပ်စိတ်ထဲမှာ တွေးမိတယ်။

"ညောင်၊ ညောင်"

ထနောင်းပင်ပေါ်က ကြောင်နက်ကြီးက စူးစူးဝါးဝါး အော်လိုက်တော့မှ ကျုပ်တို့လည်း သတိဝင်သွားပြီး-

"ကဲ ဂုန်နီအိတ်တွေထဲကို အိုးတစ်လုံးစီထည့်ကွာ၊ ကဲ ခြေရာလက်ရာ မပျက်အောင် ကျင်းကို မြေပြန်ဖို့ကြရအောင် တာတေရေ"

ကျုပ်နဲ့ အဘာထင် မြေကျင်းကို ကျကျနန ပြန်ဖို့ပြီး ခြေရာလက်ရာ မကျန်အောင် မြေကိုညှိလိုက်ပြီး အပေါ်မှာ သစ်ရွက်ခြောက်တွေ ဖြန့်ထားလိုက်တယ်။

အိုးတွေကို ဂုန်နီအိတ်ထဲထည့်ပြီး တစ်ယောက် တစ်အိုး ထမ်းကြတယ်။ တစ်ဖက်ကလည်း ပေါက်တူးနဲ့ တူရွင်းကို တစ်ယောက် တစ်ခုစီ ကိုင်ရတာပေ့ါဗျာ။ ဓာတ်မီးကိုတော့ အဘာထင်က သူ့ခါးမှာ ထိုးတယ်ဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ကျုပ်တို့နှစ်ယောက် အဆင်သင့်ဖြစ်တာနဲ့ ခြေသံပြီး ပြန်ပေါ်လာရောဗျို့။ သရဲကြီး ဆရာသြက ရှေ့က ဦးဆောင်ပြီး လားလမ်းအတိုင်း ပြန်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ကုန်းရွာရဲ့ သုသာန်ကြီးပတ်ပြီး လာတဲ့လမ်းအတိုင်း ထနောင်းကုန်းကို ပြန်ခဲ့တာပေါ့ဗျာ၊ ရွာထဲဝင်တော့ တစ်ရွာလုံး အိပ်မောကျနေတာဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ဆိုတဲ့ ခြေသံကြီးက အဘထင်ရဲ့ အိမ်ဝိုင်းထဲကို ရောက်တော့ ပျောက်သွားရောဗျို့။ ရွှေဒင်္ဂါးအိုးနဲ့ ငွေဒင်္ဂါးအိုးကို အဘထင်ရဲ့ အိမ်ကြီးပေါ် အရောက် ကျုပ် တင်ပေးခဲ့တယ်။ ပြီးတော့မှ အဘထင်နဲ့ ကျုပ်နဲ့ ခြေတွေလက်တွေ ဆေးကြရတာပေါ့ဗျာ။

"ကဲ အဘထင် ကျုပ် ပြန်တော့မယ်"

"အေး အေး ငါ လိုက်ပို့ရမလား တာတေ"

"ဟာ မလိုပါဘူး အဘထင်ရာ"

ကျုပ်အိမ်ကိုပြန်ရောက်တော့ မန်ကျည်းပင်အောက်တကွပ်ပျစ်ပေါ်မှာ လှဲချလိုက်တယ်။ ဒါပေမဲ့ ချက်ချင်းအိပ်လို့ မပျော်ဘူးပေါ့ဗျာ။ တောင်တွေး မြောက်တွေး ဖြစ်နေတော့တာပေါ့။ ခြင်ထောင်ထဲဝင်ပြီး ငြိမ်နေလိုက်တာ တော်တော်ကြာမှ အိပ်ပျော်သွားတယ်ဗျ။ အိပ်မက်ထဲမှာ ခွေးလောက်ရှိတဲ့ ကြောင်နက်ကြီးက ကျုပ်ကို မျက်လုံးစိမ်းစိမ်းကြီးတွေနဲ့ စိုက်ကြည့်နေတာဗျို့။ ကျုပ်ဖြင့် လှုပ်တောင် မလှုပ်ဝံ့ပါဘူးဗျာ။

"ဟဲ့ တာတေ ထလေ၊ နေတောင်မြင့်နေပြီဟဲ့၊ ဘာဖြစ်လို့နင် နေမကောင်းဘူးလား"

ကျုပ်အမေ လာနှိုးတော့မှ ကျုပ် နိုးသွားတာဗျို့။ တော်သေးတာပေါ့ဗျာ။ အမေသာ လာမနှိုးရင် ကြောင်ကိုက်ခံရလို့

www.burmeseclassic.com

www.burmeseclassic.com



တာတေ သေတောင် သေမလား မသိဘူး။

တစ်ပတ်လောက်ကြာတော့ ကျုပ် အဘထင်ရဲ့စိုင်းကို ရောက်လာတယ်။

"လာဟေ့ တာတေ မင်းမလဲ ပျောက်ပြီဆိုရင် ပေါ်ကို မလာတော့တဲ့ကောင်ပဲ၊ မောင်စိန်ကိုတောင် ခေါ်ခိုင်းတော့မလို့ကွ"

အဲဒီနေ့က ကျုပ်အိမ်ပြန်တော့ အဘထင်က ကျုပ်ကို အဝတ်အိတ်ကလေး တစ်ထုပ်ပေးတယ်။ အိမ်ရောက်တော့ ကျုပ် အခန်းထဲဝင်ပြီး အသာတိတ်တိတ် ထုတ်ကြည့်တော့ ရွှေဒင်္ဂါးပြား နှစ်ဆယ်နဲ့ ငွေဒင်္ဂါးပြားနှစ်ဆယ်။ ကျုပ်လည်း အဘထင်ပေးတဲ့ အိတ်အတိုင်းပဲ ကျုပ်သေတ္တာထဲထည့်ပြီး သော့ခတ်ထားလိုက်တယ်။

နောက်တစ်လလောက်ကြာတော့ အဘထင်နဲ့ ကိုမောင်စိန် မီးလောင်ကုန်းမှာ အလှူသွားလုပ်တယ်။ ရွာဦးကဘုရားကိုလည်း ထီးအသစ်ပြန်တင်တယ်။ ကျောင်းကိုလည်း ပျက်တာတွေ အားလုံး ပြန်ပြင်ပေးလိုက်တယ်။ အားလုံးပြီးတော့ ရေစက်ချပြီး အမျှဝေပေး တယ်။ ဘယ်သူ့ကို ရည်စူးပြီး အမျှဝေမယ်ဆိုတာ ကျုပ် သိပြီးသားပါ လေ။ ထနောင်းတောအုပ်ကလေးထဲမှာ ကျုပ်တွေ့ခဲ့တဲ့ ကြောင်နက် ကြီးအသွင်ယူထားတဲ့ ရွှေဒင်္ဂါးအိုးနဲ့ ငွေဒင်္ဂါးတွေရဲ့ ပိုင်ရှင်ကိုပေါ့ ဗျာ။ ကျွတ်ပါစေ၊ လွတ်ပါစေလို့ ကျုပ်လည်း ဆုတောင်းပေးလိုက်ပါ တယ်။

တစ်နှစ်ဆိုတဲ့အချိန်ဟာ ဘာကြာတာမှတ်လို့ဗျာ၊ အဘထင် မမာဘူးဗျ။ ကိုမောင်စိန်ရော ကျုပ်ရော စောင့်ရှောက်ပြီပါတယ်။ ဇာတိဇရာ၊ ဗျာဓိမရဏ ဆိုသလိုပေါ့ဗျာ။ ဆေးဆရာတွေ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတစ်ယောက် ပင့်ပြီးကုပေမယ့် အဘထင်ရဲ့ အခြေအနေက ပိုပြီးဆိုးလာတာဗျို့။

တစ်ရက်တော့ ကျုပ်တစ်ယောက်တည်း အဘထင်အိပ်ရာဘေးထိုင်ပြီး အခြေအနေကို ကြည့်နေတာပေါ့ဗျာ။

"တာတေ ရော့၊ ဒါကို မင်းယူလိုက်"

စက္ကူနဲ့ ထုပ်ထားတဲ့ အထုပ်ကလေးဗျ။ ကျုပ် ဖြေကြည့်လိုက်တော့ ရွှေဒင်္ဂါးပြား ဆယ်ပြား။

"ကျန်တာတွေတော့ ငါ အားလုံးလှူပစ်ခဲ့ပြီကွ၊ ဒီဝိုင်းနဲ့ယာကလေးတော့ မင်းရဲ့ကိုကြီးစိန်မောင်ကိုပဲ ပေးလိုက်ပါတယ်ကွာ၊ မောင်စိန်ခမျာ ဆင်းရဲရှာပါတယ်ကွာ၊ ဒါထက် မင်းကို ငါ မှာချင်တယ်"

ဒီတုန်းမှာပဲ အိမ်ဝိုင်းဝက ကိုမောင်စိန် ဝင်လာတဲ့ အသံကို ကြားလိုက်ရတယ်။

"ဒင်္ဂါးထုပ်ကို အိတ်ထဲထည့်ထား၊ သူများ မတွေ့စေနဲ့၊ ပြီးတော့ ငါ မရှိတော့ရင် ကိုဩကို မင်း လွှတ်ပေးလိုက်"

အဘထင်က စကားပြောရင်း မျက်နှာတစ်ချက် ရှုံ့သွားတယ်ဗျ။ ဝေဒနာတစ်ခုကို မချိမဆံ့ ခံစားလိုက်ရတဲ့ပုံပဲ။ ကိုမောင်စိန်လည်း အိမ်ပေါ်ကို တက်လာတဲ့အသံ ကြားလိုက်ရတယ်။

"တာတေ ကြိုး ကြိုး ရှာပြီး မီးရှို့လိုက် ဝေါ့ ဝေါ့"

ဟာ သွေးတွေအန်တာဗျို့။ အဘထင်သွေးတွေ အန်တာ ဘေးကိုစောင်းပြီး နှစ်ချက်ထိုး အန်လိုက်တာ။ ကြမ်းပြင်ပေါ်မှာ သွေးတွေ အိုင်ထွန်းသွားတော့တာပဲဗျာ။

www.burmeseclassic.com

www.burmeseclassic.com



"တာတေ ဆရာထင် ဘာဖြစ်တာတုံး"

ကိုကြီးမောင်စိန်လည်း အလန့်တကြား ပြေးဝင်လာတယ်ဗျ။

"သွေးတွေအန်တာ ကိုကြီးမောင်စိန်"

အဘထင်ကတော့ တစောင်းကြီး မှောက်လို့ဗျ။ မလှုပ်တော့ဘူး။ ကိုမောင်စိန်က အဘထင်ကို ပြေးပြီးဆွဲလှန်လိုက်တယ်။ ပါးစပ်ကလေးဟလျက်နဲ့ အဘထင် အသက်ကုန်နေပြီ။

"ဟီး ဟီး ဟီး ဆရာထင်ရယ် သွားပြီလားဗျာ"

ကိုကြီးမောင်စိန် ရှိုက်ကြီးတငင် ငိုတယ်ဗျ။

"ငါ့ဆရာကွ တာတေရ။ ထောင်ထဲမှာ ငါ့ကို အားကြီးစောင့်ရှောက်တဲ့လူပါကွာ"

ကျုပ်လည်း မျက်ရည် ဘယ်ထိန်းလို့ရမှာတုံးဗျာ။ ဆွေမရှိမျိုးမရှိ။ လူတကာကြောက်တဲ့ လူကြီး။ ထောင်မင်းသားကြီးတစ်ယောက်တော့ သွားလေ▮ပြီ။ အဘထင်ရဲ့ အသုဘကို ကိုမောင်စိန်နဲ့ ကျုပ်နဲ့ပဲ ဦးဆောင်ပြီး သင်္ဂြိုဟ်လိုက်ရတာပေါ့ဗျာ။

အဘထင် ရက်လည်ဆွမ်းသွပ်ပြီးတဲ့နေ့ကနေ ဒီဇာတ်လမ်းက စတော့တာပေါ့ဗျာ။ ဆရာဩ ဆိုတဲ့ သရဲကြီးပေါ့ဗျာ။ တစ်အိမ်လုံး အုံးဆန်တော့တာပါပဲဗျာ။ အိမ်ဝိုင်းထဲကို ဝင်ရဲတဲ့သူတစ်ယောက်မှကို မရှိတော့တာဗျ။ အိမ်ရော ဝိုင်းရော ကိုကြီးမောင်စိန်ကို အဘထင်က ပေးခဲ့တာ ကျုပ်ကို ပြောသွားတာပဲ။ ဒါပေမဲ့ အဘထင်မရှိတဲ့နောက်မှာ ကိုကြီးမောင်စိန် အိမ်ဝိုင်းထဲ ဝင်တာနဲ့ သရဲကြီးဦးဩက ကိုမောင်စိန်ကို ခြေထောက်နဲ့ ကန်ထုတ်တော့တာဗျို့။

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်စိန် ဆိုတာ ဝိုင်းနားကို သီတောင် မသီဝံ့တော့ဘူး ပေါ့ဗျာ။

ကျုပ်တော့ ဝင်လို့ရတယ်ဗျ။ ကျုပ်ကိုတော့ ဦးဩကဘာမှ မလုပ်ဘူး။

ကျုပ်လည်း အဘထင် ပြောသွားတဲ့ ကြိုးဆိုတာကို တစ်အိမ်လုံး လိုက်ရှာတာပါပဲဗျာ။ နွားနဖားကြိုးတွေ၊ ထွန်ကွင်းတွေ၊ နွားချည်တဲ့ကြိုးတွေကလွဲရင် တခြားဘာကြိုးမှ မတွေ့ဘူးဗျ။

ညညဆိုရင် ဦးဩကလည်း အိမ်ထဲမှာ တအုံးအုံးဖြစ်နေပြီဗျ။ ရွာထဲက လူတွေလည်း ညဆိုရင် အိမ်ပြင်ကိုတောင် မထွက်ကြတော့ဘူး။ ရွာသားတွေ ထင်ကြတာက ထောင်ထွက်ကြီး ဦးဘိုးထင်သရဲဖြစ်ပြီး အိမ်ကြီးထဲမှာ သောင်းကျန်းနေတယ် ထင်တာပေါ့ဗျာ။

ကျုပ်လည်း ကြံရာမရတဲ့အဆုံး မီးလောင်ကုန်းက နတ်ကတော် ဒေါ်တုတ်ကို ပြေးခေါ်ရတော့တာပေါ့ဗျာ။ လကွယ်ညမှာ အမဲသားတစ်အိုးချက်နဲ့ ထမင်းထုပ်ကြီးထုပ်ပြီး ထနောင်းကုန်းသချိုင်းမှာ မဖဲဝါကို ပင့်ရတော့တာပေါ့။

ဂူကြီးတစ်လုံးပေါ်မှာ ထမင်းဟင်းတွေ ပြင်ဆင်ထားပြီး ဒေါ်တုတ်က ဆံပင်တွေ ဖြန့်ချပြီး ဂူရှေ့က မြက်ခင်းကလေးမှာ ကျုံ့ကျုံ့ကလေးထိုင်လို့ပေါ့။ ကျုပ်က မဖဲဝါကို ပင့်ရတယ်။ ကိုကြီးမောင်စိန်က ကျုပ်နဲ့ အဖော်လုပ်ပြီး လိုက်လာပါတယ်လေ။

"သချိုင်းမှန်သမျှ အပိုင်စားရပါတဲ့ သချိုင်းရှင်မ မဖဲဝါဗျာ. . . ကျွန်ုပ်တာတေက စားပွဲသောက်ပွဲများပေးပြီး သချိုင်းရှင်မကြီးကို ပင့်ပါတယ်၊ မြန်မကြာ လှမ်းကာကြွခဲ့ပါတော့ မဖဲဝါဗျား"

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို စောင့်ကြည့်ပြီး ဘာမှထူးမလာတော့ ကျုပ် နောက်တစ်ခါ ထပ်ပင့်တယ်ဗျ။

ဟော လာပြီဗျို့။ ဒီတစ်ခါ ပင့်လိုက်တော့ နတ်ကတော် ဒေါ်တုတ်ကြီး လက်တွေကွေးကောက်ပြီး ဝင်လာပြီဗျို့။ ဟော မတ်တတ်ထပြီး ခုန်ပြီ။ ဟာ ဂူကြီးပေါ်ကို လွှားခနဲ ရောက်သွားတာဗျို့။ စားပြီဗျာ၊ စားပြီ။ ကျုပ် တည်ခင်းထားတဲ့ အမဲသားဟင်းနဲ့ ထမင်းကို အားရပါးရ စားတော့တာပဲဗျာ။ မဖဲဝါ စားသော်က်နေတုန်းမှာ စပြောရတာပေါ့ဗျာ။

"သချိုင်းရှင်မကြီးဗျာ၊ သရဲတစ္ဆေတို့ရဲ့ အချုပ်သခင်မကြီး ဖြစ်လို့ အရေးကိစ္စကို တင်ပြပါရစေဗျာ။ ကျုပ်တို့ ထနောင်းကုန်းမှာ ထောင်ထွက် ဦးဘိုးထင်က သူ့ဆရာ ကိုညြုဆိုတဲ့သူကို သူ့ဝိုင်းထဲမှာ သရဲအဖြစ်နဲ့ ကျွေးမွေးစောင့်ရှောက်ထားခဲ့ပါတယ်။ အခု ဦးဘိုးထင် သေသွားတော့ မသေခင်မှာ ကျုပ်ကို ပြောသွားပါတယ်။ သရဲကြီး ဦးညြုကို ကြိုးကို မီးရှို့ပြီး လွှတ်ပေးလိုက်ဖို့ မှာခဲ့ပြီး စကားမဆုံးခင် အသက်ကုန်သွားတော့ သူ့ပြောတဲ့ကြိုးကို ကျုပ် ရှာတာ ရှာလို့ မတွေ့ဘူး ဖြစ်နေတယ်ဗျာ၊ ဝိုင်းထဲမှာလည်း သရဲကြီး ဦးညြုက သောင်းကျန်းနေတယ်၊ သချိုင်းရှင်မကြီးဗျာ"

ကျုပ်စကားမဆုံးခင်မှာပဲ မဖဲဝါက ပြောတယ်ဗျ။ ပြောတာတော့ သူ့ဝင်ပူးနေတဲ့ ဒေါ်တုတ်က ပြောတာပေါ့ဗျာ။

"ငညြုက ကြိုးပေးပြီး အသတ်ခံရတာ၊ သူ မသေခင်မှာ သူ့တပည့် ဘိုးထင်ကို သူကိုယ်တိုင် ပြောခဲ့တာဟဲ့၊ သူ့ကိုသတ်တဲ့ ကြိုးကို ရအောင်ယူပြီး သူ့ကိုခေါ်ထားဖို့၊ သူ့ကို ကျွေးမွေးစောင့်

www.burmeseclassic.com

www.burmeseclassic.com



ရှောက်ထားဖို့ မှာခဲ့တာ၊ ဒါကြောင့် သူ့ကို ကြိုးနဲ့ စီရင်ပြီးတဲ့အခါ ဘိုးထင်က ကြိုးကို ရအောင်ယူပြီး ဩကို မွေးထားခဲ့တာ။ ဘိုးထင် ထောင်ကလွတ်တော့ ဩကို သူနဲ့ တစ်ပါတည်းခေါ်လာခဲ့တာ၊ ဩကို ကြိုးပေးသတ်တဲ့ကြိုးကို သေးသေးလေးမျှင်လိုက်တယ်။ အဲဒါကို ပြန်ကျစ်ပြီး သူ့ဝိုင်းက စည်းရိုးမှာ သံပိုက်လုံးထဲထည့် ခြုံကာထားတယ်ဟေ့။ အဲဒီပိုက်လုံးထဲက ကြိုးကိုထုတ်ပြီး မီးရှို့ပစ်လိုက်၊ ရွာထဲမှာ မရှို့ရဘူး၊ ရွာပြင် သွားရှို့ရမယ်၊ ဒါဆိုရင် ဩ သူ့ဟာသူ ထွက်သွားလိမ့်မယ်”

“ဩော် ဒီလိုလား၊ ကျေးဇူးတင်ပါတယ် သချိုင်းရှင်မ မဖဲဝါ”

မဖဲဝါက အားလုံးစားသောက်ပြီး ရေသောက်တယ်။ လက်ဆေးတယ်။ ပြီးတော့မှ ဒေါ်တုတ်ရဲ့ ကိုယ်ထဲက ထွက်သွားတယ်ဗျ။ ကျုပ် အားလုံးကို သိသွားပြီလေ။ နောက်တစ်နေ့မှာ ကိုကြီးမောင်စိန်ကိုခေါ်ပြီး အူဘထင်ရဲ့ ဝိုင်းထဲက စည်းရိုးကို ရှာကြတယ်။

ဟုတ်ပါပြီလားဗျာ။ စည်းရိုးအပေါ်မှာ ကျပ်လုံးပိုက် တစ်ထားတာဗျ။ ဆေးအမည်း သုတ်ထားတော့ သစ်သားလား သံပိုက်လား ဘယ်သူမှ သတိမထားမိဘူးပေါ့။

ကိုကြီးမောင်စိန်က သံပိုက်ကို ခဲရာခဲဆစ် ဖြုတ်တယ်။ ကြိုးရဲ့ အစရော၊ အဆုံးရော ခြံဝင်ပေါက်မှာပဲ ရှိတာဗျ။ ကြိုးမျှင်မျှင်ကလေးကျစ်ပြီး ဝိုင်းကြီးကို တစ်ပတ်ခွေထားတာပေါ့ဗျာ။

ဒါကြောင့် သရဲကြီး ဦးဩက ဝိုင်းကြီးကို စောင့်နေရတာပေါ့။ ဝိုင်းထဲဝင်လာတဲ့သူကို သူ မကြိုက်ရင် ရိုက်ထုတ် ဒါန်ထုတ် ပစ်ခဲ့တာပေါ့။

www.burmeseclassic.com



ကျုပ် ကြိုးရဲ့အစကနေ စိတ်ရှည်လက်ရှည် ဆွဲထုတ်တယ်။ ကြိုးအလုံးကြီး လုံးထားရတာပေါ့ဗျာ။ ကြိုးအားလုံး ရပြီဆိုတော့ ကြိုးတွေကို ဘောလုံးလို အလုံးကြီးလုံးပြီး ထားလိုက်တယ်။ အဘ ထင် မရှိပေမဲ့ သူ့ဆရာကို ကျုပ် သေသေချာချာ ပြုစုခဲ့ပါတယ်ဗျာ။

အမဲသား ငါးပိသီ၊ ဆိတ်တစ်ကောင် ကင်ပြီး ဆန် ငါးပြည်ချက်နဲ့ အဘထင် ရှိတုန်းကလိုပဲ ကျုပ် သေသေချာချာ ကျွေးမွေးပါတယ်။

ကိုကြီးမောင်စိန်ကတော့ ကျုပ်ကို ကူပြီးလုပ်ကိုင်ပေးတာ ပေါ့ဗျာ။

"အဘညြရေ . အဘတပည့် အဘထင်လည်း မရှိတော့ ဘူးဆိုတော့ အဘ သွားလိုရာကို သွားနိုင်ပါပြီ၊ အဘညြကို သေဒဏ် စီရင်ခဲ့တဲ့ ဒီကြိုးတွေကို ဒီညပဲ မီးရှို့ဖျက်ဆီးပေးမယ်၊ ဒါဆိုရင် အဘညြ သွားလိုရာ သွားလို့ရပြီပေါ့ဗျာ"

သရဲကြီးက ထမင်းတွေ ဟင်းတွေကို ဝဝလင်လင် စား တယ်ဗျ။ ကျုပ်လည်း သူ့ကို မမြင်ဖူးပေမဲ့ စိတ်မကောင်းပါဘူးဗျာ။

ထမင်းတွေ ကုန်သွားတော့ ကျုပ် အဘညြ ဆိုတဲ့ သရဲကြီး ကို သူ့ကို စီရင်တဲ့ ကြိုးတွေကိုပြပြီး ရွာပြင်ကို ခေါ်ထုတ်ခဲ့တယ်။ ကိုကြီးမောင်စိန်ကတော့ ဝိုင်းထဲမှာ သိမ်းဖို့ဆည်းဖို့ ကျန်ခဲ့ရတာပေါ့ ဗျာ။ အဘညြကို တစ်ယောက်တည်း ခေါ်ထုတ်လာတာပါ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ကျုပ်နောက်က မလှမ်းမကမ်းမှာ ပါလာတဲ့ အဘညြရဲ့ ခြေသံကို ကြားနေရတယ်ဗျ။ ကျုပ် အဘထင်တို့ ဆရာတပည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် တကယ်ကို စိတ်မကောင်းပါဘူးဗျာ။

ရွာအပြင်က ညောင်ကျပ်ပင်ကြီးအနားကိုရောက်တော့ ဘျပ်က ရပ်လိုက်တယ်။ ကျုပ်နောက်က အဘဩရဲ့ ခြေသံကြီးလည်း ရပ်သွားတယ်ဗျ။ အသင့်ပါလာတဲ့ မီးခတ်ကိုခတ်ပြီး မီးခြစ်လိုက်တယ်။ မီးတောက်လာတော့ ဘောလုံးလို လုံးထားတဲ့ ကြိုးလုံးကြီးကို ကျုပ် မီးရှို့လိုက်တယ်။ ဩော် လူတစ်ယောက်ကို သေဒဏ်စီရင်ခဲ့တဲ့ ကြိုးတွေပါလားဆိုတဲ့ အတွေးတစ်ခုက ကျုပ်ခေါင်းထဲကို ဝင်လာတယ်။

"အဘဩရေ. . အဘထင်ရဲ့ကိုယ်စား ကျုပ်က အဘကို လွှတ်ပေးပါတယ်ဗျာ၊ အဘ သွားလိုရာကို လွတ်လွတ်လပ်လပ် သွားပါတော့၊ သံသရာမှာ လူဖြစ်ရတဲ့ဘဝတိုင်း ဒီလိုဘဝဆိုးကြီးတွေကို အဘရော အဘဦးဘိုးထင်ပါ မကြုံကြရပါစေနဲ့လို့ ကျုပ် ဆုတောင်းပေးပါတယ်ဗျာ"

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ကျုပ်ရှေ့က ဖြတ်လျှောက်သွားတဲ့ ခြေသံကြီးကို ကျုပ် သေသေချာချာ ကြားလိုက်ရတယ်ဗျ။ သွားလေရဲ့။ သရဲကြီး ဦးဩတော့ သွားလေရဲ့။ ဘယ်နေရာ ဘယ်ဒေသကို သွားလေတယ်တော့ ကျုပ် မသိဘူးပေါ့ဗျာ။

တာတာ

□□□

www.burmeseclassic.com

www.burmeseclassic.com



# နို့စို့

လူ့လောကကြီးထဲမှာ ခင်ဗျားတို့ ကျုပ်တို့ မသိသေးတာတွေ အများကြီး ရှိတယ်ဗျ။ တစ်ချို့ကိစ္စဆိုရင် ယုံနိုင်စရာတောင် မရှိပါဘူးဗျာ။ တာတေဆိုတဲ့ကောင်က အင်မတန်မှ စပ်စုတဲ့ကောင်ဗျ။ ကျုပ်နေတာက ထနောင်းကုန်းလေ။ ကျုပ်တို့ရွာနီးချုပ်စပ်မှာ လူသတ်တာတို့ ကြိုးဆွဲချတာတို့ အဆိပ်သောက်တာတို့ဆိုရင် ကျုပ်က ရှေ့ဆုံးက ပြေးကြည့်တဲ့ကောင်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေတဲ့အရွယ် ရောက်ပြန်တော့လည်း ဘထစ်လို ကောင်နဲ့ သူငယ်ချင်းဖြစ်ပြီး သချိုင်းအကြိုအကြားတွေ လျှောက်သွား၊ စပ်စပ်စုစုတွေလုပ်၊ လူတွေ မမြင်အပ်တာတွေ ကျုပ်တို့ မြင်ပေါ့ဗျာ။

အဲဒီလောက်တောင် နေရာတကာပါတဲ့ တာတေလို အကောင်တောင် အခုကြုံရတဲ့ကိစ္စမှာ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ခဲ့ရတာဗျ။

ကျုပ်တို့ရွာ ထနောင်းကုန်းမှာ သူကြီးက ဦးဘိုးထင်တဲ့ဗျ။ သူကြီးသားအငယ်က ကိုသိန်းထင်တဲ့။ ကိုသိန်းထင် အိမ်ထောင်ကျတော့ ဘုရားငုတ်တိုက မိန်းမနဲ့ ကျတာဗျ။ ဘုရားငုတ်တိုဆိုတာက မြို့တောင်ဘက်မှာရှိတဲ့ ရွာလေဗျာ။ ကိုသိန်းထင်မိန်းမနာမည်က မအောင်မေတဲ့၊ မိန်းမချောပါဗျာ။ ကိုကြီးသိန်းထင်နဲ့တော့ အတော်တလေးလိုက်ဖက်တာကလား။

ပြောရဦးမယ်ဗျ။ ကျုပ်တို့သူကြီး ဦးဘိုးထင်က လူပုသလောက် လွတ်စိတ်တိုတာဗျ။ သူကြီးက ရွာထဲမှာ လူတွေ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ရင် အားကြီးဒေါသဖြစ်တာဗျ၊ ရန်များဖြစ်ပြီဆိုလို့ကတော့ တန်းထိပ်တုံးခတ်တာဗျ။ စစ်လားမေးလားတောင် သိပ်လုပ်နေတာ မဟုတ်ပါဘူးဗျာ။

ကိုကြီးသိန်းထင်နဲ့ အစ်မ မအောင်မေနဲ့ မင်္ဂလာဆောင်တော့ ကျုပ်တို့ကာလသားတွေပဲ အားလုံးတာဝန်ယူလုပ်ပြီးရတာပေါ့ဗျာ။ သူကြီးသား မင်္ဂလာဆောင်ကိုဗျ။ ဘယ်ပြောကောင်းလိမ့်မလဲ။ လွတ်စည်တာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေးမှာရှိတဲ့ မီးလောင်ကုန်း၊ ဘန့်ဘွေးကုန်း၊ ငွေတွင်းကုန်း၊ ဆရာမနိုင်ဆိုဖွဲ့ ရွာတွေ၊ ရွာတွေကနေပေါ့ဗျာ။ သူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေ၊ အသိအကျွမ်းတွေ လာလိုက်ကြတာမှ။ ကျုပ်တို့တွေ ထမင်းကျွေးလိုက်ရတာမှ လက်တွေပြုတ်ထွက်မလား မှတ်ရတယ်။ လက်ဖွဲ့တွေလည်း ရလိုက်တာမှ မနည်းမနောပါဗျာ။

သူတို့မင်္ဂလာဆောင်ပြီး တစ်နှစ်လောက်မှာ မအောင်မေက ကလေးမီးဖွားတယ်ဗျ။ ယောကျ်ားလေး။ သားဦးလေးဆိုတော့ ကိုကြီးသိန်းထင်ရော၊ အစ်မ မအောင်မေရော ချစ်လိုက်ကြတာ မပြောပါနဲ့တော့ဗျာ။

ဒါပေမဲ့ ကလေး ခုနစ်လသားလောက်ရောက်တော့ ဆုံးသွားတယ်ဗျ။ လင်မယားနှစ်ယောက် ငိုလိုက်ကြတာလေ။ တာတေတောင် မျက်ရည်ဝဲလာတယ်။

ထနောင်းကုန်းတစ်ရွာလုံးက ကိုကြီးသိန်းထင်ကို လွတ်ခင်ကြတာဗျ။ ကိုကြီးသိန်းထင်က သူကြီးသားဆိုပြီး ဆိုက်တွေ ဂိုက်တွေ လုပ်တဲ့လူ မဟုတ်ဘူးဗျ။ ရပ်ထဲရွာထဲမယ် ဘယ်သူ့အကြောင်းရှိရှိ ကျုပ်တို့နဲ့အတူတူ ဝိုင်းဝန်းလုပ်တာဗျ။ အနီးအနားရွာတွေကလည်း ကိုကြီးသိန်းထင်ကို အားကြီးခင်ကြတာ။

နောက်တစ်နှစ်လောက်ကျတော့ အစ်မ မအောင်မေ ဒုတိယအကြိမ် ကလေးမီးဖွားပြန်တယ်။ ဒီတစ်ခါကတော့ မိန်းကလေးပဲဗျ။

သမီးကလေးကိုလည်း ချစ်လိုက်ကြတာဗျာ။ မိဘကိုဗျ။ သားမွေးမွေး သမီးမွေးမွေး ချစ်တာချည်းပေါ့ဗျာ။ ဒီကလေးမလေးလည်း တစ်နှစ်သမီးမှာ ဆုံးသွားပြန်ရောဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ တစ်ရွာလုံးက အာရုံစိုက်သွားကြပြီဗျ။ တစ်ခုခုတော့ မှားနေပြီလို့ ထင်သွားကြပြီဗျ။ ဒါပေမဲ့ ဘာမှားနေမှန်းတော့ မသိဘူးပေါ့ဗျာ။ ကျုပ်တို့ တောသူတောင်သားတွေဆိုတာ ဗဟုသုတကလည်း အားကြီးနည်းကြတာပါဗျာ။ ထင်ရာမြင်ရာတွေ လျှောက်ပြောကြတာပေါ့ဗျာ။ တစ်ချို့ကလည်း ရိုးရာမကျေနပ်လို့ ထင်တယ်လို့ပြောလိုပြော၊ တစ်ချို့ကလည်း ရက္ခစိုးဆီမှာ သားဆုတောင်းလို့ ပြောလို့ပြောပေါ့ဗျာ။

ကျုပ်တို့ကာလသားတွေတောင် လူစုမိရင် ကိုကြီးသိန်းထင်တို့ ကလေးအဖတ်မတင်တဲ့ကိစ္စကို ပြောကြဆိုကြမိတာဗျ။ တကယ်တော့ ကျုပ်တို့ကာလသားတွေနဲ့ ကလေးမွေးတဲ့ကိစ္စက သိပ်ဆိုင်တာမှ မဟုတ်တာ။ ဒါပေမဲ့ ကိုကြီးသိန်းထင်ကို ခင်တော့လည်း စိတ်မကောင်းပြီး ပြောကြတာပေါ့ဗျာ။

"ကိုကြီးတာတော၊ ခင်ဗျားရော ဒီကိစ္စ ဘယ်လိုထင်တုံးဗျ"

လို့ မျက်ပြူးက ကျုပ်ကိုမေးတယ်။ ကျန်တဲ့အကောင်ငယ်လေးတွေကလည်း ကျုပ်ကို အထင်တကြီးနဲ့ ဝိုင်းကြည့်ကြတာပေါ့ဗျာ။

"ဒီလိုကလေးအဖတ်မတင်တာတွေက ဖြစ်တတ်ပါတယ် မျက်ပြူးရာ၊ ငါ ကြားဖူးတာတော့ ကလေးတစ်ယောက်လောက် မွေးစားလိုက်ရင် အဖတ်တင်သွားတယ်လို့ ပြောတာပဲကွ"

မျက်ပြူးတို့ကာလသားပေါက်စလေးတွေက ငြိမ်ပြီးစဉ်းစားနေကြတယ်ဗျ။

"ကျုပ်အဘကတော့ ပြောတယ်ဗျ၊ ကလေးဟို ဘုန်းကြီးဆီ

www.burmeseclassic.com

www.burmeseclassic.com



မှာ စတီရောင်းရတယ်ဆိုပဲဗျ၊ အခု ကိုကြီးသိန်းထင်တို့က အဲဒီလို ကလေးရောင်းမထားလို့ ဖြစ်တာလို့ ပြောတယ်ဗျ"

မျက်ပြူးတို့အုပ်စုထဲက ဂုတ်တိုဆိုတဲ့ကောင်ကလည်း ဝင်ပြောတယ်ဗျ။

"ဟေ့ကောင် ဂုတ်တို ဘာမသိ ညာမသိနဲ့ မင်းထင်ရာတွေ လျှောက်ပြောမနေနဲ့ကွ၊ ကိုကြီးသိန်းထင်တို့လင်မယား သူတို့သမီးကို ပုဗ္ဗာရုံဆရာတော် ဦးဂုဏဆီမှာ ရောင်းထားတာကွ၊ သူတို့ကလေးကို ဆရာတော်ဆီမှာ စတီလာရောင်းတဲ့နေ့က ကျောင်းမှာ ငါရှိတယ်ကွ သိလား၊ ငါ့မျက်စိအောက်မှာကို ရောင်းနေတာ"

"နို့ နေပါဦးကွ ပိုးဟပ်ဖြူရဲ့၊ ဆရာတော်ကရော ဝယ်လိုက်သလား"

သူတို့အထဲက ပိုးဟပ်ဖြူ ဆိုတဲ့ ဖြူဖြူပိန်ပိန်ကောင်လေးကို ဝိုင်းမေးကြပြန်ရောဗျို့။

"ဟ မျက်ပြူးရဲ့၊ ဒါ စတီလုပ်ရတာလေကွ၊ ဆရာတော်က ဝယ်တာပေါ့၊ ပြီးတော့ ဆရာတော်က ကလေးဖိုးဆိုပြီး ငွေမတ်စေ့ ကလေး ပေးလိုက်တာကွ၊ ကိုကြီးသိန်းထင်သမီးလေးဆုံးတော့ မင်းတို့ သွားကြည့်ကြတယ်မို့လား၊ ကလေးလည်ပင်းမှာ အပေါက်ကလေး ဖောက်ပြီး ဆွဲထားတဲ့ ငွေမတ်စေ့ကလေးကို တွေ့တယ်မို့လား၊ အဲဒါ ဆရာတော်ပေးတဲ့ ငွေမတ်စေ့ပေါ့ကွ"

ဒီတစ်ခါတော့ အားလုံးငြိမ်သွားကြပြီဗျ။ တွေပြီးစဉ်းစား နေကြတယ်။

နွေဆိုတော့လည်း အညာမှာက အားကြီးပူတာဗျ။ ဆယ်

www.burmeseclassic.com

www.burmeseclassic.com



နာရီလောက်မှာ ကျုပ် ဒီကောင်တွေအုပ်စုကို နှုတ်ဆက်ပြီး အိမ်ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ အမေ ချက်ထားတဲ့ ကြက်သားအာလူးသားချက်နဲ့ ခြံစည်းရိုးဟင်းချိုကို တစ်ဝစားပြီး မျက်စိကစင်းလာရောဗျို့။

ထုံးစံအတိုင်းပေါ့ဗျာ။ တာတော စံမြန်းနေကျဝိုင်းထဲက မန်ကျည်းပင်ကြီးအောက်ကို ဆင်းလာခဲ့တယ်။ သစ်သားကွပ်ပျစ်ပေါ်က ဝါးပိုးခြမ်းခေါင်းအုံးပေါ်မှာ ပုခုံးပေါ်တင်လာတဲ့ ပုဆိုးကြမ်းတလေးကို ခေါက်ပြီးခင်းလိုက်တယ်။ ပြီးတော့ နဂါးဆေးပေါ့လိပ်တလေးကိုထုတ်ပြီး မီးခတ်တလေးနဲ့ခတ်ပြီး ညှိလိုက်တယ်။ မန္တလေးက နဂါးဆေးပေါ့လိပ်ဆိုတာက အားကြီးမီးညီတာဗျ။ ဘယ်တော့မှ တစ်ခြမ်းစောင်း မလောင်ဘူး။ အထဲက စပ်ထားတဲ့ ဆေးတလည်းကျုပ်အကြိုက်နဲ့က အကိုက်ပဲဗျ။ သိပ်လည်းမပြင်း၊ သိပ်လည်းမပေါ့ဘူးဗျ။

တာတော့အတွက်တော့ ထမင်းဗိုက်တင်းအောင် စားပြီးရင် နဂါးဆေးပေါ့လိပ်ကလေး ရှိုက်လိုက်ရတဲ့ အရသာဟာ ဘာနဲ့မှကို မလဲနိုင်တဲ့ အရသာပါပဲဗျာ။

"တာတော၊ ဟေ့ တာတော၊ အိပ်နေပြီလားကွ"

ကျုပ်ဖြင့် ဝါးပိုးခြမ်းကလေးပေါ် ခေါင်းအုံးရုံပဲ ရှိပါသေးရောဗျာ၊ ဝိုင်းဝက ခေါ်သံကြားတော့တာ၊ ကျုပ် ချက်ချင်းခေါင်းထောင်ပြီး ကြည့်လိုက်ပါတယ်။

"ဟာ ကိုကြီးသိန်းထင်ပါလား၊ လာ ကိုကြီး လာ"

ကျုပ် တော်တော်အံ့ဩသွားတာဗျ၊ ကိုသိန်းထင်နဲ့ ကျုပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



က အပြင်မှာသာ ခင်တာ၊ ကျုပ်အိမ်ကို သူတစ်ခါမှ လာဖူးတာ မဟုတ်ဘူး"

ကိုသိန်းထင်က ကျုပ်ထိုင်နေတဲ့ ဂွပ်ဖျစ်မှာ ဝင်ထိုင်တယ်ဗျ။ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေး မီးညှိပြီး တည်လိုက်တယ်။

မျက်နှာတော့ ဘယ်ကောင်းပါ့မလဲဗျာ။ ကလေးဆုံးထားတာက သိပ်ကြာလှသေးတာမှ မဟုတ်တာ။ ဆေးပေါ့လိပ်ကို နှစ်ခါသုံးခါလောက် ဆက်တိုက်ရှိုက်လိုက်ပြီးတော့မှ ကိုသိန်းထင်က စကားစတယ်။

"တာတေ ငါ သားသမီးနှစ်ယောက်မွေးတယ်၊ နှစ်ယောက်စလုံး ဆုံးပါးခဲ့ရတယ်"

ကျုပ်က ကိုကြီးသိန်းထင်စကားကို လေးလေးနက်နက်နားထောင်ပြီးတော့မှ ခေါင်းညိတ်တယ်။

"ကျုပ်တို့တစ်ရွာလုံး စိတ်မကောင်းကြပါဘူးဗျာ"

ကိုကြီးသိန်းထင်က ခေါင်းလေးညိတ်ပြတယ်။ ပြီးတော့မှ ဆေးလိပ်မီးခိုးကို မှုတ်ထုတ်လိုက်တယ်ဗျ။

"တာတေ အဲဒီလို ဘာကြောင့်ဖြစ်တယ်ဆိုတာ မင်းသိလား"

ကိုကြီးသိန်းထင် အမှတ်မထင် မေးလိုက်တဲ့ မေးခွန်းကြောင့် ကျုပ်ဖြင့် လန့်တောင်သွားတယ်ဗျ။ ရုတ်တရက် ဘာကိုပြန်ပြောရမှန်းတောင် မသိပါဘူးဗျာ။

"ကျုပ်လည်း မတွေးတတ်အောင်ပါပဲဗျာ၊ ကျုပ်က ထူးထူးဆန်းဆန်းကိစ္စတွေမှာ အတွေ့အကြုံရှိတယ်ဆိုပေမယ့် ဒါမျိုးတော့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် တစ်ခါမှ မကြုံဘူးသေးဘူးဗျ ကိုကြီးသိန်းထင်ရဲ့"

"အေးလေ၊ ဒါလည်း ဟုတ်တာပါပဲ၊ ဒီလိုအဖြစ်မျိုးကို မင်းလည်း မကြုံဘူးသလို၊ ငါလည်း မကြုံဘူးပါဘူးကွာ၊ တခြားသူတွေလည်း ကြုံဖူးတဲ့သူ သိပ်ရှိမှာ မဟုတ်ပါဘူး"

ကိုသိန်းထင် စကားကြောင့် ကျုပ် တော်တော်နားထွေသွားတယ်ဗျ။ ကလေးအဖတ်မတင်တာ ဖြစ်တတ်ကြတာပါပဲ။ သူဘာကိုပြောချင်နေမှန်း ကျုပ်ဖြင့် သိကို မသိဘူးဗျာ။

"ကိုကြီးသိန်းထင် ပြောတာကို ကျုပ် သိပ်နားမရှင်းဘူးဗျ"

"ဒီလိုကွ တာတေရဲ့၊ ငါ့ကလေးတွေ ဆုံးတာ ရိုးရိုးဆုံးကြတာ မဟုတ်ဘူးကွ"

"ဗျာ၊ ဘယ်လိုဗျ"

"ဟုတ်တယ် တာတေ၊ ကလေးတွေက ဆုံးကာနီးမှာ ဘာမှထူးထူးခြားခြား ရောဂါဖြစ်တာ မရှိဘူးကွ၊ ကျောပူခေါင်းပူလေးလောက်ထတာ၊ ဖြစ်တာက မင်းအစ်မကွ တာတေရ"

"အစ်မ မငအောင်မေက ဘာဖြစ်လို့တုံးဗျ"

"ညဘက် အိပ်မက်ထဲမှာ မိန်းမကြီးတစ်ယောက်က ကလေး လာယူတာတဲ့ကွ"

"ဟင် ဟုတ်လား ကိုကြီးသိန်းထင်"

"အေး အဲဒီမိန်းမက နဖူးမောက်မောက်ကြီးနဲ့ မျက်လုံးကြီးတွေ ပြူးထွက်နေတာတဲ့၊ ဆံပင်ဖားလျားကြီး ချထားတာခိုး၊ အသားတွေများ မည်းနက်နေတာတဲ့ဟေ့"

"ဟာ အဲဒီမိန်းမကြီးက ကလေးကို လာလုတာလားဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်၊ မင်းအစ်မနဲ့ ကလေးကို-လုကြတာတဲ့ကွာ၊ ကလေးက အဲဒီမိန်းမဆီကို ပါမသွားဘူးဆိုရင် ဘာမှမဖြစ်ဘူးကွ၊ ဒါဆိုရင် တော်တော်နဲ့ကို ဝေါ်မလာတော့ဘူးပေါ့။ နှစ်လလောက်ခြားပြီး အဲဒီအိပ်မက် ထပ်မက်ပြန်ရောကွ၊ အိပ်မက်ထဲမှာ မင်းအစ်မနဲ့ အဲဒီမိန်းမကြီးနဲ့ ကလေး လုကြပြန်ရောတဲ့ကွာ၊ ကလေးပါမသွားရင် ဘာမှမဖြစ်ဘူးကွ၊ အဲ ကလေးပါသွားတယ်ဆိုရင်တော့ မင်းအစ်မက ငိုယိုပြီး နိုးလာတော့တာပေါ့ကွာ၊ ဟဲ့ ဖဲ့ အောင်မေ သတိထား သတိထားဆိုပြီး လှုပ်နှိုးရတာပေါ့ကွာ။ ကလေး ပါသွားပြီ၊ ကလေး ပါသွားပြီဆိုပြီး မင်းအစ်မက မျက်စိစုံမှိတ်ပြီး ငိုတာဟော့၊ ဟဲ့ နင့်ကလေး ဒီမှာလို့ပြောပြီး ကလေးကို သူ့ရင်ခွင်ထဲ ထည့်ပေးလိုက်မှ သတိရပြီး အငိုတိတ်တော့တာဟော့၊ ဒါပေမဲ့ တာဝတေရာ အဲဒီလို ကလေး ပါသွားတယ်လို့မက်ပြီး တစ်ပတ်အတွင်းမှာပဲ ကလေးက ဆုံးသွားတော့တာပါပဲကွာ"

"ဟာ ဖြစ်မှဖြစ်ရလေ ကိုကြီးသိန်းထင်ရာ"

ကိုကြီးသိန်းထင်က မျက်ရည်တွေ ဝေ့နေတဲ့ မျက်လုံးနဲ့ ဆေးလိပ်ကို ဆက်တိုက်ဖွာနေတယ်။

"သမီးကလေးတုန်းက အခါလည်ကျော်တဲ့အထိ ဒီအိပ်မက်ကို မမက်တော့ ငါတို့လည်း ဝမ်းသာနေတာပေါ့ကွာ၊ အခါလည်နဲ့ နှစ်လလည်းရောက်ရော မင်းအစ်မမှာ အဲဒီအိပ်မက်ကို မက်ပြန်ရောဟော့၊ သမီးတုန်းကတော့ ပြန်လုလို့ကို မရဘူးတဲ့ကွာ၊ အခါတည်း ပါသွားတာဆိုပဲ"

"ဟင် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအိပ်မက် မက်ပြီး တစ်ပတ်အတွင်းမှာပဲ သမီးလေး လည်း ဆုံးသွားတာပါကွာ"

"ဪ ဖြစ်ရလေဗျာ"

"အေး အခုလာတာလည်း ဒီကိစ္စပဲကွ တာတေရ၊ ဆရာ မနိုင်မှာ အထက်လမ်းဆရာကြီးတစ်ယောက် ရောက်နေတယ်ကြား လို့ကွာ၊ သီလ၊ သမာဓိနဲ့ တော်တော်ပြည့်စုံတယ်တဲ့ကွ၊ ငါ အဲဒီဆရာ ကြီးဆီကို သွားချင်လို့ကွ၊ ပြီးတော့ မင်းအစ်မကလည်း အရမ်းကို ကြောက်နေတယ်ကွ၊ အဲဒီဆရာကြီးဆီကို သွားဖို့ချည်း ငါ့ကို ပြော နေတာ၊ အဲဒါ မင်းကတော့ ဒီဘက်မှာ အတွေ့အကြုံရှိထားတဲ့လူ တစ်ယောက်မို့လား၊ ဆရာစစ် ဆရာမှန် ဟုတ်ရဲ့လား မင်းကတော့ ခွဲခြားတတ်မှာပဲလေ၊ ဒါကြောင့် မင်းကို ငါတို့ ခေါ်သွားချင်လို့ တာတေရ"

"ဪ ဟုတ်ကဲ့ ကိုကြီးသိန်းထင်၊ အစ်မရော လိုက်မှာ လား"

"အေး သူ့ပါခေါ်သွားပြီး ပြကြည့်ရမှာပေါ့ကွ"

"အင်း ဟုတ်တာပေါ့၊ ကဲ သွားလေ ကိုကြီးသိန်းထင်၊ ကျုပ် လိုက်ခဲ့မှာပေါ့ဗျာ"

"အေး ဒါဆိုရင် မင်းအိမ်ကပဲ စောင့်နေ၊ ငါနဲ့ မင်းအစ်မနဲ့ မင်းကို လှည်းနဲ့ ဝင်ခေါ်မယ်"

"ဟုတ်ကဲ့ပါ ကိုကြီးသိန်းထင်"

ကိုကြီးသိန်းထင် ပြန်သွားတော့ အိမ်ပေါ်က အသားနား ထောင်နေတဲ့ အမေနဲ့ အဘက ကျုပ်ကို လှမ်းမေးတယ်ဗျ။

www.burmeseclassic.com



"ဟဲ့ တာတေ၊ အဲဒါ သူကြီးသားမို့လား"

"ဟုတ်တယ် အမေ၊ ကိုကြီးသိန်းထင်ကြီးလေဗျာ"

"အေး အေး သူ့မှာလည်း ဘယ်လိုဖြစ်ရတာတုံးဟယ်၊ ကလေးတွေ အဖတ်မတင်ဖြစ်နေတာ ဘာကြောင့်များတုံးဟယ်"

"အခု အဲဒီကိစ္စပဲ အမေရဲ့၊ ဆရာတစ်ယောက်နဲ့ ပြသကြည့်မလို့ ကျုပ်ကို လိုက်ခဲ့ဖို့ လာခေါ်တာ"

"ဟင် ဘယ်မှာပြရမှာတုံး"

"ဆရာမနိုင်မှာတဲ့ဗျ၊ မနက်စောစော လာခေါ်မယ်ပြောတယ်"

"အေးဟယ် လိုက်လုပ်ပေးလိုက်ပါ သားရယ်၊ ဒီကောင်လေးကြည့်ရတာ ငါ တော်တော်စိတ်မကောင်းပါဘူးဟယ်"

အမေနဲ့ စကားပြောပြီး ခဏနေတော့ ကျုပ် အိပ်ပျော်သွားတယ်ဗျ။

နောက်တစ်နေ့ ခြောက်နာရီထိုးလောက်မှာ ကိုကြီးသိန်းထင်နဲ့ အစ်မ မအောင်မေတို့ ကျုပ်ကို ဝင်ခေါ်တယ်။ သူကြီးအိမ်က လှည်းကြီးနဲ့ပေါ့ဗျာ။

"ကဲ ကျုပ်ကို ကြိုးနဲ့ နှင်တံပေး ကိုကြီး၊ လှည်းကို ကျုပ်မောင်းမယ်"

ကျုပ်က ကိုသိန်းထင်ရဲ့လက်ထဲက ကြိုးနဲ့ နှင်တံကို ယူလိုက်ပြီး လှည်းကို မောင်းလိုက်တယ်။

"ဟဲ့နွား၊ ဟင်း တည့်တည့်ဆွဲလေ၊ ဟာ ဟိုဘက်က နွားညိုကြီး ကပ်မဆွဲနဲ့လေ၊ ဟာ တောက်"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးနွားကြီးတွေက ကောင်းလိုက်တာဗျာ၊ နည်းတဲ့နွားကြီးတွေ မဟုတ်ဘူးဗျို့။ ဘိုကြီးတွေကို ကောက်နေတာဗျ။

"ဟင်း ရှုန်းလေ ရှုန်းလေ၊ ကုန်းတောင်မတက်ရသေးဘူး ရုပ်ပစ်လိုက်တာပဲလား ဖြန်း"

ကျုပ်က နှင်တံနဲ့ ခပ်ဆတ်ဆတ်တစ်ချက်ရိုက်လိုက်တယ်။ ရွာပြင်ရောက်တော့ လှည်းလမ်းပေါ်ကို တင်ပေးလိုက်တယ်။ ဖြောင့်နေတဲ့ လှည်းလမ်းကြောင်းကြီးပေါ်မှာ နွားကြီးနှစ်ကောင် အသော့နှင်တော့တာပေါ့ဗျာ။

ထမင်းစားချိန်ကျော်ကျော်လောက်မှာ ဆရာမနိုင်ကို ကျုပ်တို့ရောက်တယ်။ ဆရာမနိုင်သူကြီးအိမ်ကို တန်းသွားကြတာဗျ။ ဆရာမနိုင်သူကြီးက ပိန်ပိန်ရှည်ရှည်ကြီးဗျ။ သျှောင်ထုံးကြီးနဲ့ ပုဝါကလေး ပေါင်းထားတယ်။

"လာဟေ့၊ မောင်သိန်းထင် လာကြ၊ မင်းတို့ လာမယ်ဆိုလို့ ကျုပ်စောင့်နေတာ၊ ဆာလာကြရောပေါ့၊ ကဲ ပြီးမှ ဆရာကြီးဆီကို သွားကြတာပေါ့၊ ထမင်းပွဲကြီး ပြင်ပြီးသားဗျ၊ ထမင်း အရင်စားကြ ဟေ့"

"ကျုပ်တို့ သိပ်မဆာပါဘူး သူကြီးရဲ့၊ မနက်ကတင် ကောက်ညှင်းပေါင်းတွေ စားလာတာပါ၊ တာတေတော့ ဆာနေရော ပေါ့"

"ဟာ ကျုပ်လည်း သိပ်မဆာပါဘူးဗျ"

"ဘယ်ဟုတ်မတုံးကွဲ့၊ စားချိန်ကျော်သွားလို့ မဆာသလို ဖြစ်သွားတာပါ၊ လာ လာ လှည်း ဒီအတိုင်းထားလိုက်၊ ကျုပ်လူတွေ

www.burmeseclassic.com



နွားတွေဖြုတ်ပြီး ရေတိုက်၊ အစာကျွေးလိမ့်မယ်"

ထနောင်းကုန်းသူကြီး ဦးဘိုးထင်ရဲ့ သားနဲ့ချွေးမ လာတာဆိုတော့ ပြာနေအောင်ဧည့်ခံတာကလား။ ဘာမှလိုလေသေးမရှိအောင်ပါပဲဗျာ။ ဆရာမနိုင်သူကြီးအိမ်က ထမင်းဟင်းတွေ စားကောင်းလိုက်တာဗျာ။

စားသောက်ပြီးတော့ ရွာဦးကျောင်းကို ကျုပ်တို့ လိုက်သွားကြတယ်။ သူကြီးကိုယ်တိုင် လိုက်ပို့တာဗျို့။ ဘုန်းကြီးကျောင်းရောက်တော့ ဆရာကြီးကို အခန့်သင့် တွေ့ရပါတယ်။ ဖျင်ကြမ်းအင်္ကျီအဖြူနဲ့ ပုဆိုးအပြာကွက်တုံးကြီး ဝတ်ထားတဲ့ ဆရာကြီးကလည်း သျှောင်တစောင်းနဲ့ ခေါင်းမှာ ပုဝါဖြူကလေးပေါင်းလို့ဗျ။ ကျုပ် ကြည့်တာနဲ့ သိပါတယ်ဗျာ။ ဒါဟာ ဆရာအစစ်ပါ။ အောက်လမ်းတွေ အယောင်ဆောင်ထားတာ မဟုတ်ပါဘူး။

"ဘာဖြစ်လို့တုံးကွဲ့"

ဆရာကြီးက သူကြီးလည်း ပါလာတော့ လေးလေးစားစား မေးပါတယ်။ ကိုကြီးသိန်းထင်က အကျိုးအကြောင်းတွေကို သေသေချာချာ ပြောပြလိုက်တယ်ဗျ။ ဒီတော့ ဆရာကြီးက မျက်စိကိုမှိတ်ပြီး အာရုံပြုကြည့်နေတယ်ဗျ။

"အင်း ဒါ နို့စွဲပဲ ကလေးမရဲ့"

"ရှင် နို့စွဲဆိုတာ ဘာပါလိမ့် ဆရာ"

အစ်မ မအောင်မေက ဆရာကြီးကို ပြန်မေးတယ်။

"နို့စွဲဆိုတာ ဘဝက ပါလာတဲ့ ဝဋ်ကြွေးတစ်ခုပဲ့ကွယ်၊ အရင်ဘဝတစ်ခုမှာ မင်းက သူ့သားသမီးတွေကို ယိတ်ဖြတ်စား

www.burmeseclassic.com

www.burmeseclassic.com



သောက်ခဲ့လို့ သူက မင်းရဲ့သားသမီးတွေကို ပြန်ပြီးလက်တုန့်ပြန်တာပဲကွဲ့၊ ဒေါသတကြီးနဲ့ မှားမှားယွင်းယွင်း ဆိုတောင်းခဲ့တဲ့ အဲဒီမိန်းမရဲ့ အမှားကြောင့် အခုလို ဖြစ်ရတာပေါ့ကွယ်၊ ဆရာကြီးတို့ကတော့ သူ့ကိုခေါ်ပြီး ရိုက်လားနှက်လား မလုပ်ဘူးကွဲ့၊ မေတ္တာရပ်ခံပေးမယ်၊ အာဃာတတွေကို သင့်ပုန်းချေလိုက်ဖို့ မေတ္တာရပ်ခံပေးမယ်၊ ပြီးတော့ အထက်ဆရာကြီးတွေရဲ့ ရေမန်းလည်း ပေးလိုက်ပါ့မယ်"

ဆရာကြီးက ပြောပြောဆိုဆိုနဲ့ ဘုရားစင်မှာ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းတယ်။ ပြီးတော့ ဘုရားရှိခိုးတယ်။ အထက်ဆရာကြီးတွေကိုပင့်ပြီး သေသေချာချာ တိုင်တည်တယ်။ ပြီးတော့မှ အိပ်မက်ထဲမှာ ကလေး လာလုတဲ့ မကောင်းဆိုးဝါးကို မေတ္တာရပ်ခံပြီး ရပ်တန်းကရပ်ဖို့ပြောတယ်။ သူပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေ၊ ကျင့်ကြံအားထုတ်ခဲ့တဲ့ ကုသိုလ်တွေကို အမျှပေးဝေပေးတယ်။ မအောင်မေကိုလည်း ဘုရားရှိခိုးခိုင်းပြီး ကလေး လာလုတဲ့ မကောင်းဆိုးဝါးမကြီးကို တောင်းပန်ပြီး အာဃာတတွေ ကျေစေဖို့ ပြောခိုင်းတယ်။ ပြီးတော့မှ မအောင်မေကို အထက်ဆရာကြီးတွေ ပေးတဲ့ ရေစင်ပုလင်းကို ပေးလိုက်တယ်။

ညနေသုံးနာရီလောက်မှာ ကျုပ်တို့ ဆရာမနိုင်ကနေ ပြန်ခဲ့ကြတယ်။ ရွာကိုတော့ မိုးချုပ်မှ ပြန်ရောက်ကြတာပေါ့ဗျာ။ ကျုပ်က ကျုပ်တို့ဝိုင်းမှာ ဆင်းနေခဲ့တယ်။ ကိုသိန်းထင်က လှည်းကို ဆက်မောင်းသွားတာပေါ့လေ။ အစ်မ မအောင်မေ အဆင်ပြေပါစေလို့ ကျုပ်လည်း စိတ်ထဲက ဆုတောင်းပေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း သူကြီးအိမ်ဘက် မရောက်ဘူးဗျ။ ကိုကြီးသိန်းထင်နဲ့လည်း မဆုံဖြစ်ဘူး။ ဒီကြားထဲမှာ ကျုပ်ကလည်း ကျုပ်ဆရာနွံဖ လာခေါ်လို့ လိုက်သွားသေးတယ်ဗျ။

ကျုပ် ရွာကိုပြန်ရောက်တဲ့အချိန်မှာ ကျုပ်အမေက ကျုပ်ကို ပြောတာဗျ။

"ဟဲ့ တာတေ၊ သိန်းထင်မိန်းမတော့ ကိုယ်ဝန်ကြီးနဲ့ ဖြစ်နေပြန်ပြီ၊ ဒီတစ်ခါတော့ အောင်အောင်မြင်မြင်ဖြစ်ဖို့ ရွာထဲကလူတွေ ဆုတောင်းနေကြတယ်"

"ဟင် ဟုတ်လား အမေ၊ ကျုပ်လည်း ဆုတောင်းပါတယ်ဗျာ၊ ဒီတစ်ခါတော့ ချောချောရှုရှု ဖြစ်ပါစေလို့"

ကျုပ် ရွာပြန်ရောက်တာနဲ့ ဟိုလူလာ၊ ဒီလူလာပေါ့ဗျာ။ ကျုပ် ဘယ်တွေသွားပြီး ဘာတွေလုပ်လာတယ်၊ ဘာတွေ တွေ့လာတယ်ဆိုတာကို လာပြီးနားထောင်ကြတာပေါ့ဗျာ။ ကျုပ်ကလည်း ကျုပ်ရဲ့ အတွေ့အကြုံအသစ်တွေကို အမြဲပြန်ပြောပြနေကြလေ။ သူတို့ကလည်း ကျုပ်ပြောပြသမျှကို နားထောင်နေကြပေါ့ဗျာ။

အဲ ကျုပ်ပြောတာတွေကို နားထောင်ဖို့ မဟုတ်ဘဲ ရောက်လာတဲ့သူကတော့ ကိုကြီးသိန်းထင်ပဲဗျ။

မနက်အစောကြီး ရောက်ချလာတာဗျို့။ ကျုပ်တောင် မျက်နှာသစ်နေတုန်း ရှိသေးတာ။ အိမ်ရှေ့ခန်းမှာ အဘနဲ့ အမေက ကိုကြီးသိန်းထင်ကို ဧည့်ခံထားကြတာပေါ့ဗျာ။

"ဟာ ကိုကြီးသိန်းထင်ပါလား"

"အေးကွ တာတေရ၊ မင်းပြန်ရောက်ပြီကြားလို့ လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ကိုယ်ဝန် ရှိနေပြီဆို"

"အဲဒီကိစ္စ မင်းနဲ့ ပြောချင်ဆိုချင်လို့ ငါ လာခဲ့တာကွ"

အဘနဲ့ အမေက ကိုကြီးသိန်းထင် ကျုပ်ဆီလာတာကို ဝမ်းသာဂုဏ်ယူနေကြတဲ့ပုံပဲဗျ။ ကိုကြီးသိန်းထင်က ကျုပ်တို့ရွာရဲ့ သူကြီးသားလေဗျာ။ အဘတို့ အမေတို့က လူရိုးကြီးတွေကိုဗျ။ အိမ်ကို သူကြီး လာလည်ရင်ဖြစ်ဖြစ်၊ သူကြီးသား လာလည်ရင်ဖြစ်ဖြစ် ဂုဏ်ရှိတယ်လို့ကို ထင်နေတော့တာဗျို့။

"ဟင် ဟုတ်လား ကိုကြီးရ ပြောပါဦး၊ ဘာတွေထူးလို့တုံး"

"မင်းအစ်မက အခု ကိုယ်ဝန် ခုနစ်လ ရှိနေပြီကွ၊ ကိုယ်ဝန် စရှိကာစကတော့ ဘာပြဿနာမှ မရှိဘူး တာတေ၊ ငါလည်း မင်းနဲ့ အတူတူသွားခဲ့တဲ့ အထက်လမ်းဆရာကြီးရဲ့ ရေစင်ကို မှန်မှန်တိုက်ပေးတယ်၊ တို့လင်မယားလည်း ကိုယ်ဝန် စရှိကတည်းက ဘုရားပုတီး မှန်မှန်ရှိခိုးကြ၊ ပုတီးစိပ်ကြ လုပ်တာပါပဲကွာ၊ တစ်ခါ မြို့တောင်ဘက်က မအောင်မေတို့ နေတဲ့ ဘုရားငုတ်တိုက ဘုန်းကြီးဆီမှာ သွားပြီး ဆေးပေါက်ပေးလိုက်သေးတယ်၊ ကိုယ်ဝန်ခြောက်လကျော်လည်းလာရော ဇာတ်လမ်းက စတော့တာပါပဲကွာ"

ကိုကြီးသိန်းထင်က ပြောရင်း မျက်နှာပျက်လာတယ်ဗျ။ နဂိုက အသားခပ်လတ်လတ်လူက အခုတော့ အသားတွေတောင် ညိုညစ်ညစ် ဖြစ်နေရောဗျာ။ စိတ်တွေလည်း တော်တော်ကို ရှုပ်နေတဲ့ပုံပဲဗျ။

"ဟင် ဘယ်လိုစတာတုံးဗျ"

"ဘယ်လိုစရမလဲ ငါ့ညီရာ၊ မင်းအစ်မ အိပ်မက် မက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွာ၊ ဟိုမိန်းမကြီးက အိပ်မက်ထဲမှာရောက်လာပြီး နင်ကလေး မြန်မြန်မွေး၊ ငါ စားချင်လှပြီလို့ ပြောသတဲ့ကွ"

"ဗျာ စားမှာဟုတ်လား"

"ဟုတ်တယ် တာတေ၊ ဒီလိုကို ပြောတာတဲ့၊ အရင်ကလေးတုန်းကလည်း သူ စားပစ်တာနေမှာပေါ့ကွာ၊ ငါလည်း ဆရာတွေလိုက်မေးတာ တော်တော်ကို စုံနေပါပြီကွာ၊ အားလုံးပြောတာတော့ နှီစွဲလို့ ပြောတာပဲ၊ ဘဝကပါလာတဲ့ အတုံ့အလှည့်တွေ ရန်ငြိုးရန်စတွေမို့ သူတို့ ကုလို့ရမှာ မဟုတ်ဘူးလို့ချည်း ပြောကြတာကွ၊ ငါလည်း ဘာလုပ်ရဦးမှန်း မသိပါဘူးကွာ"

"ဒါဆိုရင် ကျုပ်တို့သွားတဲ့ ဆရာမနိုင်က ဆရာကြီးလည်း ဒီကိစ္စကို မနိုင်လို့ ရှိမှာပေါ့ဗျ"

"ဒါရှိမှာပေါ့ကွာ၊ အဲဒီဆရာကြီးတင်မကဘူး၊ ဘုရားငုတ်တိုက ဆေးပေါက်ပေးတဲ့ ဘုန်းကြီးလည်း နိုင်ပုံမပေါ်ဘူးကွ၊ အခုမင်းဆီကို ငါလာတာ ငါ့သဘောနဲ့ငါ လာတာမဟုတ်ဘူးကွ၊ အဖေလွှတ်လိုက်လို့ လာတာ"

"ဗျာ သူကြီး လွှတ်လိုက်တာ ဟုတ်လား"

"အေး အဖေလည်း စိတ်ညစ်တာပေါ့ တာတေရာ၊ မွေးလာသမျှ သူ့မြေးကလေးတွေ အဖတ်မတင်ဘူး ဖြစ်နေတာကို မင်းသိတဲ့အတိုင်းပေါ့ကွာ၊ ငါ့အစ်ကို စိမ်းထင်တို့လင်မယားက ကလေးမရဘူးလေကွာ၊ ငါ့ကလေးတွေက အဖေတို့အတွက် မြေးဦးတွေ ဖြစ်နေတာပေါ့"

"အင်း ဟုတ်သားဗျ"

www.burmeseclassic.com



"နို့ နေပါဦး ကိုကြီးရဲ့၊ သူကြီးက ဘာပြောလို့တုံး"

"တာတေကို ခေါ်ခဲ့ပါတဲ့၊ မင်းနဲ့ တိုင်ပင်ချင်တယ်တဲ့ကွ"

"ခြော် ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျုပ် လိုက်ခဲ့ပါ့မယ်၊ ခဏတော့ စောင့် ကိုကြီးသိန်းထင်ရာ၊ ကျုပ် ထမင်းကြမ်းကလေး နည်းနည်း စားဦးမယ်ဗျာ"

"ဟာ မစားနဲ့ မစားနဲ့ အိမ်ကျမှစား၊ ဒီနေ့ အိမ်မှာ နတ်တင်တာကွ၊ ကောက်ညှင်းပေါင်းရော၊ ငါးကြော်ရော၊ မုန့်ဖြူ မုန့်နီရော၊ မုန့်ကြာစေ့ရော မင်းကြိုက်တာသာစား၊ ဒီမှာစားမနေနဲ့"

အဘနဲ့ အမေက ပြုံးပြုံးကြီးတွေ လုပ်နေကြတာဗျ။ သူတို့ တစ်သက်မှာ သူကြီးအိမ်က နတ်တင်တာ စားခဲ့ဖူးတာ မဟုတ်ကြ ဘူးလေဗျာ။ အခု ကျုပ်က သူကြီးအိမ်က နတ်တင်တာကို စားဖို့ သူကြီးသားကိုယ်တိုင် လာခေါ်တာဆိုတော့ ကျုပ်အတွက် တော် တော်ကို ဂုဏ်ရှိသွားတဲ့ပုံဗျ။ ကျုပ်ဖြင့် တွေးပြီး ရယ်လည်း ရယ်ချင် ပါရဲ့ဗျာ။

"ကဲ ဒါဆိုလည်း သွားကြစို့ဗျာ"

ဟုတ်တော့ ဟုတ်သားဗျ။ သူကြီးအိမ်ရောက်တော့ သူကြီး ကျုပ်ကို စောင့်နေတာဗျို့။

"ဟာ တာတေ၊ လာဟေ့ လာ"

အောင်မာ ဘယ်တုန်းကမှ ရယ်ခြင်း ပြုံးခြင်း မရှိတဲ့ သူကြီးဂျပုက ခုတော့ ရယ်ရယ်မောမောနဲ့ ကျုပ်ကို ဆီးကြိုတာဗျ။ လွန်ခဲ့တဲ့ ငါးနှစ် ခြောက်နှစ်လောက်တုန်းက တာတေကို ခိုးဖြစ်လို့ ဆိုပြီး သူကိုယ်တိုင် ထိတ်တုံးခတ်ထားတာကို မေ့သွားရော့လား

www.burmeseclassic.com



လူပုတိုကြီးရဲ့လို့ တာတေ မေးလိုက်ချင်သဗျ။ ဒြော် ဒီလိုမေးလို့တော့ ဘယ်ဖြစ်မှာတုံး၊ သူက သူကြီးပဲ၊ သူကြီးအလုပ် လုပ်ရတာပေါ့၊ တာတေကလည်း ရန်ဖြစ်မိတာကိုး။

"ထိုင်ကွ တာတေ၊ ထိုင်"

ရော် ခက်တော့နေမှပဲဗျာ။ သူကြီးဆိုတာ ဒီလို ကိုယ့်ယိုကားရားလူတွေ ဖြစ်တာနဲ့ တူပါရဲ့။ တာတေကဖြင့် ထိုင်ပြီးနေပြီ။ ဒီတော့မှ ထိုင်ကွ တာတေ ဆိုတော့ ပြန်တောင်ထပေးရမလိုကို ဖြစ်ရတော့တာပေါ့ဗျာ။ သူကြီးက စိတ်ထားတော့ ကောင်းသားဗျ။ ကျုပ်ကို ဂျွေးလိုက်မွေးလိုက်တာဗျာ။ ကောက်ညှင်းပေါင်းနဲ့ ငါးကြော်၊ မုန့်ဆီကြော်၊ အုန်းသီးစိတ်တွေ ပန်းကန်ထဲကို ထပ်ထပ်ထည့်ပေးနေတာဗျ။

ဘာတေတို့က တောသားတွေပဲဗျာ၊ အခုလို တော်မလေ့နတ်တင်တဲ့မုန့်တွေဆိုရင် ကျုပ်တို့က အားကြီးကြိုက်တာဗျ။ ကျုပ်စားသောက်ပြီးမှ သူကြီးက ပြောတယ်ဗျ။

"တာတေ ငါတို့ကြုံနေရတဲ့အဖြစ်ဆိုးကြီးကို မင်း အသိဆုံးပါ လူလေးရာ၊ မင်းအစ်ကိုနဲ့ မင်း ဆရာမနိုင်သွားပြီး အထက်လမ်းဆရာကြီးနဲ့ တွေ့ကြတာလည်း ငါသိပါတယ်။ အခုပုံကြည့်ရတာ သိပ်မထူးဘူးကွ၊ ဒီတစ်ခါမွေးရင်လည်း အဖတ်တင်မယ် မထင်ဘူး။ အေး အဖြစ်ကတော့ ယုံစရာတောင် မရှိတာကွာ၊ အိပ်မက်ထဲမှာ ဒီမိန်းမကြီးက ပေါ်ပေါ်လာပြီး ကလေးကို လုလုသွားတာနဲ့ အပြင်မှာ ကလေးက တကယ်ကို ဆုံးပါးသွားတာကွ၊ ငါ့တစ်သက်မှာ ဒါမျိုးကို ဒီတစ်ခါပဲ တွေ့ဖူးသေးတာကွ တာတေရ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သူကြီး၊ ကျုပ်လည်း ဆရာတွေနဲ့ လျှောက်လိုက်ပြီး ဗဟုသုတ ရှာနေတာ သူကြီး သိပါတယ်၊ ဒါပေမဲ့ ဒါမျိုးတော့ ကျုပ် တစ်ခါမှ မတွေ့ဖူးခဲ့ဘူး သူကြီးရဲ့"

"အေး အခု ငါ မင်းကို ခေါ်ခိုင်းတာက ဒီကိစ္စကို ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ တိုင်ပင်ချင်လို့ကွ"

ကျုပ်က ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့ ကျုပ် စဉ်းစားတာပေါ့ဗျာ။

"ကျုပ်မှာတော့ ဆရာအသိအကျွမ်းတွေ ရှိပါတယ် သူကြီး၊ ဒါပေမဲ့ သူကြီး စဉ်းစားကြည့်ဗျာ၊ ဆရာတစ်ယောက်က ကုပေးလို့ ရမလားဆိုတာ ကျုပ်တို့က ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေရမှာ မဟုတ်လားဗျ၊ ပြီးတော့မှ မရဘူးဆိုရင် အချိန်က လွန်နေပြီဖြစ်မှာ"

သူကြီးနဲ့ ကျုပ်နဲ့ ပြောနေတာကို ကိုကြီးသိန်းထင်က ဘေးက ထိုင်နားထောင်နေတယ်ဗျ။ ကိုကြီးသိန်းထင်ရဲ့နောက်မှာ ထိုင်နေတဲ့ အစ်မ မအောင်မေက ဝင်ပြောတယ်။

"တာတေရေ ဒီတစ်ခါ အိပ်မက်ထဲမှာ အဲဒီမိန်းမကြီးက ပိုပြီးကြမ်းတမ်းလာသလိုပဲဟာ၊ ငါတော့ ဒီအကြောင်း တွေးမိတိုင်း ကြောက်လိုက်တာဟယ်၊ ငါ ဘုရားရှိခိုးတိုင်း သူ့ကို အမျှဝေ မေတ္တာပို့ အမြဲလုပ်ပါတယ်။ ငါလုပ်ခဲ့တဲ့ အတိုင်းအလျှည့်ရှိရင်လည်း ကြေပါလို့ တောင်းပန်ပါတယ်ဟာ၊ အရင်ဘဝတစ်ခုခုမှာ သူ့သားသမီးတွေကို ငါ သတ်ပစ်ခဲ့လို့လား ဆိုတာတော့ ဘယ်သိနိုင်ပါ့မလဲ တာတေရာ"

"ဟုတ်တာပေါ့ဗျာ၊ ဘယ်သူက အရင်ဘဝဆိုတာတွေကို သိနိုင်မှာတုံး အစ်မရာ"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးငြိမ်သွားကြပြန်တယ်။ တွေးနေကြတာပေါ့ဗျာ။ ကျုပ်လည်း တွေးနေတာပါပဲ။

"ကျုပ် လုပ်ချင်တာတစ်ခုတော့ရှိတယ် သူကြီးရဲ့"

"ဟေ ဟုတ်လား၊ ပြောစမ်းကွာ တာတေ၊ မင်း လုပ်ချင်တာ ဘာတုံး"

"ကျုပ် မဖဲဝါကိုပင့်ပြီး ဒီကိစ္စကို မေးကြည့်ချင်တယ်၊ သူ ကူညီနိုင်မလားလို့လည်း မေးချင်တယ်"

"ဟေ မဖဲဝါဆိုတာ သချိုင်းစောင့်သရဲမလို့ ပြောကြတာပဲ တာတေရ၊ ဒီကိစ္စမှာ သရဲမကို လုပ်ခိုင်းလို့ ဖြစ်ပါ့မလား၊ ပိုဆိုးကုန်မှ ဖြင့် ခက်နေပါဦးမယ်ကွာ"

"ဟာ သူကြီး၊ မဖဲဝါက နာနာဘာဝတွေ၊ ယုတ်မာတဲ့ အောက်လမ်းဆရာတွေကို နှိမ်နင်းနိုင်တာ ကျုပ်ကိုယ်တွေ့ဗျ"

"ဟေ ဟုတ်လား တာတေ၊ ဒါဆိုရင်လည်း မင်းသဘော အတိုင်း လုပ်ပေတော့ကွာ၊ အဓိကကတော့ မွေးလာမယ့် ငါ့မြေး ကလေး အဖတ်တင်ဖို့ပါပဲ တာတေရာ"

"ဟုတ်တာပေါ့ သူကြီးရာ"

"အေး ဒါဆိုရင် မင်းပြောတဲ့ မဖဲဝါကို အခုပင့်လိုက်ကွာ၊ မင်း ပင့်လို့မရရင် သူကြီးဘိုးထင်အမိန့်လို့ ထည့်ပြောလိုက်ကွာ"

သူကြီးက သူ့နှုတ်ခမ်းမွေးကြီးကို လက်နဲ့သပ်ပြီး မာန်ပါပါ ပြောလိုက်တယ်ဗျ။ ကျုပ်ဖြင့် စိတ်ထဲမှာ တော်တော်ကို ရယ်ချင် သွားတာဗျ။ ဒါပေမဲ့ သူကြီးကို ကျုပ် ဘယ်ရယ်ရဲပါ့မလဲဗျာ။

"ရတယ်၊ သူကြီး ရတယ်၊ ဒီအဆင့်လောက်ဆိုတော့ သူကြီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့နာမည်ကို ထုတ်သုံးဖို့ မသင့်ပါဘူးဗျာ”

လို့ ကျုပ်က သူကြီးကို ခပ်ပင့်ပင့်ကလေး ပြောလိုက်တယ် ဗျ။ သူကြီးဂျပုက ဟိုခပ်ဝေးဝေးကို ငေးသလိုလုပ်ပြီး-

“အင်း ဒါလည်း ဟုတ်တာပဲကွဲ့”

ဘာပဲပြောပြော ကျုပ်တို့ရွာက သူကြီးက လူသာပုတာဗျ၊ ဘန်ပန်ကတော့ အကောင်းသားဗျ။ တခြားရွာက သူကြီးတွေက တော့ ခပ်ရိုးရိုးကြီးတွေဗျ။

“ကဲ တာတေ ပြော၊ မဖဲဝါကြီးကို ပင့်ဖို့ ဘာတွေလိုတုံးကွ”

“ဟာ သူကြီး မဖဲဝါကို ဒီရွာတွေထဲက ပင့်လို့မရဘူးဗျ၊ သချိုင်းမှာ ပင့်ရတာ၊ ညဘက်မှာမှ ပင့်ရတာဗျ၊ ဆန်တစ်ပြည်ချက် ထမင်းနဲ့ ကြက်ကြီးကြီးထွားထွားတစ်ကောင် ချက်ပေးထားပါ၊ ဒီည ကျုပ် ပင့်မယ်”

“ဩော် ဒီလိုလုပ်ရတာကိုး၊ ပြီးတော့ ဘာလိုသေးတုံး”

သူကြီးက စိတ်ပါလက်ပါကို မေးတာဗျ။ ကျုပ်က ပြောရ တာပေါ့ဗျာ။

“ပြီးတော့ နတ်ဝင်သယ်တစ်ယောက် လိုတယ် သူကြီး”

“ဟေ နတ်ဝင်သယ်၊ ဟ ငါ့ရွာမှာ နတ်ဝင်သယ်မှ မရှိတာ ဘယ်သွားရှာမတုံး၊ ဟိုဘက်ရွာတွေ သွားငှားကွာ၊ ဘယ်လောက် ပေးရ ငှပေးရ အဖေ ပေးမယ် သိန်းထင်”

“ကျုပ် ခါတိုင်းခေါ်တာတော့ မီးလောင်ကုန်းက နတ် ဆတော် ဒေါ်တုတ်ကြီးဗျ၊ ခုတော့ ရွာမှာ ရှိမှရှိပါ့မလား မသိဘူး”

“ဩော် မီးလောင်ကုန်းက နတ်ဝင်သယ် တုတ်လား ရှိ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မနေ့ကတောင် ဒီလာသွားသေးတယ်"

ဘယ်သူပြောတာတုံးတော့ မသိဘူးဗျ။ အိမ်နောက်ဘက်က လှမ်းပြောလိုက်တာပဲ။ သူကြီးအိမ်မှာက လူက များသားဗျ။ သူ့နှမကြီးတွေကလည်း ဒီမှာပဲနေတာ။

"ကဲ ဒါဆိုရင် မင်းပြောတာတွေကို ကိုကြီးသိန်းထင်အကုန်လုပ်ထားလိုက်မယ်၊ ဒေါ်တုတ်လည်း သွားခေါ်ပေးမယ်၊ ညကျရင် မင်း ဘယ်အချိန်လာမတုံး"

"ဒါဆိုရင် ကျုပ် ညကျမှပဲ လာတော့မယ်၊ ညရှစ်နာရီလောက် လာမယ်၊ ငှက်ပျောဖက်သန့်သန့်နဲ့ ထမင်းထုပ်ရမယ်၊ ငှက်ပျောဖက်လည်း ခုတ်ထားဗျာ၊ ကျုပ်လာမှ ထုပ်မယ်"

"အေး အေး ဟုတ်ပြီ စိတ်ချ၊ စိတ်ချ၊ မောင်တာတေငါ့ကို မင်းပြောတာတွေကို အားလုံးလုပ်ထားမယ်"

ကျုပ်လည်း ခဏနေပြီး အိမ်ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ အမေနဲ့ အဘကို အကျိုးအကြောင်းတွေ ပြောပြရတာပေါ့ဗျာ။ အဘတို့ကလည်း သူတို့သား တာတေဆိုတဲ့ကောင်ကို သူကြီးကတောင် အားကိုးရတာဆိုတဲ့ အတွေးနဲ့ ပြုံးပြီး ခေါင်းတညိတ်ညိတ်လုပ်နေကြတာဗျို့။

ညရောက်တော့ ထမင်းပွဲအသင့်ပြင်ပြီး ဒေါ်တုတ်ကိုခါတိုင်းလိုပဲ ဆံပင်ဖားလျားချပြီး လက်အုပ်ချီခိုင်းရတာပေါ့ဗျာ။

"သချိုင်းမှန်သမျှမှာ ခိုအောင်းနေထိုင်ကြတဲ့ နာနာဘာဝအားလုံးရဲ့ သခင်မကြီးဖြစ်တဲ့ သချိုင်းရှင်မ မဖဲဝါဗျာ၊ ကျုပ်တာတေက လေးလေးစားစား ဖိတ်ကြားပါတယ်၊ ရောက်ရာအရပ်ကနေ

www.burmeseclassic.com

www.burmeseclassic.com



အမြန်ကြွလှမ်းခဲ့ပါ သချိုင်းရှင်မကြီး ခင်ဗျာ”

ဒေါ်တုတ်က လှုပ်တောင် မလှုပ်ဘူးဗျ။ နတ်ပင့်ရင်သာ တကယ်မဝင်ဘဲ ဟန်လုပ်ချင် လုပ်မှာဗျ။ မဖဲဝါကိုတော့ တကယ် မဝင်ဘဲ ဟန်ဆောင်ရဲမှာ မဟုတ်ဘူးလေ။

“သချိုင်းရှင်မကြီးခင်ဗျာ၊ စားပွဲသောက်ပွဲတွေနဲ့ ကျုပ်တာတေ ကြိုနေပါတယ်၊ အမြန်ကြွပါဗျာ၊ အမြန်ကြွခဲ့ပါ”

“ဟီး ဟီး ဟီး ဟီး ဟီး”

ဟာ လာပြီဗျို့၊ လာပြီ။ သချိုင်းရှင်မ ကြွလာပြီဗျို့။ ခုန်ပြီ၊ ခုန်ပြီ။ လွှားကနဲ့ပဲဗျာ။ ဂူကြီးပေါ်ကို ခုန်တက်သွားတာ ထမင်းတွေ ဟင်းတွေကို သေသေချာချာကြည့်ပြီးမှ အားရပါးရ စားတော့တာဗျို့။ ကျုပ်က ခဏစောင့်ပြီးမှ မဖဲဝါက ကျုပ်ကို တစ်ချက်လှမ်းကြည့်တယ်ဗျ။ ဒီတော့မှ ကျုပ်က. . .

“သချိုင်းရှင်မကြီးဗျာ၊ ကျုပ်တို့ရွာမှာ သူကြီးချွေးမ မအောင်မေဟာ ကလေးနှစ်ယောက် မွေးပေမယ့် အဖတ်မတင်ခဲ့ဘူးဗျ၊ အိပ်မက်ထဲမှာ ကလေးကို မိန်းမကြီးတစ်ယောက်က လာလာပြီး လုသွားတယ်။ အခုလည်း မအောင်မေမှာ ကိုယ်ဝန်ရှိနေပါတယ်၊ အဲဒီမိန်းမကြီးက နင်ကလေးမမွေးသေးဘူးလား၊ ငါ စားချင်နေပြီ ဟဲ့လို့ ပြောတယ် မဖဲဝါ၊ အဲဒီမအောင်မေကို သချိုင်းရှင်မကြီး ကယ်ပေးပါလို့ ပြောချင်တာပါဗျာ”

ခေါင်းညိတ်တယ်ဗျ။ မဖဲဝါက ခေါင်းညိတ်တယ်။ ထမင်း တစ်ပြည်ချက်နဲ့ ကြက်တစ်ကောင်ကို အသာကလေးဖဲ့ပြီ။ စား သောက်လို့ ပြီးတဲ့အခါကျတော့ -

www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ အတုံ့အလှည့်ကိစ္စပဲ၊ နှိုက်စွဲလို့ ခေါ်တယ်၊ ဒီကောင်မ က သရဲ မဟုတ်ဘူး၊ ဘီလူးမပေါ့၊ ဘီလူးမ၊ နားလုံးဝမကြားဘူး၊ နားပင်းနေတယ်။ ဒါပေမဲ့ ဒီဘီလူးမက လွှန်လာတာ၊ သူနဲ့ သူကြီး ချွေးမနဲ့ အတုံ့အလှည့်ရှိတာ ကလေးနှစ်ယောက်တည်း။ ပြန်ပြီး ပေးဆပ်ပြီးသွားပြီ၊ ဒါကို ထပ်ပြီးစားဖို့ ရောက်လာတာ၊ နင်တို့ သေသေချာချာ နားထောင်၊ ဒီကလေးမွေးပြီး ဆယ်လတိတိပြည့်တဲ့ ညမှာ ဒီဘီလူးမ လာပြီးလုလိမ့်မယ်၊ ငါလာမယ်၊ ဒီကောင်မကို ငါ အပြီးနှင်ပေးမယ်။ ဒါပေမဲ့ အိပ်မက်ထဲကို ဝင်လိုက်ပြီး လုပ်ရမှာပေါ့၊ ဒီတော့ ဒီလိုလုပ်၊ ကလေးမွေးပြီးလို့ ဆယ်လသားရောက်ရင် အဲဒီည ကလေးရော မအေရော ဟောဒီသချိုင်းထဲမှာ လာအိပ်ကြ၊ ငါ့ပိုင်နက်ထဲရောက်ရင် ငါ နိုင်တယ်၊ ဒီကိစ္စ ငါရှင်းပေးမယ်၊ အိပ်မက်ထဲကို ငါ ဝင်ရမှာ ကြားလား"

"ဟုတ်ကဲ့ပါ မဖဲဝါ၊ ဟုတ်ကဲ့ပါ၊ အဲဒီည ဒီသချိုင်းထဲကို လာအိပ်ပါ့မယ်"

ကျုပ်ဖြင့် အံ့ဩလိုက်တာဗျာ။ ကျုပ် လုံးဝထင်မထားတဲ့ စကားတွေဗျ။ ဒါပေမဲ့ ဘယ်လိုလုပ်မလဲ၊ အိပ်ရမှာပဲပေါ့။ ကိုကြီး သိန်းထင်ရယ်၊ ကျုပ်ရယ်၊ ဒေါ်တုတ်ရယ် ကိစ္စပြီးတော့ ပြန်လာတယ်။ အိမ်ရောက်တော့ သူကြီးကို ပြောပြတဲ့အခါ သူကြီး တော်တော်စိုးရိမ်သွားတယ်ဗျ။

"ဖြစ်ပါ့မလား တာတေ၊ သချိုင်းထဲကို ကလေးငယ်ငယ် လေးခေါ်ပြီး သွားအိပ်လို့ ဖြစ်ပါ့မလားကွ"

"တခြားနည်းမှ မရှိတာ လုပ်ရမှာပဲပေါ့ သူကြီးရာ"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးလည်း နောက်ဆုံးတော့ သဘောတူရတာပေါ့ဗျာ။ ဒီကိစ္စကို ဒီလိုမရှင်းရင် ပြီးမှာမှ မဟုတ်တာ။

အစ်မ မအောင်မေ တပေါင်းလမှာ ကလေး မီးဖွားတယ်ဗျ။ ယောကျ်ားလေးဗျာ။ ဝဝကစ်ကစ် ဖြူဖြူဖွေးဖွေးလေးဗျ။ တကယ်ကို ချစ်စရာပါဗျာ။

ပြာသိုရောက်တော့ ကလေး ဆယ်လပြည့်မှာပေါ့ဗျာ။ သူကြီးဆိုတာ သူ့မြေးကလေးကို ချစ်လိုက်တာ တုန်နေတာပေါ့ဗျာ။

"တာတေ မင်းလုပ်တဲ့ကိစ္စ သေချာရဲ့လားကွာ"

လို့ ကျုပ်ကိုမေးတယ်။ ကျုပ် မဖဲဝါကို ယုံတယ်ဗျ။

"စိတ်ချပါ သူကြီး၊ သူကြီးမြေးလေး အသက်ရှင်စေရမယ်၊ နောက်လည်း ဒီ့ဗင်္ဂဒုက္ခကြီး အပြီးသတ်သွားစေရမယ်"

ကျုပ်တို့ သချိုင်းထဲမှာ တဲတစ်လုံး ဆောက်ကြတယ်။ တဲဆိုပေမယ့် အိမ်ပုံစံကလေး ဆောက်ကြတာဗျ။ ဝါးနဲ့ ဆောက်ကြတာပေါ့ဗျာ။ သက်ကယ်မိုးတယ်။ ကလေး ဆယ်လပြည့်ကာနီး တစ်ပတ်အလိုမှာ ကျုပ်နဲ့ ကာလသားလေးငါးယောက် ဆောက်ကြရတာပေါ့ဗျာ။

ကျုပ်တစ်သက် ဘယ်တော့မှ မမေ့မဲ့ညကို ရောက်ခဲ့ပြီပေါ့ဗျာ။ ပြာသိုလကြီးဗျာ။ အေးလိုက်တာ ခိုက်ခိုက်ကိုတုန်နေတာဗျို့။ အိမ်ကလေးထဲမှာ မီးအိမ်ကလေး ထွန်းထားတယ်။ မအောင်မေနဲ့ ကလေးကို အိပ်ရာနွေးနွေးထွေးထွေးခင်းပြီး ကျကျနန သိပ်ထားတာဗျ။ ကိုကြီးသိန်းထင်နဲ့ ကျုပ်တို့ကတော့ အိမ်ဘေးနားမှာ မီးဖိုပြီး မီးလှုံနေကြတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ညဦးကတည်းက ကျုပ်က မဖဲဝါကို ပင့်ဖိတ်ပြီး ကျွေးမွေးထားတာဗျ။ ဒေါ်တုတ်ကို ခေါ်ရတာပေါ့ဗျာ။ မဖဲဝါက စားသောက်ပြီးတော့ ပြောတယ်ဗျ။

"တာတေ နင်တို့ ဘာမှမပူနဲ့၊ ငါ ဒီည အိပ်မက်ထဲကို ဝင်ပြီးလိုက်မှာ"

ကိစ္စပြီးတော့ ဒေါ်တုတ်ကို ရွာပြန်ပို့။ ကျုပ်တို့နဲ့ အတူနေပေးတဲ့ ရွာက ကာလသားလေးငါးယောက်ကိုလည်း အရက်ကလေး ဘာလေးတိုက်ပြီး ရဲဆေးတင်ပေးထားရတာပေါ့ဗျာ။

ဒီကောင်တွေလည်း ဘယ်သူမှ မအိပ်ကြဘူးဗျ။ အားလုံး ထိုင်စောင့်နေကြတာ။ ဒါပေမဲ့ အင်မတန် ဆန်းကြယ်တဲ့လောကကြီးပဲဗျာ။ ဘယ်ရပ့်မလဲ။ သန်းခေါင်လောက်ရောက်တော့ ကျုပ်တို့ အားလုံး ထိုင်ပြီး မီးလှုံရင်းနဲ့ အိပ်ပျော်သွားကြတာဗျို့။ အိမ်ပေါ်က ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေရော အော်သံတွေရော ကြားတော့မှ ကျုပ်တို့ လန့်ပြီးနိုးသွားကြတာဗျ။

"ဝုန်း ဒုန်း ဝုန်း မပေးဘူး၊ ငါ့ကလေးကို မပေးဘူး၊ ငါ သေပစေ၊ အသေခံမယ်၊ ဝုန်း ဒုန်း"

ဟာ အစ်မ မအောင်မေတော့ အိပ်မက်ထဲမှာ ကလေးလုနေပြီပဲလို့ ကျုပ် တွေးလိုက်မိတယ်။ ကိုကြီးသိန်းထင်က ဝှက်ကြီးတောင်ဓားကိုဆွဲပြီး အိမ်ပေါ်ပြေးတက်မယ်လုပ်လို့ ကျုပ်က ဆွဲထားရတယ်ဗျ။

ပြီးမှ လေသံကလေးနဲ့ -

"မသွားနဲ့ ကိုကြီး မသွားနဲ့၊ ဒီကိစ္စကို မဖဲဝါ ရှင်းမှာ၊

www.burmeseclassic.com

www.burmeseclassic.com



အသာငြိမ်နေ၊ မစိုးရိမ်နဲ့"

ဒီတော့မှ ကိုကြီးသိန်းထင် သတိရပြီး ငြိမ်နေတယ်ဗျာ၊ ရွာကအဖော်လိုက်လာတဲ့ ကာလသားတွေလည်း ဓားတွေကိုင်ပြီး ငြိမ်နေကြတယ်။ မျက်လုံးတွေကတော့ ပတ်ဝန်းကျင်ကို မျက်ခြည် မပြတ် ကြည့်နေရတာပေါ့ဗျာ။ ဝုန်း၊ ဒိုင်း ဆိုတဲ့ အသံတွေက အစ်မ မအောင်မေ အိပ်ရင်းနဲ့ ရုန်းတဲ့ကန်တဲ့ အသံတွေပေါ့ဗျာ။

"ကယ်ပါရှင်၊ ကျွန်မကို ကယ်ပါ၊ ဒီမိန်းမကြီးကို ဒီမိန်းမ ကြီးကို. . ."

အစ်မအောင်မေရဲ့ အသံက ပျောက်သွားတယ်ဗျ။ ဝုန်း ဝုန်းဒိုင်းဒိုင်း အသံတွေလည်း ငြိမ်သွားတယ်။ ကျုပ်တို့လည်း ငြိမ်ပြီး နားထောင်နေရတာပေါ့ဗျာ။ တော်တော်ကြာသွားတယ်ဗျ။

"ကိုသိန်းထင်၊ ကိုသိန်းထင်"

"ဟေ အောင်မေ၊ ဘာတုံး၊ ငါတို့ ဒီမှာရှိတယ်လေ"

"လာကြဦးတော့၊ ကျုပ် ပြောပြဦးမယ်"

ကျုပ်တို့အားလုံး အိမ်ပေါ်တက်ခဲ့ကြတယ်ဗျ။ မအောင်မေ က အိပ်နေတဲ့ကလေးကို ရင်ခွင်ထဲမှာ ကျစ်ကျစ်ပါအောင် ပွေ့ထား တယ်။

"ကျုပ် အိပ်မက် မက်တာတော့၊ ဟိုမိန်းမကြီး ကျုပ်ကလေး ကို လာပြီးလုတာပေါ့တော်၊ ကျုပ်လည်း ဒီတစ်ခါတော့ အသက်ချင်း လဲမယ်ဆိုပြီး ခံသတ်တာတော့၊ ဒီတုန်းမှာ တာတေပြောတဲ့ မဖဲဝါကြီး ထင်တယ်၊ မြုန်းခနဲ ရောက်ချလာပြီး ဟိုမိန်းမကြီးကို ဆံပင်ဆွဲပြီး သူ့လက်ဝါးကြီးနဲ့ ရိုက်တော့တာပဲတော်၊ ပြီးတော့ ဟိုစပ်က ပြော

www.burmeseclassic.com

www.burmeseclassic.com



သေးသတော်၊ ဟဲ့ ဘီလူးမ၊ နင်နဲ့ သူနဲ့ အတုံ့အလှည့်ကိစ္စက ပြီးနေပြီပဲ၊ နင် သက်သက်လာလုပ်တာ၊ ပြီးတော့ ငါ့ပိုင်နက်ထဲမှာ နင်လာပြီး ငါ့ကို စော်ကားတာ၊ ကဲဟာ ကဲဟာ ဆိုပြီး ရိုက်တာ တော်ရေ။ ဟိုမိန်းမကြီးက ဒူးတုပ်ပြီး နောက်မလုပ်တော့ပါဘူးဆိုပြီး မဖဲဝါကို ဝန်ချတောင်းပန်တယ်။ ကျုပ်ဘက်ကို လှည့်ပြီးတော့လည်း ဘဝရဲ့ အတုံ့အလှည့်တွေ၊ ရန်ငြိုးတွေ ကျေပါပြီ၊ နောက် ဘယ်တော့မှ မလာတော့ပါဘူးလို့ ကတိပေးတယ်၊ အဲဒါပြီးတော့ ကျုပ်လည်း လန့်နိုးသွားတာပဲတော့"

"ဟာ ဒါဆိုရင် ကိစ္စပြီးသွားပြီပေါ့ဟာ"

ကိုကြီးသိန်းထင်က ဝမ်းသာအားရ ပြောတယ်ဗျ။ အဲဒီညတော့ ကျုပ်တို့အားလုံး မိုးလင်းတဲ့အထိ သချိုင်းမှာပဲ နေလိုက်ကြတယ်။ ဒီသတင်းကတော့ နောက်နေ့ မိုးလင်းတာနဲ့ ရွာထဲမှာ ပျံ့သွားတော့တာပေါ့ဗျာ။

အဲဒီကောင်လေးကို ကိုသိန်းထင်နဲ့ မအောင်မေက ရန်ရှင်းလို့ ခေါ်တယ်ဗျ။ အခုဆို ရန်ရှင်းတောင် ခုနစ်နှစ်လောက် ရှိပြီပေါ့ဗျာ။ မနှစ်ကပဲ ရှင်ပြုတယ်လေ။ ပြီးတော့ ရန်ရှင်းမှာ ညီတစ်ယောက်လည်း ရနေပြီဗျ။ အငယ်ကောင်က ရန်လင်းတဲ့ဗျာ။

တာတေ

□□□

www.burmeseclassic.com

www.burmeseclassic.com



# အင်းသရဲ

ကိုပန်းဦး ဆိုတာ ဘန့်ဘွေးကုန်းကဗျ။ တာတေ့ကို လွှတ်ခင်တာ။ တာတေတို့တွေက ညီအစ်ကိုလိုနေတဲ့ သူတွေပေါ့ဗျာ။ တာတေ့ရည်းစား လှုယဉ် သေသွားတော့ ဘန့်ဘွေးကုန်းရွာသားတွေက တာတေ့ကို အားကြီးသနားသွားကြတာဗျ။ လှုယဉ်ဆုံးတော့ တာတော တော်တော်စိတ်ထိခိုက်ခဲ့ရတာပေါ့ဗျာ။ ဘ[illegible]ကို မသွား

www.burmeseclassic.com



တော့တာ။ သွားချင်စိတ်လည်း မရှိဘူးဗျ။ အိမ်မှာပဲ ခွေနေတယ်။ အဘနဲ့တော့ ယာထဲကို အမြဲလိုက်တယ်။

အဘကလည်း ကျုပ်ကို သနားတော့ အိမ်မှာနေခဲ့လို့ ပြောပါတယ်။ အိမ်မှာ ထိုင်နေရင် ပိုဆိုးမှာပေါ့ဗျာ။ ဒါကြောင့် အလုပ်ကို ဖိလုပ်ပြီး ခံသာအောင် နေခဲ့ရတာပေါ့။

တစ်ညနေ ဝိုင်းနောက်ဘက်မှာ တာတေ နွားစာ စဉ်းနေတုန်း အိမ်ရှေ့ကခေါ်သံ ကြားလိုက်ရတယ်။

"တာတေ၊ ဟေ့ တာတေ"

ဒီအသံကို ကျုပ်ကြားဖူးပါတယ်ဆိုပြီး တွေးနေတာဗျ။

"အမေရေ ဝိုင်းဝတ ကျုပ်ကို ခေါ်နေတာ ဘယ်သူတုံး"

"အေး ငါလည်း အဲဒါ ကြည့်နေတာ၊ ဘယ်သူတုံး မသိဘူး။ နင် သွားကြည့်လိုက်စမ်း တာတေ"

ကျုပ် ဝိုင်းဝကို ခပ်သုတ်သုတ် ထွက်ခဲ့တယ်။ ဝိုင်းဝမှာ ရပ်ပြီး ကျုပ်ကိုခေါ်နေတဲ့သူ ထန်းပလက်ခမောက်ကလေး ဆောင်းလို့ဗျ။

"ဟာ ကိုပန်းဦးကြီးပါလား၊ လာလေဗျာ၊ ဘယ့်နှယ် ဝိုင်းဝမှာ မတ်တတ်ကြီးရပ်လို့ ဝင်ခဲ့လေဗျာ"

ကျုပ်က ကိုပန်းဦးကို လှမ်းခေါ်တယ်။ သူ့ကိုတွေ့တော့ ကျုပ် လှယဉ်ကို သတိရမိပြန်ရောပေါ့ဗျာ။ လှယဉ် ရှိတုန်းက ကျုပ်နဲ့ လှယဉ်နဲ့ ချိန်းရင် ကိုပန်းဦးကြီးက ချိန်းပေးရတာဗျ။

"လာ ကိုပန်းဦး အိမ်ပေါ်တက်ဗျ"

"ဟာ ပန်းဦး၊ မင်းအဖေ ကိုစံဖူး နေကောင်းရဲ့လားဟေ့"

www.burmeseclassic.com

www.burmeseclassic.com



အဘက ကိုပန်းဦးကို ကုလားထိုင်မှာ ထိုင်ခိုင်းပြီး သူ့သူငယ်ချင်း ဘိုးစံဖူးအကြောင်း မေးတယ်ဗျ။ နောက်က ထွက်လာတဲ့ အမေကလည်း. . .

"ဟဲ့ ပန်းဦးရယ်၊ နင့်ကို ဘယ်သူမှန်းကို မသိတာဟော့၊ မျက်စိတွေကလည်း မကောင်းတော့ပါဘူးဟာ"

"အဘတို့ အရီးတို့ နေကောင်းကြတယ်မို့လား"

ကိုပန်းဦးကလည်း အဘနဲ့ အမေကို မာကြောင်း သာကြောင်း မေးတယ်။

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီး ကိုပန်းဦးကို တည်တယ်။ ကိုပန်းဦးက သူဆောင်းလာတဲ့ ခမောက်ကလေးကို ချွတ်ပြီး စားပွဲပေါ် တင်လိုက်တယ်ဗျ။ ပြီးတော့ နဂါးဆေးပေါ့လိပ်ကို နှစ်ဖွာ သုံးဖွာ ဖွာလိုက်ပြီး အားရပါးရ ရှိုက်လိုက်တယ်။ ဘန့်ဘွေးကုန်းကနေ ကုန်းကြောင်းလျှောက်လာတော့ ကျုပ်တို့ဝိုင်းလည်း ရောက်ရော မောနေတော့တာပေါ့ဗျာ။

"တာတေ မင်းကို ငါ ပြောဖို့လာတာကွ"

"ဗျာ၊ ဘာတုံး ကိုပန်းဦး"

"ငါ့အဘနဲ့ ငါနဲ့ အောက်ပြည်သွားကြမလို့ကွ၊ အဘရဲ့ညီမကို တွေ့ချင်လို့ ပြောတာနဲ့ ငါ လိုက်ပို့ရမှာ၊ ငါ့အရီး နေတာက ရွာလေးပဲကွ၊ အင်မတန် သာယာတာ၊ ..င်းကြီးလည်းရှိတယ်၊ စစ်ပင်အင်းလို့ ခေါ်တယ်။ ရွာကိုလည်း စစ်ပင်ရွာလို့ ခေါ်တာ။ အတော်ကလေး သာယာတဲ့ရွာကွ၊ မင်းလည်း လှယဉ်ကိုမို့ စိတ်ထိခိုက်တာမို့လား၊ စိတ်ပြေလက်ပျောက် လိုက်ခဲ့ပါလား့လို့ ငါ လာခေါ်

www.burmeseclassic.com

www.burmeseclassic.com



တာ၊ အဘကလည်း တာတေပါတော့ ပိုကောင်းတာပေါ့လို့ ပြောနေတယ်ကွ"

"အေး ဟုတ်သားပဲ တာတေရဲ့၊ နင့်အစ်ကိုနဲ့ အောက်ပြည်လိုက်လည်ချည်ပါလား၊ အမေတို့ စရိတ်အလုံအလောက် ပေးလိုက်မှာပေါ့"

စစ်ပင်အင်းရွာ ဆိုတာက စစ်ပင်ကြီးတစ်ပင် ပေါက်နေတဲ့အင်းကို အစွဲပြုပြီး ခေါ်တာလား၊ ဒါမှမဟုတ် စစ်ပင်အင်းရွာကို အစွဲပြုပြီး စစ်ပင်အင်းလို့ ခေါ်တာလားတော့ တာတေ မသိဘူးဗျာ။ အင်းကြီး အကြီးကြီး တစ်ခုရှိနေတဲ့ရွာဆိုတာတော့ တာတေ သိတယ်။

တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရမှာပဲဗျာ။ တာတေတို့ရောက်တဲ့မနက်မှာပဲ တစ်ရွာလုံး ရှုန်းရှုန်း ရှုန်းရှုန်း ဖြစ်နေကြတာလားဗျာ။ ဘာဖြစ်လို့တုံးဆိုတော့-

ရွာထဲက ရွာသားတစ်ယောက် သေလို့တဲ့။ လူသေတာပဲ ဆန်းသလားလို့ တာတေ တွေးမိတယ်။ ရိုးရိုးသေတာ မဟုတ်ဘူးဗျ။ သရဲသတ်လို့ သေတာ။

"ဟာ သရဲသတ်တယ်ဆိုတာ ဘယ်လိုသိတာတုံး"

"အခုသေတဲ့ ကိုဆောင်း ဆိုတဲ့လူက တစ်ရွာလုံးက ခင်တဲ့လူတဲ့ဗျ၊ ရန်ငြိုးရန်ဘက် ရှိတဲ့လူ မဟုတ်ဘူးဆိုပဲ၊ ဟင် ဒါဆိုရင် ဘယ်လိုသေတာတုံး"

"စစ်ပင်အင်းကြီးထဲမှာ ညက ငါးခိုးဖမ်းတာတဲ့ဗျာ၊ ကွန်လေးနဲ့ သွားပစ်တာဆိုပဲ၊ အဲဒါ အင်းစောင့်သရဲက လည်ပင်းကို

www.burmeseclassic.com

www.burmeseclassic.com



သိမ်ချိုးတာတဲ့ဗျို့။"

ကိုဆောင်းအလောင်းက လည်ပင်းကြီးကျိုးပြီး မျက်နှာက ကျောကုန်းဘက်ကို ရောက်နေတာဆိုပဲဗျာ။ ဆိုးလှချည်လားလို့ တာတေ တွေးမိတယ်ဗျ။

ကိုဆောင်းရဲ့ အလောင်းဘေးမှာ ကွန်လေးတစ်ခုနဲ့ ငါးထည့်တဲ့ ပလိုင်းကလေးတစ်လုံး တွေ့တယ်တဲ့ဗျာ။ ဟင်းစားကလေးဘာလေးလောက် ကွန်ပစ်မိတာ ဒီလောက်ပဲ လုပ်လိုက်ရသလားလို့ ကျုပ်တွေးပြီး စိတ်မကောင်းဖြစ်မိတာပေါ့ဗျာ။

တာတေတို့ တည်းတဲ့အိမ်က ဘိုးစံဖူးရဲ့ညီမအိမ်လေဗျာ။ သူတို့ကတော့ အင်းမလုပ်ဘူးဗျ။ လယ်လုပ်စားကြတာ။ ရွာထဲမှာ လယ်လုပ်တဲ့သူက နည်းသားကလား။ တော်တော်များများက စစ်ပင်အင်းကြီးထဲမှာ အခြေခံအင်းသားနဲ့ အင်းကူလီတွေချည်းပဲတဲ့ဗျို့။ အင်းကူလီဆိုတာက အင်းထဲမှာ ငါးဖမ်း၊ ငါးခြောက်ခွဲ၊ ငါးပိလုပ်တဲ့ လုပ်သားတွေပေါ့ဗျာ။ ငါးတွေလည်း ထမ်းရတာပေါ့။

ဘိုးစံဖူးရဲ့ ညီမနာမည်က အရီးမယ်ရွှေတဲ့ဗျို့။ ကိုပန်းဦးနဲ့ ကျုပ်ကို တွေ့တာနဲ့ လွတ်ခင်တာဗျ။ သူတို့မလည်း အောက်ပြည်အောက်ရွာသာ ရောက်နေတာဗျ၊ အညာကိုတော့ လွမ်းနေတဲ့ပုံပဲ။

ကျုပ်တို့ အညာသားတွေကိုတွေ့တော့ အရီးမယ်ရွှေခမျာ ပျော်လိုက်တာလေ။ ကိုပန်းဦးနဲ့ ကျုပ်ကိုလည်း ပန်းဦးနဲ့ တာတေဆိုပြီး ပါးစပ်က မချတော့ဘူးဗျို့။

အရီးမယ်ရွှေရဲ့ ယောကျ်ားကြီးကလည်း လွှတ်ပြီးဘောကောင်းတဲ့လူကြီးဗျ။ ညနေစောင်းရင် ကဖော်ကရေးမှုပြီး အေး



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေးနေတော့တာဗျ။ နာမည်က ဦးမိုးသီးတဲ့။ သျှောင်ထုံးကြီးနဲ့ဗျ။ ကိုပန်းဦးနဲ့ ကျုပ်ကိုရော၊ သူ့ယောက်ဖ ဘိုးစံဖူးကိုရော ဂရုစိုက်လိုက်တာ လိုလေသေးမရှိအောင်ပါပဲဗျာ။

"တာတေရေ မင်းတို့ ရောက်တဲ့နေ့မှာမှ တိုက်တိုက်ဆိုင်ဆိုင်ကွာ၊ ဒီသရဲက လူသတ်ရတယ်လို့၊ အင်းသရဲတဲ့၊ ဘာအင်းသရဲလဲ၊ မိုးသီးနဲ့ တွေ့လိုက်စမ်းချင်တယ်ကွာ၊ အင်းသရဲ နှင်းခဲ ဖြစ်သွားမယ်ဟင်း"

အရီးမယ်ရွှေရဲ့ယောကျ်ား ဦးမိုးသီးက ညနေစောင်း ကဇော်ကလေး မူးလာတော့ မူးမူးနဲ့ အင်းသရဲကို ကြိမ်းနေတာဗျ။

"ကိုမိုးသီး တော် ဒီလောက်သတ္တိရှိနေရင် ဒီည အင်းထဲမှာ ကွန်သွားပစ်ကြည့်ပါလား"

လို့ အရီးမယ်ရွှေက ငေါ့ပြောတယ်ဗျ။

"ဟာ မယ်ရွှေရ၊ ငါ ဘယ်တုန်းက အကုသိုလ်အလုပ်တွေ လုပ်ဖူးလို့တုံး၊ နင် သိပါတယ် မယ်ရွှေရာ၊ အပိုတွေ ပြောမနေပါနဲ့"

ဦးမိုးသီးက ကြောက်တာကို ကြောက်တယ်လို့ မပြောဘဲ ဝေ့ဝိုက်ပြောနေတာဗျ။ သူ့ယောက်ဖ ဘိုးစံဖူးကလည်း ဦးမိုးသီး ပြောတာကို အသာကြိတ်ပြီး ရယ်နေတာဗျို့။ ဒီတော့ ကိုပန်းဦးက သူ့ဦးလေးတော် ဦးမိုးသီးကို မေးတယ်ဗျ။

"ဦးလေး ဒီအင်းသရဲဆိုတဲ့ဟာကြီးက ဦးလေးတို့ရွာမှာ အခုလိုပဲ လူတွေ သတ်နေကျလားဗျ"

"ဟာ မဟုတ်ပါဘူး တူကြီးရာ၊ တစ်ခါမှ မသတ်ဖူးပါဘူးကွာ၊ ရေနဲ့ပက်တာတို့ အသံပေးတာတို့ ရေကို 'ဝုန်း ဝုန်း' 'ဝုန်း

www.burmeseclassic.com

www.burmeseclassic.com



ဥန်း' လုပ်တာတို့လောက်ပဲရှိတာပါ။ အဲဒီလောက် ခြောက်လိုက် လှန့်လိုက်တယ်ဆိုရင်ပဲ ငါးခိုးတဲ့သူတွေက ပြေးကြတာပါပဲကွာ၊ ဒီတစ်ခါက လည်ပင်းလိမ်ချိုးပြီး သတ်ပစ်တာကွာ၊ သရဲ သတ်တာ တော့ ဟုတ်ရဲ့လားကွာ၊ အင်းသူကြီး မွေးထားတဲ့ လူမိုက်တွေများ သတ်လိုက်တာလား"

"နို့ ကိုဆောင်းတို့ တစ်ရွာလုံးက ခင်ကြတယ်ဆို"

လို့ ကျုပ်က ဝင်ပြီးထောက်ပြတယ်ဗျ။

"အေးကွ မောင်တာတေရ၊ မင်းက အင်မတန် အတွေး အခေါ်ကောင်းတဲ့ လူငယ်ပဲ၊ ဟုတ်ပါ့ကွာ၊ အင်းသူကြီး မွေးထားတဲ့ သူမိုက် ဆိုတာကလည်း တခြားကမှ မဟုတ်တာ၊ ဒီရွာသားတွေပဲ ခလ၊ အားလုံး ငဆောင်းနဲ့ ရင်းနှီးတဲ့ကောင်တွေပါပဲကွာ၊ ဒီကောင် တွေကတော့ ဝဆောင်းကို သတ်မှာမဟုတ်ပါဘူးကွာ"

"ဒါဆိုရင်တော့ သရဲသတ်တာပဲ ဖြစ်မှာပေါ့ ဦးလေးမိုးသီး ရဲ့"

ကိုပန်းဦးက ဝင်းပြောတော့ ဦးမိုးသီး တွေပြီးစဉ်းစားနေ တယ်ဗျ။ ခဏနေတော့မှ-

"ဟုတ်လောက်တယ်ကွ၊ ပန်းဦးနဲ့ တာတေရ၊ လွန်ခဲ့တဲ့ သုံးညလောက်က ရွာအရှေ့ပိုင်းက စံမြတို့ညီအစ်ကို စစ်ပင်အင်းမှာ ညဘက်သွားပြီး ငါးခိုးဖမ်းကြတယ်တဲ့ကွာ၊ အရပ်ကြီး ဆယ့်ငါးပေ လောက်ရှိတဲ့ မည်းမည်းအကောင်ကြီးတစ်ကောင် အင်းရေပြင်ပေါ် မှာ ပြေးလာတာတွေ့လို့ ဟိုညီအစ်ကိုနှစ်ယောက် ထွက်ပြေးတာ အိမ်ရောက်တော့ မနည်းကို နှာနှပ်ယူရတာဆိုပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုဆောင်းကို သတ်တာလည်း အဲဒီကောင်ကြီးပဲ ဖြစ်မှာပေါ့ ဦးလေးမိုးသီးရဲ့"

ကျုပ်က ဦးမိုးသီးကို ထောက်ပြလိုက်တယ်။

"အေးကွ၊ တာတေပြောတာ ဟုတ်နိုင်တယ်၊ အရပ်အရှည် ကြီးတဲ့ဗျာ၊ ရေပေါ်မှာကို ပြေးနိုင်တာဆိုပဲ"

"အဲဒါ ဦးလေးမိုးသီးတို့ပြောတဲ့ အင်းသရဲဆိုတဲ့ အကောင် ကြီးဖြစ်မှာပေါ့ဗျ"

ကျုပ်ပြောလိုက်ပြီးတဲ့နောက် အားလုံးငြိမ်နေကြတယ်။ ပြီးမှ အရီးမယ်ရွှေက ပြောတယ်။

"ဒီအင်းကြီးထဲမှာ ဘယ်သူမှ ငါးခိုးဝံ့တော့မှာ မဟုတ်ပါ ဘူးလေ"

ကျုပ်တို့အားလုံး ငြိမ်ပြီးတွေးနေကြတယ်။ အဲဒီညက ကျုပ် တို့သုံးယောက် ခရီးကလည်း ပန်းလာတော့ အိပ်လိုက်ကြတာ မနက် နေတော်တော်မြင့်မှကို နိုးတော့တာဗျ။

"နိုးပြီလားကွ၊ ပန်းဦးတို့ တာတေတို့"

ဦးမိုးသီးရဲ့အသံကို ကျုပ်ကြားလိုက်တော့တာပဲ။ ကျုပ်တို့ အိပ်ခန်းထဲမှာ နေတောင်ထိုးနေပြီ။ ကိုပန်းဦးနဲ့ ကျုပ် အိပ်ရာက ကပျာကယာ ထလိုက်ကြတယ်။ ကျုပ်တို့အညာမှာ အညာနွားရော၊ အညာသားရော ဝေလီဝေလင်း အိပ်ရာထကြရတာဗျ။

အခုလိုသာ အိပ်နေရင် ကျုပ်အဘက အားကြီးစိတ်ဆိုး တာ။ ကျုပ်ကို ခြေထောက်နဲ့ကန်ပြီး နှိုးမှာ သေချာတယ်ပေါ့ဗျာ။

ကိုပန်းဦးနဲ့ ကျုပ်နဲ့ မနေ့ညကကျန်တဲ့ ကြက်သားဟင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြမ်း စားကြတယ်။ ထမင်းကြမ်း စားနေတုန်းမှာ ဘိုးစံဖူးက ပြောတယ်ဗျ။

"မင်းတို့ကို စားရင်းသောက်ရင်းပဲ ပြောရတော့မှာပဲကွာ၊ ညက ဒီရွာမှာ လူတစ်ယောက်ထပ်ပြီး သေသွားသတဲ့"

"ဗျာ"

ကိုပန်းဦးရော ကျုပ်ရော အံ့ဩသွားကြတာပေါ့ဗျာ။

"ဟာ ဟုတ်လား ဘိုးစံဖူး၊ အင်းနဲ့ပတ်သက်တာလား"

ကျုပ်က ကျုပ်ဗီဇအတိုင်း စပ်စုကြည့်တာပေါ့ဗျာ။

"ပတ်သက်ပါပြီလား မောင်တာတေရယ်၊ ညက သေသွားတာ အင်းသူကြီး ဦးလှအေးကိုယ်တိုင်ပဲကွ"

"ဗျာ၊ အင်းသူကြီး သေသွားတယ် ဟုတ်လား ဦးလေးမိုးသီး"

ကိုပန်းဦးကလည်း အံ့ဩပြီး မေးတယ်ဗျ။

"ဘယ်လိုတွေများ ဖြစ်တာတုံးဗျာ"

ကျုပ်ကလည်း အံ့ဩပြီး မေးမိတာပေါ့ဗျာ။

"ဒီလိုတဲ့ မောင်တာတေရေ၊ မနေ့ကညက ငဆောင်းကို လည်လိမ်ချိုးပြီး သတ်ပစ်လိုက်တာ အင်းသူကြီးမွေးထားတဲ့ အင်းစောင့်သရဲတဲ့ဟေ့၊ အင်းသူကြီးက သူမွေးထားတဲ့ အင်းစောင့်ကို တော်တော်စိတ်ဆိုးသတဲ့၊ သူမွေးတုန်းက ငါးခိုးတဲ့လူတွေကို ကြောက်အောင် လန့်အောင်လောက်ပဲ လုပ်ခိုင်းတာဆိုပဲ။ အခုလို သတ်ပင်တော့ အင်းသူကြီး ဦးလှအေးက စိတ်ဆိုးပြီး မနေ့ကညက သူမွေးထားတဲ့ အစောင့်သရဲကိုခေါ်ပြီး ဆူပူကြိမ်းမောင်းသတဲ့ဗျ။ ဒါပေမဲ့ အစောင့်သရဲက လုံးဝအရိုင်းစိတ်ဝင်ပြီး အင်းသူကြီးကိုပါ လည်ပင်း

www.burmeseclassic.com

www.burmeseclassic.com



လိမ်ချိုးပြီး သတ်လိုက်ရောတဲ့ဟေ့"

"ဟာ ဖြစ်မှဖြစ်ရလေဗျာ- အင်းသူကြီးရဲ့မိသားစု တော်တော်ကို ကြောက်ကြမှာပဲ"

ကိုပန်းဦးကပြောတော့ အရီးမယ်ရွှေက-

"အင်းသူကြီးသေတာ ခေါင်းသေပုံနဲ့ တစ်ပုံစံတည်းပဲတဲ့ဟ၊ မျက်နှာကြီးက နောက်ကျောဘက်ရောက်နေတာဆိုပဲ၊ လည်ပင်းကို လိမ်ပြီးချိုးလိုက်တာတဲ့"

"အခု သူ့မိသားစုကို ရွာသားတွေ သွားပြီးစောင့်ရှောက်ကြရမှာပေါ့"

ကျုပ်ကလည်း ကျုပ်ထင်တာကို မေးလိုက်မိတယ်ဗျ။

"မောင်တာတေရေ ကိုလှအေးရဲ့ မိသားစုကို ဘယ်သူမှစောင့်ရှောက်ဖို့ မလိုတော့ဘူးကွဲ့"

အရီးမယ်ရွှေ ပြောလိုက်တော့ ကျုပ် အံ့ဩသွားတယ်ဗျာ။ ဘာကိုပြောချင်မှန်း ကျုပ် တကယ်မသိတာဗျ။

"ဟင် ဘာဖြစ်လို့တုံးဗျ အရီးရဲ့"

"အဲဒီအင်းစောင့်သရဲဆိုတဲ့ လှအေး မွေးထားတဲ့ သရဲက လှအေးကို သတ်ပြီးတာနဲ့ အင်းထဲမှာ ဆောက်ထားတဲ့ သူတို့အိမ်ကြီးကို တွန်းပြီးနှဲတော့တာတဲ့ဟေ့၊ အိမ်ကြီးဆိုတာ သစ်ပင်ယိမ်းသလိုကို ယိမ်းနေတာတဲ့ဟေ့၊ လှအေးမိသားစုလည်း လှအေးအလောင်းကြီးကို ဒီအတိုင်းထားပြီး ထွက်ပြေးရတာဆိုပဲ"

"ဟာ ဒါဆို ညကတည်းက ရွာထဲရောက်နေကြတာပေါ့ ဟုတ်လား အရီး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်ဟေ့ ပန်းဦးရေ ဒီရွာအရှေ့ပိုင်းမှာ စစ်ပင်အင်း သူကြီးလှအေးရဲ့ အိမ်ကြီးရှိတယ်လေ၊ နည်းတဲ့အိမ်ကြီး မဟုတ်ပါဘူးဟယ်၊ ပိုက်ဆံရှိတော့လည်း ဆောက်နိုင်တာပေါ့လေ၊ အင်း အခုတော့ စစ်ပင်အင်းသူကြီးခမျာ အိမ်ကြီးကို ထားခဲ့ရပြီပေါ့ လေ"

"နေပါဦး အရီးရဲ့၊ အင်းသူကြီးရဲ့ အလောင်းကြီးကို အင်း ထဲမှာ ခုထိ ဒီအတိုင်း ထားတုန်းပဲလား"

ကိုပန်းဦးကလည်း သူသိချင်တာကို မေးသဗျ။

"ကြဲကြဲဖန်ဖန် မောင်ပန်းဦးရာ၊ မနက်မိုးလင်းတာနဲ့ မြို့ ကရဲစခန်းကို အကြောင်းကြားပြီး ရဲတွေကို ခေါ်ရတာပေါ့ကွာ၊ မနက်ဝေလီဝေလင်းမှာ မြို့က ရဲတွေရောက်လာပြီး အင်းသူကြီးရဲ့ တဲကြီးကို သွားကြတာပေါ့၊ ဟိုရောက်တော့ အင်းသူကြီးရဲ့အလောင်း ကို သရဲက စားပစ်ထားတာတဲ့ဟေ့၊ အသားတောင် သိပ်မကျန် တော့ဘူးဆိုပဲ"

"ဗျာ စားထားတယ် ဟုတ်လား ဦးလေးမိုးသီး"

"အေး ဟုတ်ပါတယ်ဆိုကွာ"

အဲဒီအရီးစုသာသာရှိတဲ့ အလောင်းကို ဒီမှာပဲ စစ်ဆေးပြီး သင်္ဂြိုဟ်ခွင့်ပြုခဲ့လို့ ဒီနေ့လယ်မှာ အင်းသူကြီးလှအေးရဲ့ အသုဘကို သင်္ဂြိုဟ်ကြလိမ့်မယ်။

တော်တော်ကို ရိုင်းစိုင်းသွားတဲ့ အင်းသရဲပါလားလို့ ကျုပ် တွေးလိုက်မိတယ်။ အိမ်ကို ညကလှုပ်တာ သစ်ပင်တွေပင်လိုကို ရမ်းခါနေတာဆိုပဲ။ ဒီတော့လည်း အင်းသူကြီးမိသားစုက ညတွင်း

www.burmeseclassic.com

www.burmeseclassic.com



ချင်း ရွာကို ပြန်ပြေးကြရတော့တာပေါ့ဗျာ။

ဒီသတင်းတွေ ကြားရတော့ ကျုပ် တော်တော်ကို အံ့ဩသွားမိတာဗျ။ ဒါပေမဲ့ ကျုပ်က ဒီရွာမှာ ဧည့်သည်လေဗျာ။ ဒီကိစ္စတွေကို ကျုပ်က ဘာလုပ်ပေးလို့ ရမှာတုံး။ ဒါပေမဲ့ ကျုပ်အတွေ့အကြုံအရ သိတာတစ်ခုတော့ရှိတယ်။ ဒီအင်းစောင့်သရဲကြီးဟာ ဒါလောက်နဲ့ ရပ်သွားမှာ မဟုတ်ဘူးဆိုတာကိုပေါ့ဗျာ။ ကျုပ် ထင်တဲ့အတိုင်းပါပဲဗျာ။

ညနေ နွားရိုင်းသွင်းချိန်မှာ အင်းစောင့်ကြီးက ရေပေါ်မှာ လျှောက်ပြေးနေတာကို ရွာသားတွေ တွေ့ကြတယ်တဲ့။ ပြီးတော့ ငါးတွေကို အစိမ်းလိုက် စားနေတာကို တွေ့တဲ့သူက တွေ့လို့တဲ့ဗျို့။

အင်းသူကြီးလည်း သေပြီ။ အင်းသူကြီးမိသားစုလည်း ထွက်ပြေးကြရပြီ။ ငါးခိုးဖမ်းဖို့ နေနေသာသာ အင်းပိုင်ရှင်တွေတောင် ထွက်ပြေးနေကြရတာ။

ချက်ချင်းကိုပဲ စစ်ပင်အင်းကြီးဟာ ခြောက်သွေ့သွားတာပေါ့ဗျာ။ ရေတွေပြည့်နေတဲ့ အင်းကြီးက ကျုပ်မျက်စိထဲမှာ အတော်ကို ပန်းရတာဗျ။ အင်းရေပြင်ပေါ်မှာ ငါးဖမ်းတဲ့ တံငါလှေကလေးတွေကို ငေးပြီးကြည့်ရတာကိုက အတော်လှတာကလား။

အခုတော့ စစ်ပင်အင်းကြီးက မလှတော့ဘူးပေါ့ဗျာ။ အင်းရေပြင်ကိုဖြတ်ပြီး ရေပေါ်မှာ ပြေးသွားနေတဲ့ မည်းမည်းအရိပ်ကြီးတစ်ခုကို မြင်နေရတော့လည်း ဘယ်သူမှ အင်းကြီးအနားကို မသွားရဲကြတော့ဘူးပေါ့။

ကျုပ်တို့ စစ်ပင်အင်းရွာကိုရောက်တဲ့ တတိယညပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ညသန်းခေါင်ကျော်လောက်မှာ စစ်ပင်အင်းတစ်ရွာလုံး ကင်းသံချောင်းတွေ ခေါက်ကြပါရောလား။

"ဟဲ့ ဘာဖြစ်လို့တုံး"

အရီးမယ်ရွှေလည်း လန့်သွားပြီး မေးတယ်။ ဦးမိုးသီးက သူ့မိန်းမကို ပြန်ပြောတယ်။

"ဘာဖြစ်တာလဲဆိုတာ ဘယ်သိမှာလဲ မယ်ရွှေရာ၊ ငါတို့လည်း နားစွင့်နေတုန်းပဲဟာ"

ဒီတုန်းမှာ ရွာထဲက လူငယ်တွေ ရွာလမ်းပေါ်ကို ပြေးထွက်လာကြတယ်ဗျ။

"ဟေ့ကောင် ငထွား၊ ဘာဖြစ်တာတုံး"

"မည်းမည်းကြီးဗျ၊ ရွာထဲကို ဝင်လာလို့ ကျုပ်တို့ သံချောင်းခေါက်တာ"

"နို့ ဘယ်ဘက်ကို သွားတုံး ငထွားရဲ့"

ရွာအရှေ့ဘက်ကို သွားတာဗျ။ အင်းသူကြီး ဦးလှအေးတို့ အိမ်ဘက်ကို သွားတယ်။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ဟော ပြောနေတုန်းမှာပဲ ရွာရှေ့ပိုင်း ကင်းတဲက သံချောင်းခေါက်သံတွေ ထွက်လာတယ်ဗျ။

"ဟော ရွာရှေ့ပိုင်းက သံချောင်းတွေ ခေါက်ပြီဟေ့"

ဦးမိုးသီးက ပြောတယ်ဗျ။ ဘိုးစံဖူးကလည်း နားကလေး စွင့်နေတယ်ဗျို့။

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ဟေ့၊ လိုက်ဟေ့၊ အင်းသူကြီးဝိုင်းထဲ ဝင်သွားတယ်ဟေ့၊ မာတ်မီးထိုးကြစမ်း၊ မာတ်မီးထိုးကြစမ်း"

"ဟာ အိမ်ကြီးကို တွန်းနေပြီထင်တယ်ဟ၊ အိမ်ကြီး ရမ်းခါနေတာပဲဟ၊ တွန်းတယ်ဟေ့၊ တွန်းတယ်ဟ၊ ဟာ အိမ်ထဲက အင်းသူကြီးမိသားစု ပြေးထွက်လာပြီဟေ့၊ ဟာ အိမ်ကြီး ရမ်းခါနေတာဟေ့၊ တော်တော်ကို ကြောက်စရာကောင်းတာကွ"

ရွာထဲက အသံတွေကို ကျုပ်တို့ အတိုင်းသား ကြားနေရတာဗျ။

"ဟော အိမ်ကြီးတော့ ငြိမ်သွားပြီဟေ့၊ မတွန်းတော့ဘူးထင်တယ်၊ ဟော ဟော နားထောင်ကြစမ်းဟေ့၊ ဘာသံကြီးတုံးဟ၊ ဟာ ခြေသံကြီးဟ၊ ဒါ ခြေသံကြီးပဲ"

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

"ပြေးဟေ့၊ ပြေးကြ၊ ရွာထဲကို ဝင်လာတဲ့ ခြေသံကြီးကွ၊ ပြေးကြဟေ့၊ ပြေးကြ"

တစ်ရွာလုံး ပွက်ပွက်ညံနေတော့တာဗျို့။ ဟုတ်ပါ့ဗျာ။ ခြေသံကြီးကို ကျုပ်တို့လည်း ကြားနေရတာဗျ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ခြေသံကြီးက ရွာထဲကိုဖြတ်လျှောက်ပြီး တဖြည်းဖြည်း ဝေးသွားတာဗျို့။ အင်းကြီးဆီကို ပြန်သွားတာဖြစ်မယ်ဗျ။

ဟော လူသံတွေ တဖြည်းဖြည်း တိတ်သွားပြီဗျို့။ စစ်ပြေ အင်းရွာသားတွေတော့ ဒုက္ခအကြီးအကျယ် တွေ့ကြပြီပေါ့ဗျာ။

အင်းသူကြီးက သူ့အင်းကို ငါးခိုးမဖမ်းရဲအောင် ခြောက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



လှန့်ဖို့လောက် ရည်ရွယ်ပြီး မွေးခဲ့တဲ့ အင်းသရဲက သူ့ရဲ့ အကုသိုလ်တွေ များလွန်းတာနဲ့ အရိုင်းစိတ်တွေ ဝင်လာပြီး လူတွေ သတ်တော့တာဗျ။

အခုတော့ အသံပျောက်သွားပြီ။ ဒါပေမဲ့ ဒီအင်းသရဲကြီးဟာ ဒီအတိုင်း ငြိမ်သွားမှာတော့ မဟုတ်ဘူး။ ဆက်ပြီးသွားလာနေဦးမှာ သေချာတာပေါ့ဗျာ။

စစ်ပင်အင်းသရဲကြီးက သူ့ကို ကျွေးမွေးထားတဲ့ အင်းသူကြီးကို သတ်လိုက်ပြီး အားလုံးကို တော်လှန်လိုက်တာပေါ့ဗျာ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ညရောက်လို့ ဆယ်နာရီကျော်တာနဲ့ တစ်ပြိုင်နက် စစ်ပင်အင်းရွာက ကင်းသမားတွေ သံချောင်းခေါက်တော့တာပါပဲဗျား

"အရှေ့ဘက်ကို သွားမြန်ပြီဟေ့၊ ပေနှစ်ဆယ်လောက်မြင့်တဲ့ မည်းမည်းကြီးကွ"

ရွာထဲက အော်သံတွေ ညဘက်ရောက်တာနဲ့ ပေါ်လာရောဗျာ။ ဟာ အင်းသူကြီးအိမ်ကြီးကို သွားပြီးတွန်းခါနေတော့တာဗျို့။ ငယ်သံပါအောင်အော်တဲ့အသံတွေ ကျုပ်တို့ တည်းတဲ့ ဦးမိုးသီးနဲ့ အရီးမယ်ရွှေတို့အိမ်က အတိုင်းသား ကြားနေရတာဗျို့။

"ဟော ရွာထဲကို ပြန်လှည့်လာပြီဟေ့"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ကာလသားတွေရဲ့ အော်သံဟစ်သံတွေ၊ သတိပေးသံတွေကို ကျုပ်တို့ အတိုင်းသား ကြားနေရတာ တော်တော်ရှေ့ ခြောက်ခြားဖို့ ကောင်းတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ၊ အင်းသူကြီးရဲ့သားကို သတ်ပစ်ခဲ့တယ် ဟုတ်လား"

ရွာထဲက စကားပြောသံကြီးတစ်ခုကို ကျုပ် ကြားလိုက်ရတယ်။

"နေပါဦး၊ အင်းသူကြီးသားဆိုတော့ အကြီးလား အငယ်လား"

"အကြီးတဲ့ကွ၊ စံအေး၊ စံအေး သေတာ"

ရွာထဲက စကားပြောသံတွေက အရမ်းစိုးရိမ် တုန်လှုပ်နေကြတဲ့အသံတွေနဲ့ပေါ့ဗျာ။ ကျုပ်တို့လည်း အရီးမယ်ရွှေတို့အိမ်ထဲကပဲ နားထောင်နေရတာပေါ့ဗျာ။ ကျုပ်က အညာကလာတဲ့ ဧည့်သည်လေဗျာ။ ဒီရွာမှာ ကျုပ်တို့ ကိုပန်းဦးတို့ကို ဘယ်သူမှ သိကြတာ မဟုတ်ဘူး။

သူတို့မှာ ထိတ်လန့်နေကြတဲ့ကြားထဲ လူစိမ်းသူစိမ်းတွေ့လို့ ပိုပြီးဆိုးနေမှာ စိုးနေရသေးတာပေါ့ဗျာ။ ဦးလေး ဦးမိုးသီး ရွာထဲကို ထွက်သွားတယ်။ ဓာတ်မီးကလေးတစ်လက်နဲ့ ဟိုထိုး သည်ထိုးနဲ့ သွားတာပေါ့ဗျ။ ထမင်းတစ်အိုးကျက်လောက်ကျတော့ ဦးလေး ပြန်ရောက်လာတယ်ဗျို့။

"အင်းသရဲဆိုတာ နည်းတဲ့ကောင်ကြီးမှ မဟုတ်တာ၊ ပေနှစ်ဆယ်လောက်ကို ရှိတာတဲ့ကွ၊ အရိပ်ကြီးလို မည်းမည်းကြီးတဲ့။ တစ်ရွာလုံးကို မြင်ကြရတာ၊ အင်းသူကြီးလှအေးရဲ့ အိမ်ကြီးကို သွားပြီးတွန်းနှဲနေတာတဲ့ဟေ့၊ အိမ်ထဲက လှအေးမိသားစုကတော့ ကြောက်လန့်ပြီး ငယ်သံပါအောင် အော်ရောတဲ့။ ဒီမှာတင် လှအေးသား အကြီးကောင် စံအေးက ငှက်ကြီးတောင်ဓားကြီးဆွဲပြီး ပြေး

www.burmeseclassic.com



ထွက်လာတာတဲ့ဟော့၊ ပြီးတော့ အဲဒီမည်းမည်းကြီးကို ဓားနဲ့ မနား တမ်းခုတ်တာတဲ့"

"ထိသွားရောလား ကိုမိုးသီးရဲ့"

အရီးမယ်ရွှေကလည်း အံ့ဩပြီး ဝင်မေးတာဗျ။

"မယ်ရွှေရယ် ဟိုက သရဲပါဆိုမှ ဘယ်လာထိမှာတုံး၊ သေ ကို ခုတ်သလိုနေမှာပေါ့ဟာ၊ နောက်တော့ သရဲက စံအေးကို လည် ပင်းလိမ်ချိုးလိုက်ရောတဲ့ဟော့"

"ဟာ ဒါဆိုရင် ငဆောင်း သေသလို မျက်နှာကြီး ကျော ကုန်းဘက် ရောက်သွားရောလား"

အရီးက အထိတ်တလန့်နဲ့ မေးတာဗျို့။

"ဟုတ်ပါ့ မယ်ရွှေရာ၊ ငါရောက်သွားတော့ စံအေး အလောင်းကို စောင်ကြားကြီးနဲ့ အုပ်ထားသဟ၊ အလောင်းဘေးမှာ ဘုန်းကြီးကျောင်းနားမှာနေတဲ့ သေန်းတို့ညီအစ်ကိုတွေ စောင့်နေ တာလေ၊ ငါမြင်တော့ ဘိုးသီး ကြည့်မလားဆိုပြီး စောင်ကြီး လှပ်ပြ တာ မယ်ရွှေရေ နင် စောစောကပြောသလိုပေါ့ဟာ၊ စံအေးမျက်နှာ ကြီးက ကျောကုန်းဘက်ရောက်ပြီး မှောက်ခုံကြီး သေနေတာဟော့"

"အောင်မလေး ဘုရား၊ ဘုရား"

အရီးမယ်ရွှေ တော်တော်ကို ကြောက်သွားတာဗျို့။

"ဟဲ့ နားထောင်စမ်း မယ်ရွှေ ဘာသံတွေတုံးဟ"

"စစ်ပင်အင်းရွာသူ ရွာသားများခင်ဗျာ၊ ကျုပ်တို့ရွာမှာ အန္တရာယ် ကျရောက်နေပြီဖြစ်လို့ တစ်အိမ် တစ်ယောက် တုတ် ဓား၊ လက်နက်များ ကိုင်ဆောင်ပြီး ကိုယ့်အိမ်ရှေ့မှာ ကင်းထွက်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြပါရန် သူကြီးမှ နှိုးဆော်လိုက်ပါတယ်။

တကယ်လို့ ရွာထဲကို မကောင်းဆိုးဝါးများ ဝင်လာပါက အိမ်တိုင်း ရှိသမျှ သံပုံးများကို တီးခေါက်ခြောက်လှန့်ကြရမည်။ စစ်ပင်အင်း ရွာသူကြီး အမိန့်"

ကာလသားတွေ ရွာထဲကို လှည့်ပြီး လှံ့ဆော်တာဗျ။

"ကဲ ဒါဆို အဘတို့ အရီးတို့ အိပ်ကြ၊ ကျုပ်နဲ့ ကိုပန်းဦး ကင်းထွက်စောင့်မယ်"

ဦးလေး ဦးမိုးသီးက ကျုပ်တို့ကို ငှက်ကြီးတောင်မား တစ်ယောက် တစ်ချောင်း ပေးတယ်။ ပြီးတော့ လေးထောင့်သံစည် ပုံးတစ်ပုံးလည်းပေးတယ်။ ကျုပ်ကတော့ ကျုပ်မှာ အဆင်သင့်ပါလာ တဲ့ မျက်ကွင်းဆေးတောင့်ကို ထုတ်လိုက်တယ်။ အရီးမယ်ရွှေရဲ့ ကျောက်ပျဉ်မှာ မသိမသာသွေးပြီး မျက်စိကို ကွင်းထားလိုက်တယ် ဗျ။

အရီးမယ်ရွှေတို့ဝိုင်းထဲမှာ ဖျာတလေးတစ်ချပ်ခင်းပြီး ကျုပ်နဲ့ ကိုပန်းဦး ကင်းစောင့်ကြတာပေါ့ဗျာ။ အရီးမယ်ရွှေက ကျုပ် တို့စားဖို့ လက်ဖက်သုတ်နဲ့ ရေနွေးကြမ်း ချပေးပါတယ်။

ညဉ့်နက်လာတော့ လူကြီးတွေ အိပ်ကြပြီပေါ့ဗျာ။ တစ်ရွာ လုံး ငြိမ်ကျသွားတာဗျို့။ အင်း တော်တော်တော့ စိတ်မကောင်းစရာ ပါပဲဗျာ။ နှစ်ညအတွင်းမှာ လူသုံးယောက် အသေဆိုးနဲ့ သေခဲ့ရတာ။ ပြီးတော့ တစ်ရွာလုံး တုန်လှုပ်ချောက်ချားသွားရတာ။

စစ်ပင်အင်းကြီးက ရွာရဲ့အနောက်ဘက်မှာ ရှိတာဗျ။ အင်းဘောင်ပေါ်ကနေ မြောက်ဘက်ကိုကြည့်ရင် ပိန္နဲရိုးမကြီးကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်နေရတာဗျ။ အင်းပြင်ကြီးကို ဖြတ်ကျော်ပြီး ရိုးမတောင်တန်းကြီးကို မြင်နေရတဲ့ မြင်ကွင်းကိုက တော်တော်လှတဲ့ မြင်ကွင်းပါဗျာ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ဟော ခေါက်ပြီဗျို့။ ရွာအနောက်ဘက်ကင်းကစပြီး ခေါက်တာဗျ။ အင်းကြီးရှိတဲ့ဘက်ပေါ့ဗျာ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ဟာ တခြားကင်းတဲတွေကပါ လိုက်ခေါက်ပြီဗျို့။ တစ်ရွာလုံး သံချောင်းသံတွေ ဆူညံသွားတော့တာပေါ့ဗျာ။ လူသံတွေ ကြားရပြန်ပြီဗျို့။

"ရွာလယ်လမ်းအတိုင်း ဝင်လာလေရဲ့ဗျို့"

အရီးမယ်ရွှေတို့က ရွာလယ်လမ်းမှာနေတာလေဗျာ။ ကျုပ်ခြံစည်းရိုးနားကို ပြေးကပ်လိုက်တယ်။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟာ ခြေသံကြီး ကြားနေရပါရောလား။ လာပြီဗျို့။ ကျုပ်တို့ဘက်ကို လာနေတာဗျ။ ဟော နီးလာပြီဗျို့။ ကျုပ် ခြံစည်းရိုးမှာကပ်ပြီး အပေါက်ကနေ အပြင်ကို ကြည့်နေတာဗျ။ ကိုပန်းဦးက ကျုပ်နောက်မှာကပ်ပြီး ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလို့ဗျ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟာ လာပြီဗျို့၊ လာပြီ။ အောင်မလေး နည်းတဲ့အကောင်ကြီးမှ မဟုတ်တာ၊ ဟုတ်တာပေါ့ဗျာ။ ရွာသားတွေ ပြောသလိုပဲ ပေနှစ်ဆယ်လောက်ရှိမယ်။ တစ်ကိုယ်လုံးမှာ အမွေးညည်းမည်းကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖုံးနေတာဗျို့။ အောင်မလေး မျက်လုံးကြီးနှစ်လုံးက ရဲရဲ တောက်နေတာပဲဗျာ။ တစ်လုံး တစ်လုံးကို ဟင်းရည်သောက် ပန်းကန်ကြီးလောက် ရှိတာဗျ။ ခေါင်းကြီးက ခွဲတောင်းကြီးလောက် ရှိမယ်ဗျို့။ ဘုရား၊ ဘုရား တာတေလို နာနာဘာဝမျိုးစုံ မြင်ဖူးတဲ့ ကောင်တောင် ဘုရားတ,ရတာဗျာ။ ဒီလောက်ကြီးမားပြီး ကြမ်းတမ်း တဲ့ သရဲသဘက်ကြီးကို အခုလို အနီးကပ် တစ်ခါမှ မြင်ဖူးတာ မဟုတ်ဘူးဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

သွားပြန်ပြီဗျို့။ ရွာအရှေ့ဘက်ကို အင်းသူကြီးအိမ်ကြီးကိုပဲ သွားတာဖြစ်မယ်ဗျ။ ကြည့်ရတာတော့ အင်းသူကြီးမိသားစုကို အကုန်လုံး သတ်ပစ်မလို့နဲ့ တူတယ်ဗျ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဘုန်း၊ ဘုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း"

ဟော ရွာထဲက သံပုံးတီးတဲ့အသံတွေ ထွက်လာပြီဗျို့။ ကိုပန်းဦး ကျုပ်တို့လည်း တီးကြရအောင်ဗျာ။

"ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း"

ကျုပ်တို့လည်း သံပုံးတွေ တီးရတာပေါ့ဗျာ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟော အိမ်ပေါ်က အရီးမယ်ရွှေလည်း နိုးလာပြီး သံပုံးတီး နေတယ်ဗျ။

"အီး အား၊ ဝူး၊ အီး"

ဟာ ဘာသံကြီးလဲဗျာ၊ နားကွဲထွက်မတတ်ကို ကျယ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဗျို့၊ အသံနက်ကြီးဗျာ၊ ဘယ်လိုပြောရမှန်းကိုမသိတဲ့ အသံကြီးပါဗျာ။

"ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း"

သံပုံးတီးသံတွေကလည်း အဆက်မပြတ်ကို ထွက်နေတာဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟော အင်းသရဲကြီး လှည့်ပြန်သွားပြီဗျို့။ ကျုပ်တို့အိမ်ရှေ့ကဖြတ်ပြီး သွားပြီ။

"ပဲ၊ ပဲ၊ ဟဲ၊ ဟဲ"

ဟာ ဆိတ်အော်သံပါလား။ ဆိတ်ကလေးတစ်ကောင် မချိမဆန့် အော်လိုက်တဲ့အသံဗျ။ ကျုပ်တို့လည်း သံပုံးကို အဆက်မပြတ်တီးရင်း နားစွင့်နေရတာပေါ့ဗျာ။

ခဏနေတော့ လူသံတွေ ကြွက်စီကြွက်စီနဲ့ ကြားလာရပြီဗျာ။ လူတွေ ရွာထဲကို ထွက်လာပုံပဲ။

"အော်သံကြီး ကြားလိုက်လားဟေ့"

"ကြားတာပေါ့ ကိုတုတ်ရဲ့၊ ဘယ်လိုအသံကြီးမှန်းကို မသိပါဘူးဗျာ၊ ကျုပ်ဖြင့် ကြက်သီးတွေ တဖြန်းဖြန်းထသွားတာ"

"ဟာ လေးလေးကိုစိန်က ကြက်သီးထရုံ ထတာဗျ၊ ကင်းစောင့်နေတဲ့ ငထွားရဲ့ညီ အောင်ဘုဆိုရင် သေးတွေတောင် ထွက်ကျကုန်တာဗျ"

"ဟေ့ ဒါထက်နေပါဦးကွ၊ စောစောက ဆိတ်အော်သံ ကြားလိုက်ပါတယ်၊ ဘာဖြစ်တာတုံး"

"ဖိုးတောရဲ့ ဆိတ်လေ၊ သူ့မိန်းမ နို့မထွက်လို့ ပြီး မနေ့က

www.burmeseclassic.com



မှ ဆိတ်တစ်ကောင် သွားဝယ်လာတာ၊ အိမ်ရှေ့က ကနဖျင်းတိုင်ေ ဆိတ်ကလေး ချည်ထားတာ၊ အင်းသရဲကြီးက ဆောင့်ဆွဲလို့ ပါသွာ တာတဲ့ဗျာ၊ ဆိတ်ချည်ထားတဲ့ ကနဖျင်းလည်း ပြိုကျသွားတယ်လေ"

"ဟာ ဆိတ်ပါသွားတယ် ဟုတ်လား၊ အင်း ဒီအတိုင်းဆိုရ တော့ တော်တော်ကို စိုးရိမ်စရာ ဖြစ်နေပြီဟေ့၊ ငါတို့ရွာတော ပျက်သွားမှာတောင် စိုးရိမ်နေရတယ်"

အရီးမယ်ရွှေတို့ ဝိုင်းရှေ့မှာ လူတွေရပ်ပြီး စကားပြောနေ ကြတာဗျ။

ကျုပ်နဲ့ ကိုဖန်းဦးက ကျုပ်ပါလာတဲ့ နဂါးဆေးပေါ့လိပ် ကလေးကိုသောက်ရင်း ငြိမ်ပြီးနားထောင်နေကြတာပေါ့ဗျာ။

"ရဲစခန်းတော့ သွားပြီးအကြောင်းကြားနေတယ်ဗျ"

"မင်းရဲကရော သရဲကို နိုင်မှာတဲ့လား စံအိပ်ရဲ့"

"ဟာ့ ကိုစိန်ဂလည်း ရဲက သရဲကို မနိုင်မှန်းတော့ သိတာ ပေါ့ဗျ၊ ဒါပေမဲ့ စံအေး သေတဲ့ကိစ္စက ရှိသေးတာကိုးဗျ"

"ဩော် ဟုတ်သားပဲ၊ အင်း အင်း၊ ဟုတ်တယ်၊ ဟုတ်တယ်"

ရွာသားတွေလည်း ပြန်ပြီးမအိပ်ကြတော့ပါဘူးဗျာ။ မနက် သုံးနာရီလောက်ကျတော့ ရွာထဲကို ရဲသားတွေ ဝင်လာတယ်ဗျ ရာဇဝတ်အုပ်တစ်ယောက်လည်း ပါလာတယ်၊ အင်းသူကြီးအိမ်တ တန်းသွားတာပေါ့ဗျာ။ အဖြစ်အပျက်ကို သေသေချာချာမေးပြ စံအေးအလောင်းကို မြို့သယ်သွားတယ်။ ပြီးတော့ အင်းသူကြီး မိသားစုကိုလည်း မြို့ကို ချက်ချင်းပြောင်းခိုင်းလို့ ညတွင်းချင်းပဲ ပြောင်းသွားကြရတယ် ဆိုတာတွေကိုတော့ မနက်မိုးလင်းမှ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



သိရတာပေါ့ဗျာ။ စံအေးအလောင်းကိုလည်း ဆေးရုံမှာ စစ်ဆေးပြီး ရင် မြို့မှာပဲ သင်္ဂြိုဟ်မှာတဲ့ဗျ။

အင်းသူကြီးမိသားစုက မြို့မှာလည်း အိမ်ဝယ်ထားကြတာ ဆိုတော့ မြို့ကို ချက်ချင်းတက်သွားကြတာပေါ့လေ။ ဒါပေမဲ့ သူတို့ အဖေ အင်းသူကြီးလုပ်ခဲ့တဲ့ အင်းသရဲကိစ္စကိုတော့ စစ်ပင်အင်း ရွာသားတွေ ဆက်ပြီးရှင်းရတော့မှာပေါ့လေ။ စစ်ပင်အင်းသူကြီးက ဦးထောင်တဲ့ဗျ။ ကရင်လူမျိုးပဲ။ တော်တော်ကို ရိုးသားမယ့် ပုံပါဗျာ။

သူကြီး ဦးဆောင်ပြီး ဆရာရှာသွားကြတယ်။ နေ့လယ် လောက်ရောက်တော့ သျှောင်ထုံးကြီး ထုံးထားတဲ့ နှုတ်ခမ်းမွေးကား ကားနဲ့ ဆရာကြီးတစ်ယောက် ပါလာသဗျ။ ကျုပ်တို့အိမ်ရှေ့ကနေ ဖြတ်ကျော်သွားတာဆိုတော့ ကျုပ် သိလိုက်တာပေါ့ဗျာ။

ရွာထဲမှာ လုပ်ကိုင်နေတာတွေကို ဦးမိုးသီးရဲ့မိတ်ဆွေ ဦးဘတူ ဆိုတဲ့လူကြီးက ဦးမိုးသီးကို လာပြောတာဗျ။ ဦးလေး ဦးမိုး သီးကိုယ်တိုင်လည်း ရွာထဲကိုသွားပြီး မေးမြန်းတာလည်း ပါတာပေါ့ လေ။

ညနေ နေဝင်ရီတရောမှာ သူကြီး ဦးဆောင်ပြီး ရွာသား တစ်ချို့ ကြက်ကောင်လုံးကြော်တွေ၊ ထမင်းတွေနဲ့ ငါးကြော်တွေပါ ယူပြီး အင်းကြီးထဲကို သွားကြတယ်။

စစ်ပင်အင်းသူကြီး ပင့်လာတဲ့ ဆရာကြီးက အင်းသရဲကြီး ကိုခေါ်ပြီး သေသေချာချာ ကျွေးမွေးတယ်။ ပြီးတော့ အင်းသူကြီး လည်း မရှိတော့တဲ့အကြောင်း၊ သူ့မိသားစုလည်း ဒီရွာမှာ မနေတော့ တဲ့အကြောင်းတွေကို အင်းသရဲကို ပြောပြပြီး သွားလိုရာကို သွားနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးဖြစ်တဲ့အကြောင်းကို ပြောသတဲ့။

တင်မြှောက်ထားတဲ့ ကြက်တွေ၊ ငါးကြော်တွေ၊ ထမင်းတွေဟာ မျက်စိအောက်မှာတင် ပျောက်သွားတာဆိုပဲ။

အဲဒီအင်းသရဲကျွေးတဲ့ လူစုထဲမှာ ဦးဘတူပါ ပါသွားတော့ ဦးဘတူ လာပြောလို့ ကျုပ်တို့ သိရတာပေါ့ဗျာ။

"မိုးသီးရေ 'တော်တော့ ကြောက်စရာကောင်းသားဟေ့၊ ငါ့နားထဲမှာ ကြက်ကြော်တွေ၊ ငါးကြော်တွေ ဝါးစားနေတဲ့ အသံကြီးကို ကြားနေရတယ်လို့ကို ထင်တာကွ၊ အေး အားလုံးလည်း စားလို့ကုန်သွားရော ဆရာကြီးက အင်းသရဲကြီးကို ပြောတယ်ကွ၊ ရွာထဲမှာလည်း လူတွေအားလုံး ထိတ်လန့်ကုန်တဲ့အကြောင်း၊ လူသုံးယောက်လည်း သေသွားပြီဖြစ်တဲ့အကြောင်း၊ နောက်နောင်ကို ဒီလိုမလုပ်ဖို့နဲ့ သူ့ကို မွေးထားတဲ့ အင်းသူကြီး လှအေးလည်း သေသွားပြီဖြစ်လို့ ဒီအင်းကြီးကို စောင့်စရာမလိုတော့တဲ့အကြောင်း သွားလိုရာ သွားပေတော့လို့ ဆရာကြီးက သွားခိုင်းရောဟေ့၊ ဒီမှာတင် အင်းရေပြင်ထဲက ဝုန်းဆိုအသံကြီး မြည်သွားပြီး အင်းသူကြီး လှအေးရဲ့ အင်းတဲကြီး ကိုင်လှုပ်တော့တာပဲကွာ။ တဲကြီးဆိုတာ သွက်သွက်ကို ခါနေတာဟေ့၊ ပြိုကျတော့မလိုကို ဖြစ်တော့တာကွ၊ သျှောင်ကြီးဖွေဆရာက နောက်လှည့်ကြည့်ပြီး ပြေးကြတော့၊ မရတော့ဘူးလို့ အော်လိုက်တော့ သူကြီးရော၊ ငါတို့ရော ဘာကြောင်းမလဲ တဲပေါ်က ဆင်းပြေးပြီး ရွာထဲရောက်တဲ့အထိ မနားတမ်း ပြေးကြတာဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆိုရင် ကိုဘတူရဲ့ အဲဒီဆရာကြီး ကျန်ခဲ့ရော လား"

"ဘယ်ကျန်လိမ့်မတုံး မိုးသီးရာ၊ သူက ရှေ့ဆုံးက ပြေးတာ ဟေ့"

"ဟား၊ ဟား၊ ဟား၊ ဟား"

ဘိုးစံဖူးရော၊ အရီးမယ်ရွှေရော၊ ကျုပ်တို့ရောဖယ်ပါဗျာ။ ရယ် လိုက်ကြရတာ မပြောပါနဲ့တော့ဗျာ။

ဦးဘတူလည်း ခေါင်းကြီးအောက်စိုက်ပြီး တွေးနေတယ် ဗျို့။ သူတို့ရွာသားတွေလည်း အကြံအိုက်ကုန်ပြီပေါ့ဗျာ။ ဘာလုပ်လို့ လုပ်ရမှန်းကို မသိတာဗျ။ ညမိုးချုပ်သွားမှာကို အရမ်းကြောက်နေ ကြတာ။ တစ်ချို့ဆိုရင် ဒီရွာက ပြောင်းရွှေ့သွားဖို့တောင် တွေးနေ ကြပြီလို့ ပြောတယ်။

"ကဲ မိုးသီးနဲ့ ကိုဘတူ မင်းတို့နှစ်ယောက် သူကြီးဆီ သွား ကြကွာ၊ ဟောဒီက ငါ့တူတာတေက အဲဒီကိစ္စတွေ ကျွမ်းကျင်တယ် လို့ သွားပြောကွာ၊ ကဲ တာတေရေ ရောက်တုန်းရောက်ခိုက် ကူညီ လိုက်ပါ လူလေးရာ"

ဘိုးစံဖူးက ရုတ်တရက်ကြီး ပြောလိုက်တော့ ကျုပ်တောင် ကြောင်သွားတာဗျို့။

"ဟာ ဟုတ်လား ကိုကြီးစံဖူး၊ စောစောက ပြောကြရော ပေါ့ဗျာ"

လို့ ဦးလေးမိုးသီးက ပြောပြီး တစ်ခါတည်း သူကြီးအိမ် တန်းသွားကြတာဗျာ။ ခဏနေတော့ သူကြီးက သူ့အိမ်ခေါင်းကို

www.burmeseclassic.com



လွှတ်ပြီး ကျုပ်ကို ခေါ်ခိုင်းရောဗျို့။ ကျုပ်နဲ့ ကိုပန်းဦး လိုက်သွားကြရတာပေါ့ဗျာ။

စစ်ပင်အင်းသူကြီးက တော်တော်ကို သဘောကောင်းတဲ့ လူတစ်ယောက်ဗျ။ ကရင်လူမျိုးဗျ။

"မောင်တာတေဆိုတာ ဟောဒီသူငယ်ပဲ သူကြီး"

ကျုပ်တို့ ထိုင်တယ်ဆိုတာနဲ့ ဦးလေးမိုးသီးက ပြောတယ်ဗျ။

"အေး မောင်တာတေရေ ငါတို့ရွာတော့ တော်တော်ကို ဒုက္ခဆိုက်နေပြီဟေ့၊ မင်း တတ်နိုင်ရင် ငါတို့ကို ကူညီပါကွယ်၊ ဘာလို အပ်လဲဆိုတာလည်း ပြောပါ မောင်တာတေ"

ကျုပ်လည်း ရှောင်မရတဲ့အဆုံးတော့ ခေါင်းညိတ်လိုက်ရတော့တာပေါ့ဗျာ။

"သူကြီး ညလည်းမိုးချုပ်နေပြီ၊ ခပ်မြန်မြန်လုပ်ကြမှ ဖြစ်မယ်ဗျ၊ ကြက်တစ်ကောင် မြန်မြန်ချက်ဗျာ၊ ဆန်တစ်ပြည် ထမင်းချက်၊ ပြီးရင် ငှက်ပျောဖက်ခုတ်ဗျို့"

"အေး ကောင်းပြီ မောင်တာတေ၊ ကျုပ် အခုချက်ချင်း စီစဉ်မယ်"

သူကြီးက ကရင်လိုပြောပြီး သူ့လူတွေကို ခိုင်းတယ်ဗျ။ ကျုပ်နဲ့တော့ အင်းသူကြီးတွေ အင်းတွေအကြောင်း ပြောတာပေါ့ဗျာ။

"မင်း စဉ်းစားသာကြည့်တော့ မောင်တာတေရေ၊ ဒီအင်းသူကြီးတွေဟာ တော်တော်လောဘကြီးတာကွ၊ ဒီရွာသားတွေက တစ်ခါဟလေ ဟင်းစားလေး ဘာလေး ပြတ်လပ်လို့ အင်းကြီးထဲမှာ ငါးသွားဖမ်းကြတာကို သရဲမွေးထားပြီး ခြောက်လန့်လွှတ်ကြတာကွဲ၊

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကိုယ့်အတတ်ကိုယ်စူးပြီး သေကုန်ကြပြီလေ"

သူကြီးက စကားရပ်လိုက်တဲ့အချိန်ကျမှ ကျုပ်က သတိရတော့တာဗျို့။ ကျုပ်မှာလည်း ကျုပ်ချစ်သူ ဆွေယဉ် ဆုံးသွားကတည်းက စိတ်ကယောင်ချောက်ချား ဖြစ်ချင်နေတာဗျို့။ အခုလည်း မေ့နေတာ သတိရလို့ တော်သေးသပေါ့ဗျာ။

"ဪ သူကြီး ကျုပ်တစ်ခုပြောဖို့ လိုသေးတယ်ဗျ"

"ဟော ဘာတုံးကွဲ့ မောင်တာတေရဲ့၊ လိုတာပြောပါ"

"ကျုပ်ကို နတ်ဝင်သည်တစ်ယောက်ပါ ခေါ်ပေးပါ"

"ဟော နတ်ဝင်သည် ဟုတ်လား၊ ရှိပါ့ဗျာ၊ မပူပါနဲ့ အဆင်သင့်ကိုရှိတာ၊ ဟော့ စောပွင့်၊ နင် သွားပြီး အင်းအချခံလုပ်တဲ့ မြဝင်းရဲ့မိန်းမ နော်ရေအေးကို ခေါ်ခဲ့၊ ငါ ခေါ်တာလို့ပြော"

"ဟုတ်ကဲ့ သူကြီး"

စောပွင့် ဆိုတဲ့သူလည်း နတ်ဝင်သယ် နော်ရေအေးကို ခေါ်ဖို့ ထွက်သွားလေရဲ့။

ည ၉ နာရီလောက်ရောက်တော့ လိုတာတွေ စုံပြီပေါ့ဗျာ။ ကျုပ်က ငှက်ပျောဖက်ကြီး နှစ်ရွက်ကို ဆက်လိုက်ပြီး ထမင်းထုတ်တယ်။ ကြက်သားဟင်းကို ထမင်းပေါ်မှာ လောင်းချတာပေါ့ဗျာ။ ထမင်းထုပ်တောင်းကို စောပွင့်က ထမ်းလို့ဗျ။

သူကြီးပါ လိုက်တာဗျ။ အားလုံး ခုနစ်ယောက် ရှစ်ယောက်တော့ ရှိမယ်ဗျ။ ကျုပ်နဲ့ ကိုပန်းဦးပါဆိုရင် ဆယ်ယောက်ပေါ့ဗျာ။ စစ်ပင်အင်းရွာရဲ့ သချိုင်းကုန်းကို ထွက်လာခဲ့ကြတယ်။ ကြီးကြီး တစ်လုံးကိုရှာပြီး ကျုပ်က ထမ်းထုတ်ဖို့ ပြင်လိုက်တယ်။ နတ်ဝင်သယ်

www.burmeseclassic.com



နော်ရေအေးကို ဂူရှေ့မှာ ထိုင်ခိုင်းပြီး အသင့်ပြင်ခိုင်းထားတယ်။

"သချိုင်းများစွာကို ပိုင်စိုးပါတဲ့ သချိုင်းရှင်မကြီးဗျာ၊ အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်း၊ မြောက်မှူဝံ အတွင်း သခင်မ ရှိရာအရပ်က အမြန်ကြွခဲ့ပါ။ ထနောင်းကုန်းက တာတေပါ သချိုင်းရှင်မ၊ စစ်ပင်အင်းမှာ ခဏရောက်နေတာပါဗျာ၊ အခုချက်ချင်း ကြွခဲ့ပါခင်ဗျာ"

ကျုပ်က ဒီကိုမလာခင် မျက်ကွင်းဆေးကို ကွင်းလာခဲ့တာ ဗျ။

ဟော ကြွလာပြီဗျို့။ ဂူတွေပေါ်က ဖြတ်ပြေးလာတဲ့ မဖဲဝါကို ကျုပ် တွေ့နေရတယ်။ အရပ်ဆယ်ပေလောက်ရှိတဲ့ သချိုင်းရှင် မဖဲဝါ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟာ သူ့ခွေးကြီးလည်း ပါလာတာပဲဗျ။ ဂူတွေကြားမှာ ပါလာတဲ့ကောင်ကြီးဗျ။ မျက်လုံးနီနီကြီးတွေနဲ့ ပါးစပ်ကြီးဖြဲပြီး ပြေးလာတာဗျ။ နွားမတန်းတစ်ကောင်လောက်ရှိတဲ့ ခွေးနက်ကြီးဗျ။

ပူးပြီ၊ ပူးပြီ၊ နော်ရေအေးကိုယ်ထဲကို ဝင်သွားတာဗျို့။ ဟော နော်ရေအေးတစ်ကိုယ်လုံးတုန်ပြီး လက်ကြီးတွေ ကွေးကွေးကောက် ကောက်လုပ်ပြီး ထလာပြီဗျ။ ဟော ဂူပေါ်ကို ခုန်တက်သွားပြီ။ ဟာ စားပြီဗျို့၊ ကျုပ် စောင့်နေတာ ဒီအချိန်ပေါ့ဗျာ။

"သချိုင်းရှင်မကြီးဗျာ စစ်ပင်အင်းက အင်းသူကြီးမွေးထား တဲ့ သရဲကြီးဟာ အရိုင်းစိတ်ဝင်သွားပြီး လူတွေ သတ်နေပါတယ်၊ စစ်ပင်အင်းရွာထဲမှာလည်း ဝင်ပြီးသောင်းကျန်းနေလို့ လူတွေ



www.burmeseclassic.com

www.burmeseclassic.com


မအိပ်ရဲ၊ မနေရဲတွေ ဖြစ်နေပါပြီ၊ မဖဲဝါ အဲဒီသရဲကို. . ."

ကျုပ်တောင် စကားမဆုံးသေးပါဘူးဗျာ-

"ဟဲ့ အဲဒါ သရဲမဟုတ်ဘူး၊ သဘက်ကြီး၊ သဘက်ကြီး၊ သရဲကြီးတော့ သဘက်ဖြစ်တယ်ဟဲ့၊ ဒီအကောင်ကို ငါ လုပ်လို့မရဘူး၊ ငါ့နယ်ကအကောင် မဟုတ်ဘူး၊ ငါ့အစ်ကို ကွင်းပိုင်ကြီးလုပ်မှ ရမှာ"

"ဟာ ဒါဖြင့်ရင် မဖဲဝါ ကူညီပါဗျာ"

"အေး ငါ့အစ်ကို ကွင်းပိုင်ကြီးကို ငါ ပင့်ပေးမယ်၊ ငါပြောပေးမယ်၊ ကိစ္စပြီးတာနဲ့ ငါ့အစ်ကိုကိုလည်း နင် ကျွေးမွေးတင်မြှောက်ရမယ် ကြားလား တာတေ"

"ဟုတ်၊ ဟုတ်ကဲ့ပါ သချိုင်းရှင်မကြီးဗျာ၊ ကဲ တစ်ယောက်နှစ်ယောက် ပြန်ပြီး ကြက်နှစ်ကောင် ကြော်ဗျာ၊ အရက်လည်း နှစ်လုံး သုံးလုံး ယူခဲ့ဗျို့၊ ကွင်းပိုင်ကြီးကို မြှောက်ဖို့လေ"

"အေး စောပွင့်၊ ကျော်အောင်ကိုခေါ်ပြီး သွားကွာ၊ နှစ်နေရာ ခွဲပြီး ကြက်ကို မြန်မြန်ကြော်ခဲ့၊ အရက်တော့ ရှိတယ်မို့လား"

"ရှိပါတယ် သူကြီး၊ ကျုပ်တို့ အခုချက်ချင်း သွားလုပ်ခဲ့မယ်"

မဖဲဝါ စားသောက်ပြီးတော့ ဂူပေါ်မှာ မတ်တတ်ရပ်ပြီး ခေါင်းကို အပေါ်မော့ထားတယ်ဗျ။ မြင်နေရတာကတော့ နော်ရေ အေးကြီးပေါ့ဗျာ။

"အီး၊ ဝူး၊ အီး"

မဖဲဝါက အသံစူးစူးဝါးဝါးနဲ့ အော်တယ်ဗျ။ ဟာ လာပြီဗျို့၊ ကွင်းပိုင်ကြီး လာပြီ၊ အောင်မလေး ကျုပ်ဖြင့် ကွင်းပိုင်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါပဲ မြင်ဖူးတာဗျို့။ ဘုရား ဘုရား။ ကျုပ်ဖြင့် ကြာကြာမကြည့်ရဲလို့ မျက်နှာကို လွှဲပစ်လိုက်ရတာဗျ။

အရပ်ကြီးက ပေနှစ်ဆယ်လောက် ရှိမှာဗျ။ မဖဲ့ဝါနဲ့ နှိုင်းကြည့်ရင် မဖဲ့ဝါက မပြောလောက်တော့ဘူးပေါ့ဗျာ။ ပုဆိုးကွက်တုံးကြီးဝတ်လို့ဗျ။ ဆံပင်ဖားလျားကြီးချလို့။ မျက်နှာကိုပါ ဖုံးနေတာဗျို့။ ဆံပင်အောက်မှာ တစ်ချက် တစ်ချက် မြင်လိုက်ရတဲ့ မျက်လုံးကြီးတွေက ဟင်းပန်းကန်ကြီးလောက်ကို ရှိတာဗျို့။ နီရဲနေတာဗျ။ မျက်လုံးနီကြီးနဲ့ လူတွေကို လိုက်ကြည့်တယ်။ စစ်ပင်အင်းကလူတွေရော၊ ကိုပန်းဦးရော ကွင်းပိုင်ကြီးကို မမြင်ကြလို့ပေါ့ဗျာ။ မြင်များမြင်ရရင် နေရာမှာတင် အသက်ထွက်သွားနိုင်တယ်ဗျ။

ဟော မဖဲ့ဝါက နော်ရေအေးကိုယ်ထဲက ထွက်သွားပြီဗျို့။ နော်ရေအေး ဂူကြီးပေါ်မှာ ခွေကနဲ လဲကျသွားတယ်။ ကိုပန်းဦးကို ကျုပ် လက်ပြလိုက်တော့ ကိုပန်းဦးနဲ့ ရွာသားတစ်ယောက် ပြေးသွားပြီး နော်ရေအေးကို လှုပ်နှိုးနေကြတယ်။ ဟော နော်ရေအေး သတိရပြီ။ ကျုပ်ကတော့ ကွင်းပိုင်ကြီးနဲ့ သူ့နှမ မဖဲ့ဝါကို မျက်ခြည်မပြတ် ကြည့်နေရတာပေါ့ဗျာ။ မဖဲ့ဝါက သူ့အစ်ကိုကို ပြောပြနေတဲ့ ပုံပဲဗျ။ သူ့အစ်ကိုက ခေါင်းကြီးညိတ်ပြီး အင်းဘက်ကို လှည့်ကြည့်တယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟော မဖဲ့ဝါကြီး ပြန်သွားပြီဗျို့။ သူ့မွေးကြီးလည်း လိုက်သွားပြီ။ ကွင်းပိုင်ကြီးက အင်းဘက်ကို ခြေလှမ်းကြဲကြီးနဲ့ လျှောက်ပြီး သွားနေပြီ။ ကျုပ်က အားလုံးကို စကားမပြောကြဖို့ သတိပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းက လိုက်ခဲ့တယ်။ ဟိုလူတွေကတော့ ဘာမှလည်း မမြင်ရတော့ ဘုံမသိ ဘမသိ လိုက်လာကြရတော့တာပေါ့ဗျာ။ ကျုပ်နောက်မှာတော့ စစ်ပင်အင်းရွာသူကြီး ကပ်ပါလာတယ်ဗျ။ ပြီးတော့ ကိုပန်းဦး။

"သူကြီး ကွင်းပိုင်မြောက်မယ့်ပစ္စည်းတွေကို စစ်ပင်အင်းကို ယူခဲ့ဖို့ တစ်ယောက်လွှတ်ပြီး ပြောဗျာ၊ မြန်မြန်လည်း လုပ်ခိုင်းဗျ"

"အေးအေး ပော့ ငပြူး မင်းလိုက်သွား၊ မြန်မြန်လုပ်ပြီး အင်းထဲကို ယူခဲ့လို့ပြောလိုက်၊ မင်းလည်း လိုတာကူလုပ်ပေးလိုက် ကြားလား"

"ဟုတ်ကဲ့ သူကြီး"

ငပြူးဆိုတဲ့လူ လိုက်သွားပြန်ပြီ။ ကွင်းပိုင်ကြီးရဲ့ အရပ်ကြီးက အိမ်တွေကျော်ထွက်နေရုံတင်မကဘူးဗျ၊ သစ်ပင်တွေကိုပါ ကျော်ထွက်နေတာ။

ရောက်ပြီဗျို့။ စစ်ပင်အင်းကို ရောက်ပြီ။

"အိး အိး အိး၊ ဝူး ဝူး"

ဟာ ကွင်းပိုင်ကြီးက သူ့ရဲ့ညာဘက်လက်ကြီး ရှေ့ဘက်ကို ဆန့်ထုတ်ပြီး အော်နေတာဗျို့။

ဟာ ဟိုမှာ ဟိုမှာ အင်းသရဲကြီး စစ်ပင်ကြီးပေါ်မှာ ထိုင်နေတာဗျို့။ ကွင်းပိုင်ကြီး ခေါ်လိုက်တော့မှ စစ်ပင်ပေါ်ကနေ အင်းထဲကို ခုန်ချတာဗျို့။

"ဝုန်း"

ဒီအသံကိုတော့ ကျုပ်တင်မကဘူး၊ အားလုံး ကြားကြရတာ။

www.burmeseclassic.com



လန့်သွားကြတာပေါ့ဗျာ။ ဦးလေး ဦးမိုးသီးနဲ့ ဦးဘတူတို့ဆိုရင် မသိမသာ နောက်ကို ဆုတ်သွားကြတာဗျ။

ဟော အင်းသရဲကြီး ပြေးပြီဗျို့။ ရေပေါ်မှာကို ပြေးနိုင်တာပဲဗျာ။ အင်းရေပြင်ကြီးပေါ်မှာ ပြေးတာဗျ။ ဟာ လိုက်ပြီဗျို့။ ပုဆိုးကွက်တုံးကြီးနဲ့ ကွင်းပိုင်းကြီး ရေပေါ်မှာ ပြေးပြီ၊ လိုက်ပြီ။ ဟာ အင်းသရဲကြီး ပြေးတဲ့နှုန်းနဲ့ ကွင်းပိုင်ကြီး ပြေးတဲ့နှုန်းက တော်တော်ကိုကွာတာဗျ။ ချက်ချင်းကို မီသွားတာ။

"ဖြောင်း၊ ဝုန်း၊ ဘုန်း"

ရိုက်ပြီဗျာ။ ဆက်တိုက်ကို ရိုက်တာဗျို့။

"အီး၊ အီး၊ အီး"

BURMESE CLASSIC

အင်းသရဲကြီး မချိမဆန့်အော်တဲ့အသံဗျ။ ဟော ဆွဲခေါ်လာပြီဗျို့။ ကွင်းပိုင်ကြီးက အင်းသရဲကြီးကို ဆံပင်ကနေ ဆွဲခေါ်လာတာ။ အင်းကောပြီး ကျွန်းပေါ်နေတဲ့နေရာကို ရောက်တော့ အင်းသရဲကြီးက ကွင်းပိုင်ကြီးရှေ့မှာ ဒူးကြီးထောက်ပြီး ထိုင်နေတယ်ဗျ။ ခေါင်းကြီးလည်း ငုံ့ထားတယ်။

ကွင်းပိုင်ကြီးက အင်းသရဲကြီးကို ဘာတွေပြောနေတယ်ဆိုတာတော့ မသိဘူးပေါ့ဗျာ။ လကွေးကွေးကလေးက မှုန်မှုန်လေးသာနေလို့သာ ကျုပ် တွေ့နေရတာ။

ဟော အင်းသရဲကြီး ထပြီဗျို့.ထပြီ။ ကွင်းပိုင်ကြီး အနောက်ဘက်ကို လက်ညှိုးကြီး ထိုးပြနေတယ်။ အင်းသရဲက ကွင်းပိုင်ကြီး လက်ညှိုးထိုးပြတဲ့ဘက်ကို လှည့်ကြည့်တယ်။ ဟာ ပျောက်သွားပြီဗျို့။ တစ်ရွာလုံး တုန်လှုပ်ချောက်ချားအောင်လုပ်တဲ့ အင်းသရဲကြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ သွားပြီဗျို့။

ကွင်းပိုင်ကြီးက ကျုပ်တို့ဘက်ကို တစ်ချက်လှည့်ကြည့်တယ်ဗျ။ ဟာ အဲဒါမှ ဒုက္ခပဲဗျို့။ သူ့ကို တင်ဖို့ခြောက်ဖို့တွေက အခုထိ ရောက်မလာသေးဘူး။ ကျုပ် လန့်သွားတယ်။ ကွင်းပိုင်ကြီးက ကျုပ်ကို ကြည့်နေတာဗျို့။ ကျုပ်သိတယ်။ ဒီတုန်းမှာပဲ-

"ဟော စောပွင့်တို့ လာပြီ"

သူကြီး အော်လိုက်တဲ့အသံကို ကြားလိုက်တော့မှ ကျုပ်ရင်ထဲက အလုံးကြီး ကျသွားတော့တာဗျို့။

"လာဗျို့ စောပွင့် လာ လာ၊ ဟိုအင်းသူကြီး ဦးလုအေးရဲ့ အင်းတဲကြီးထဲက ခုံတစ်လုံး တက်ယူဗျာ"

"ဟုတ်ပြီ၊ ဟုတ်ပြီ ကျုပ် သွားယူမယ်"

ပြောဆိုတဲ့လူ ပြေးပြီး အင်းတဲကြီးပေါ်ကို တက်သွားတယ်။ ပြီးတော့ စားပွဲခုံတစ်လုံး ယူလာတယ်ဗျ။ ကျုပ်လည်း စားပွဲသောက်ပွဲကို ချက်ချင်းပြင်လိုက်တယ်။ ကြက်ကောင်လုံးကြော် နှစ်ကောင်ကို ငှက်ပျောဖက်ခင်းပြီး ပြင်တယ်။

ချက်အရက်က သုံးပုလင်းဗျာ။ အားလုံးကို အဖုံးဖွင့်ထားလိုက်တယ်။ ပြီးတော့ အားလုံးကို ဝေးဝေးဆုတ်နေဖို့ပြောပြီး-

"သင်္ချိုင်းရှင်မကြီး မဖဲဝါရဲ့အစ်ကို ကွင်းပိုင်သခင်ကြီးဗျာ သောက်ဖို့စားဖို့ ကြွခဲ့ပါခင်ဗျာ"

ကျုပ်က ကွင်းပိုင်ကြီးကို ပင့်လိုက်တယ်။ ဟာ ချက်ချင်းကို ရောက်လာတာဗျို့။ စားပြီဗျာ။ ကြက်တစ်ကောင်ကို အာရုံပါးရကို စားတော့တာဗျို့။ ဟော ပုလင်းတစ်လုံးဆွဲပြီး သောက်ပြီဗျို့။ ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကြက်ကောင်ကြီးကို ဝါးလိုက်၊ အရက်မော့လိုက်နဲ့ ကြက်နှစ်ကောင်နဲ့ အရက်သုံးပုလင်းကုန်တော့မှ ကွင်းပိုင်ကြီးကို ကျုပ်ကို တစ်ချက် စိုက်ကြည့်တယ်။ ပြီးတော့ နောက်ကို ချာခနဲလှည့်လိုက်တယ်။ ဟာ ပျောက်သွားပြီဗျို့။

"ကဲ သူကြီး စစ်ပင်အင်းရွာကြီး အန္တရာယ် ကင်းသွားပြီ ဗျို့၊ အင်းသရဲကြီးကို ကွင်းပိုင်ကြီး မောင်းထုတ်လိုက်ပြီဗျ၊ သွားပြီ၊ ကျုပ်မျက်စိနဲ့ကို တပ်အပ်မြင်ရတာ"

"ဟာ၊ မောင်တာတေ မင်းက အဲဒါတွေကို မြင်နိုင်တဲ့ အစွမ်းရှိတယ် ဟုတ်လား ကွဲ့"

သူကြီးက တအံ့တသြနဲ့ မေးတယ်။ ကျုပ်လည်း သူတို့ကို အသေးစိတ် ပြောမပြချင်တော့တာနဲ့-

"ဟုတ်တယ် သူကြီး၊ ကျုပ် မြင်ရတယ်"

လို့ပဲ ပြောလိုက်တယ်။ ဒီတော့ သူနဲ့ ပါလာတဲ့ စစ်ပင်အင်း ရွာသားတွေက ဝမ်းသာအားရနဲ့ ကျုပ်ကို ကြည့်ကြတာပေါ့ဗျာ။

ကျုပ်တို့ရွာထဲကို ပြန်ရောက်တော့ သန်းခေါင်ကျော်နေပြီ။ ရွာထဲမှာ ဒီသတင်းက ညတွင်းချင်း ပျံ့သွားတော့မယ်ဆိုတာ ကျုပ် အတတ်သိပြီးသားပါဗျာ။

တာတေ

□□□

www.burmeseclassic.com


အပုနဲ့ အအေး၊ အပြုံးနဲ့ အမည်း၊ အလင်းနဲ့ အမှောင်
ဆန့်ကျင်ဘက်တွေနဲ့ ...ဖွဲ့စည်းထားသော ... ဒီလောကကြီးမှာ ...
အထူးအဆန်းတွေ၊ ထိတ်လန့်စရာတွေ၊ ကြောက်မက်ဖွယ်ရာတွေ၊
အံ့ဩစရာတွေနဲ့ ... အမြဲရင်ဆိုင်နေရတဲ့ ... တာတေ

# ကဝေပျံ
# ဝဂဝေဂ

အရှေ့ဘက်ကောင်းကင် စာပေ

အမှတ်(၂၈၄)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉ ၇၃၁၇၁၃ ၈၁၊ ၀၉၄၄၂၀၅၆၁၃၄